# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


### သံသရာမှလွတ်မြောက်သူ

လောက၌ မိမိ၌ဖြစ်သော မိစ္ဆာဝိတက်ကို ရှက်ကြောက်ခြင်းဖြင့် ပိတ်ပင်တားမြစ်နိုင်စွမ်းသော ပုဂ္ဂိုလ်သည် တစ်ယောက် တလေမျှသာရှိ၏။ အလွန်တရာရှားပါးကုန်၏။ ထိုသူတို့သည် လုံ့လရှိ၏။ ထိတ်လန့်မှုရှိ၏။ သဒ္ဓါ၊ သီလ၊ သမာဓိ၊ ပညာတို့နှင့်ပြည့်စုံသော မှန်သောအကျင့်နှင့်တကွ ထင်သော သတိရှိသည်ဖြစ်၍ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ကြကုန်၏။

ဒဏ္ဍာဝဂ်(ဓမ္မပဒ-၁၄၄)


၁၃၇၈ ခုနှစ် တော်သလင်းလဆန်း ၇ ရက်၊ ကြာသပတေးနေ့။ Thursday , 8 September 2016 (၈၆၇၈)





(၂၉)ကြိမ်မြောက် အာဆီယံသီးသန့်အစည်းအဝေးသို့ တက်ရောက်လာသည့် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (ပြန်/ဆက်)

# (၂၉)ကြိမ်မြောက် အာဆီယံသီးသန့်အစည်းအဝေး၊ အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများ ထိပ်သီးအစည်းအဝေးများသို့

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်

ဗီယင်ကျန်း စက်တင်ဘာ ၇

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် ဗီယင်ကျန်းမြို့ အမျိုးသားကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည့် (၂၉)ကြိမ်မြောက် အာဆီယံသီးသန့်အစည်းအဝေး၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ ထိပ်သီးအစည်းအဝေးများနှင့် မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည်။**

စာမျက်နှာ ၉ ကော်လံ ၁ သို့☆

## ရိုးရှင်းသော ဝါကျတစ်ကြောင်းကို မဖတ်နိုင်၊ မရေးနိုင်သော အရွယ်ရောက်သူဦးရေ ယနေ့ထိ ၇၅၈ သန်းထိရှိနေ တစ်ယောက်မကျန် အားလုံးစာတတ်မြောက်သည်အထိ အောင်မြင်စေရေးသည် မရှိမဖြစ်အရေးကြီးသောကိစ္စဖြစ်

နှစ်(၅၀)မြောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားတွင် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO)၏ ညွှန်ကြားရေးမှူးချုပ် Ms.Irina Bokova ထံမှပေးပို့သောသဝဏ်လွှာ ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ ၈ ရက်

နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို အမျိုးသား၊ အမျိုးသမီးများနှင့် လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတွက် စွမ်းအားတစ်ခုအဖြစ် နှစ်ပေါင်း(၅၀)တိုင် ကျင်းပပြီးဖြစ်ပါသည်။

၁၉၆၆ ခုနှစ်တွင် UNESCO က နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို စတင်ကြေညာပြီးကတည်းက တိုးတက်မှုများစွာကို တွေ့ရှိရပါသည်။ ကမ္ဘာ့လူဦးရေသည် များစွာသိသိသာသာ တိုးပွားလျက်ရှိပါသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့❖**



# ကြေးမုံ

## သမိုင်းတရားခံ မဖြစ်ကြစေရေး

ယခုရက်ပိုင်းတွင် လွှတ်တော်တွင်း ဆွေးနွေးပွဲများ၊ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ဆွေးနွေးပွဲများ စသည်တို့ကို အကြောင်းပြု၍ သမိုင်းတရားခံ မဖြစ်ရေးဆိုသည့် သတိပေးစကားကို တွေ့မြင်ကြားသိရပါသည်။

ပြည်သူလူထုနှင့် သက်ဆိုင်သည့် အချို့သောလုပ်ငန်းများ၊ နိုင်ငံ့အရေးနှင့် သက်ဆိုင်သည့် အချို့သောလုပ်ငန်းများ ဆောင်ရွက်ရာတွင် ၎င်းတို့ကန့်ကွက်နေသည့် လုပ်ဆောင်မှုများကို မလုပ်ကြဖို့၊ ၎င်းတို့ အဆိုပြုထားသလို မဆောင်ရွက်ဘဲ သို့မဟုတ် ၎င်းတို့နှင့် ဆန့်ကျင်သည့်သဘောအနေဖြင့်လုပ်ကြမည်ဆိုလျှင် သမိုင်းတရားခံဖြစ်သွားနိုင်ကြောင်း၊ သမိုင်းတရားခံမဖြစ်ကြအောင် ရှောင်ကြဉ်ကြဖို့ လိုအပ်ကြောင်း အစရှိသည့် သတိပေးစကားများ ဖြစ်ပါသည်။

အလွန်အလေးအနက်ထားဖွယ်ကောင်းသည့် သတိပေးစကားများ ဖြစ်ပါသည်။ သမိုင်းတရားခံဟူသော အသုံးအနှုန်းတွင် သမိုင်းမှာ နာမည်ပျက်နှင့် မော်ကွန်းထိုးခံရလိမ့်မည်ဟူသည့် ဆိုလိုချက် ပါဝင်ပါသည်။

နိုင်ငံ့အရေး၊ ပြည်သူလူထုအရေးနှင့် ဆက်စပ်လုပ်ကိုင် အကောင်အထည်ဖော်ကြရသူများ၊ သဘောထားချမှတ်ရေးဆွဲရသူများအဖို့ အလွန်သတိထားဖို့ လိုအပ်သော သတိပေးစကားများ ဖြစ်ပါသည်။ တစ်ခုတော့ရှိသည်၊ ပြည်သူ့အရေး၊ နိုင်ငံ့အရေးကို စဉ်းစား စီမံ ဆောင်ရွက်ကြရာတွင် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်စု တစ်ဖွဲ့၏ အကျိုးစီးပွားကို ရှေးရှုသည်လား၊ ပြည်သူလူထုအများစု၏ အကျိုးစီးပွားကို ရှေးရှုသည်လား ဆိုသည့်အပေါ်တွင် မည်သူတွေ သမိုင်းတရားခံဖြစ်မည်လဲ ဆိုသည့် အဖြေရှိနေခြင်းဖြစ်ပါသည်။ နိုင်ငံရေး စိတ်စေတနာပေါ်မှာ ထိပ်ဆုံးက မူတည်နေပါသည်။ ဒုတိယအနေဖြင့် ပြည်သူလူထု၏သဘောထား ထောက်ခံအားပေးမှု စသည့် ပြည်သူ့ဆန္ဒနှင့် ကိုက်ညီအောင် မည်မျှ ဆောင်ရွက်နိုင်သည်လဲ ဟူသည့်အပေါ်မှာလည်း များစွာမူတည်နေမည် ဖြစ်ပါသည်။

ထို့ကြောင့် တိုင်းပြည်ရေးရာများကို ဆုံးဖြတ်အကောင်အထည်ဖော်ကြမည့်သူများသည် ပြည်သူလူထု၏ ထောက်ခံမှုဖြင့် ပြည်သူလူထုက ဆန္ဒမဲပေးရွေးချယ်ကာ လုပ်ပိုင်ခွင့်အာဏာအပ်နှင်းလိုက်သည့် လွှတ်တော်များ၊ အစိုးရအဖွဲ့များဖြစ်ဖို့ အခြေခံအားဖြင့် အထူးလိုအပ်လှခြင်းဖြစ်ပါသည်။

သည်နေ့လိုအချိန်အခါမှာ သမိုင်းတရားခံဖြစ်မည်ဟူသော ပြောဆိုမှုများကို အခြေခံ၍ သမိုင်းကို ပြန်လည်ငဲ့စောင်းကြည့်မည်ဆိုပါက လွတ်လပ်ရေးရပြီးနောက် မြန်မာ့သမိုင်းတစ်လျှောက် ပြည်သူ့ကိုယ်စားလှယ်အစစ် မဟုတ်သူများက တိုင်းပြည်ရေးရာကိစ္စများကို ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်ခဲ့ကြသည့် ဖြစ်စဉ်အများအပြားကြောင့် နိုင်ငံနှင့် ပြည်သူလူထုတို့ အနစ်နာကြီးနစ်နာခဲ့ရသည်များက ဒုနဲ့ဒေး ဖြစ်ပါသည်။

ပြည်သူလူထု လက်ဝယ်ကိုင်ကာ သုံးစွဲနေသည့် ငွေစက္ကူများကို တရားမဝင်ကြေညာသည်မှစ၍ကျောင်းသားလူငယ်တို့၏ ပြဿနာများကို အကြမ်းဖက် ဖြေရှင်းသည်များ၊ တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ ပြဿနာများကို နိုင်ငံရေး ပြဿနာများအဖြစ် သဘောမထားဘဲ စစ်ရေးနည်းဖြင့်သာဖြေရှင်းခဲ့ကြသည်များ၊ ပြည်သူ့ဘဏ္ဍာကိုယ့်ဟာအမှတ်ဖြင့် ကိုယ်ကျိုးရှာချင်တိုင်းရှာကာ စီမံကိန်းများ ဇွတ်ဖော်ထုတ်ခဲ့ခြင်းများ၊ ယဉ်ကျေးမှု အမွေအနှစ်များကို စည်းစနစ်တကျမဟုတ်ဘဲ ပြင်ဆင်တည်ဆောက်ခဲ့ခြင်းများစသည့်စသည့် နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု အစစသော လုပ်ဆောင်မှုများတွင် ပြည်သူ့သဘောထားမပါ၊ ပြည်သူ့ထောက်ခံမှုမပါဘဲ အကောင်အထည်ဖော်ခဲ့ကြသည့်အတွက် သမိုင်းမှာ မည်သို့ မော်ကွန်းထိုးခံနေရသည်ဆိုတာကို သတိကြီးကြီးထားကာ သင်ခန်းစာယူကြရမည် ဖြစ်ပါသည်။

သမိုင်းတရားခံဟူသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်စုတစ်ဖွဲ့က စွပ်စွဲပြစ်တင် နာမည်ပေးခြင်းမျိုးမဟုတ်ဘဲ ပြည်သူလူထုက ကင်ပွန်းတပ်ခြင်းဖြစ်သည့်အတွက် သားစဉ်မြေးဆက် ထိခိုက်ရတာဖြစ်ပါသည်။

ပြည်သူ့သဘောကို အလေးဂရုပြုရကောင်းမှန်းမသိသူများ၊ ပြည်သူလူထု၏ ထောက်ခံမှုမရှိဘဲ၊ ပြည်သူလူထု၏ ထောက်ခံမှုမရဘဲ၊ ပြည်သူလူထုကို ကိုယ်စားမပြုဘဲ၊ ပြည်သူ့အကျိုးစီးပွားကိုမကြည့်ဘဲ မိမိတို့အကျိုးစီးပွားကွက်ကွက်ကိုသာကြည့်ပြီး မျက်တောင်မွေး တစ်ဆုံးအမြင်ဖြင့် နိုင်ငံ့အရေး၊ ပြည်သူ့အရေးတို့ကို စဉ်းစားဆောင်ရွက်မည်ဆိုလျှင် သမိုင်းနှင့်ချီ၍ တရားခံဖြစ်သွားနိုင်သည်ကို သတိမူနိုင်ကြပါစေသတည်း။ ။

## ၂၀၁၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာအုပ်ပြပွဲနှင့် ကာတွန်းပြိုင်ပွဲကျင်းပ



**မင်းဘူး စက်တင်ဘာ ၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၌ ၂၀၁၆ ခုနှစ် နှစ်(၅၀)ပြည့် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာအုပ်ပြပွဲ၊ ကာတွန်းပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ မင်းဘူး(စကု)မြို့နယ်ပညာရေးဌာန ဒု-မြို့နယ်ပညာရေးမှူး ဦးမောင်မောင်သိန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြန်/ဆက် ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးသန်းဌေးက စာအုပ်ပြပွဲနှင့် ကာတွန်းရေးဆွဲခြင်း ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ကာတွန်းဆရာအောင်ချမ်းမြေ့(မင်းဘူး) (ခ)အဲမွန်ဖေက ကာတွန်းရေးဆွဲမှုအပေါ် ခြုံငုံသုံးသပ်တင်ပြ၍ မင်းဘူး(စကု)မြို့နယ် စာရေးဆရာအသင်း အတွင်းရေးမှူး ဦးမြလွင်က စာဖတ်ရခြင်းအကျိုးကျေးဇူးကို ဟောပြောပေးခဲ့သည်။

ဆက်လက်ပြီး တာဝန်ရှိသူများက ဆုရရှိသူ ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့် ပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားကို Save the Children အဖွဲ့၏ ကူညီပံ့ပိုးမှုဖြင့် မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကြီးမှူး၍ ကျင်းပခဲ့ခြင်းဖြစ်ပြီး ကာတွန်းပြိုင်ပွဲမကျင်းပမီ ၁၀ ပတ်မှ စတင်၍ အခြေခံကာတွန်းရေးဆွဲနည်းသင်တန်းကို ခရိုင်ပြန်/ဆက်ရုံး၌ ကာတွန်းအောင်ချမ်းမြေ့(မင်းဘူး)က သင်ကြားပို့ချပေးခဲ့ကြောင်း၊ စာဖတ်ခြင်း အလေ့အထကောင်းများရရှိအောင် ပုံပြောပြိုင်ပွဲများကိုလည်း ကျင်းပခဲ့ကြောင်း ခရိုင်ဦးစီးအရာရှိ ဦးသန်းဌေးထံမှ သိရသည်။

**ဖိုးပြည့်(မင်းဘူး)**

## ကျေးရွာ ၁၃ ရွာအတွက် မြစိမ်းရောင်ရန်ပုံငွေ ကျပ်သိန်း ၃၉၀၀ ပေးအပ်ပွဲကို ပင်းတယမြို့နယ်၌ ပြုလုပ်

**ပင်းတယ စက်တင်ဘာ ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ရန်ပုံငွေပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက စည်ပင်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ မြစိမ်းရောင်ရန်ပုံငွေပေးအပ်ပွဲတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်း၊ တောင်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနေထက်ရှိန်တို့က အသီးသီး အမှာစကားပြောကြားပြီး ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးနိုင်ဝင်းအောင်က ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် စုစုပေါင်းကျေးရွာ ၁၃ ရွာအား မြစိမ်းရောင်ကျေးရွာ ဘဏ္ဍာရေးမှူးနှင့် ဆပ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရန်ပုံငွေပေးအပ်ပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြစိမ်းရောင်ကျေးရွာ ၁၃ ရွာမှ ကျေးရွာကော်မတီဝင်များ စုစုပေါင်း အင်အား ၁၂၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၇**

**ရန်ကုန်(ရွှေဈေး)** ၈၇၁၀၀၀ - ၈၇၁၀၀၀
**မန္တလေး(ရွှေဈေး)** ၈၇၁၀၀၀ - ၈၇၁၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၃၀/၅၅၀ ကျပ်၊ | ၅၆၀/၅၈၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၁၀/၆၂၀ ကျပ်၊ | ၆၈၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၃၀/၅၄၀ ကျပ်၊ | ၅၈၀/၆၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၆၀/၅၈၀ ကျပ်၊ | ၆၁၀/၆၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၃၅ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၈၇ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၁၄. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၆၅. ၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၁. ၈၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၅. ၁၂၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၉. ၀၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၃၁၆ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၁၉၄. ၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၀. ၉၈ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၃၃. ၀၂ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၀၂. ၀၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးဖိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှံ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၀၃၀၊ ဖက်စ် ၀၆၇-၃၆၀၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

# ဒုတိယသမ္မတ ဦးမြင့်ဆွေ တရုတ်နိုင်ငံ ဗဟိုစစ်ကော်မရှင်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဦးမြင့်ဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Qiliang နှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ဓါတ်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်မှုတိုးမြှင့်ရေး၊ နယ်စပ်ဒေသတည်ငြိမ်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နယ်စပ်ကုန်သွယ်မှုတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံတပ်မတော်ဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်စိုးနိုင်ဦး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ နိုင်ငံတကာနည်းပညာပြပွဲ ဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်

**နေပြည်တော် စက်တင်ဘာ ၇**

နိုင်ငံတကာနည်းပညာပြပွဲ (International Technology & Industry Show) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်၊ Myanmar Promotional Services ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာဇာနည်မောင်မောင်နှင့် Farmer Choice Tractor ကုမ္ပဏီဒါရိုက်တာ ဦးနိုင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် နိုင်ငံတကာနည်းပညာပြပွဲ၌ ခင်းကျင်းပြသထားသည့် စက်မှုနည်းပညာပြခန်း၊ ဆက်သွယ်ရေးနည်းပညာပြခန်း၊ လုံခြုံရေးနည်းပညာပြခန်း၊ လျှပ်စစ်ထုတ်လုပ်ရေးနည်းပညာပြခန်း၊ ဆောက်လုပ်ရေးနည်းပညာပြခန်း၊ ရေကြောင်းသုံးနည်းပညာပြခန်း၊ လေကြောင်းသုံးနည်းပညာပြခန်း၊ လမ်းတံတားဆောက်လုပ်ရေးနည်းပညာပြခန်း၊ စိုက်ပျိုးရေးနည်းပညာပြခန်း၊ IT နှင့်ဆက်စပ်ပစ္စည်းပြခန်း၊ ဆေးဝါးထုတ်လုပ်မှုဆိုင်ရာပြခန်းနှင့် စားသောက်ကုန်ပစ္စည်းထုတ်လုပ်မှုဆိုင်ရာ နည်းပညာပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။**(ယာပုံ)**

ယခုပြပွဲတွင် စက်မှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများအပါအဝင် ပြည်တွင်းကုမ္ပဏီစုစုပေါင်း ၂၄ ခုမှ ထုတ်ကုန်ပစ္စည်းများကို ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်သည်။

အဆိုပါ နိုင်ငံတကာနည်းပညာပြပွဲကို မြန်မာနိုင်ငံ၏ အနာဂတ်နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်ဖြင့် စက်မှုဝန်ကြီးဌာနနှင့် Myanmar Promotional Services ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းပြုလုပ်ခြင်းဖြစ်ပြီး စက်တင်ဘာ ၇ ရက်မှ ၁၀ ရက်အထိ ၄ ရက်ကြာ နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ပြသသွားမည်ဖြစ်သည်။ ပြခန်းများကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသရောင်းချပေးမည်ဖြစ်ကြောင်း၊ ကုန်ပစ္စည်းများနှင့် ပတ်သက်သည့် သိကောင်းစရာများကို စက်တင်ဘာ ၉ ရက်တွင် Seminar ပြုလုပ်၍ မိတ်ဆက်ရှင်းလင်းပေးသွားမည်ဖြစ်ရာ မည်သူမဆို လာရောက်လေ့လာနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**



**ရှေ့ဖုံးမှ** ❖

သို့သော် စာတတ်မြောက်မှုအရည်အသွေးမရှိဘဲ အရွယ်ရောက်လာသည့် လူငယ်အရေအတွက်မှာ ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်များအတွင်း ၂၅ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပါသည်။ အမျိုးသမီးများ၏ စာတတ်မြောက်မှုအခွင့်အရေးများကို မြှင့်တင်ပေးသည့်လှုပ်ရှားမှုများရှိခဲ့ပါသည်။ နိုင်ငံ ၄၃ နိုင်ငံတွင် ကျား/မ တန်းတူရည်တူခံစားခွင့်သည် သိသာစွာတိုးတက်မှုများရှိကြောင်း တွေ့ရပါသည်။ လှုပ်ရှားမှုအားလုံးအတွက် တစ်ကမ္ဘာလုံးပညာရေးသည် ပို၍အပြုသဘောဆောင်သောပြောင်းလဲမှုသို့ ဦးတည်နေပါသည်။

သို့ရာတွင် ထိုမျှဖြင့်မလုံလောက်သေးပါ။ ရိုးရှင်းသော ဝါကျတစ်ကြောင်းကိုပင် မဖတ်နိုင်၊ မရေးနိုင်သောအရွယ်ရောက်သူဦးရေမှာ ယနေ့ထိ ၇၅၈ သန်းထိ ရှိနေပါသေးသည်။ ၎င်းတို့အနက် သုံးပုံနှစ်ပုံမှာ အမျိုးသမီးများဖြစ်သည်။ သူတို့သည် ဤကမ္ဘာ့ရွာ (global village)၏ ဘေးတွင်ရှိသော်လည်း globalization ၏ အကျိုးကျေးဇူးများကိုမရရှိဘဲ ဆိုးကျိုးများကိုသာ ခံစားနေရပါသည်။ ၎င်းအမျိုးသား အမျိုးသမီးများသည် ကျန်းမာရေးချို့တဲ့ခြင်း၊ အမြတ်ထုတ်ခံရခြင်း၊ လူ့အခွင့်အရေး အလွဲသုံးစားပြုခံရခြင်းတို့ကို ပိုမိုခုခံနိုင်ခြင်းမရှိကြောင်း တွေ့ရပါသည်။ သူတို့တွင် အလုပ်လက်မဲ့ဖြစ်ခြင်းနှင့် လုပ်ခနည်းနည်းရခြင်း စသည်တို့ဖြစ်နိုင်ဖွယ်အခြေအနေ ပိုများလာပါသည်။ စာမဖတ်တတ်ခြင်း၊ စာမရေးတတ်ခြင်းတို့ကြောင့် သူတို့၏ လုပ်အားစွမ်းရည်ကို အပြည့်အဝမရနိုင်သည့်အခြေအနေသို့ရောက်ရပြီး လူ့အဖွဲ့အစည်းတစ်ခုလုံးသည် အကြမ်းဖက်မှုနှင့်ပဋိပက္ခများဖြစ်ပေါ်စေသည့် အခြေအနေရှိသော၊ ဆင်းရဲခြင်း၏ ကြောက်မက်ဖွယ်ကောင်းသော အဝန်းအဝိုင်းအတွင်း ပိတ်လှောင်ခြင်းခံထားရသကဲ့သို့ရှိနေပါသည်။ စာမတတ်မြောက်ခြင်းသည် ပစ်ပယ်ခံရခြင်း၊ ဆင်းရဲခြင်းတို့နှင့် ထပ်တူထပ်မျှဆက်လက်တည်ရှိနေပါသည်။ ကျွန်ုပ်တို့သည် ယင်းအခြေအနေကို ပြောင်းလဲရပါမည်။

ထိုပြောင်းလဲခြင်းသည် ၂၀၃၀ပြည့်နှစ်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်သော ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်၏ ကတိကဝတ်ပင်ဖြစ်ပါသည်။ ၎င်းလုပ်ငန်းစဉ်သည် ဆက်လက်ဖွံ့ဖြိုးတိုးတက်မှုအတွက် ရည်မှန်းချက် ၁၇ ခုတွင် တိုးတက်မှု၊ ဆက်လက်တည်ရှိမှုနှင့် ငြိမ်းချမ်းမှုစသည့် တစ်ကမ္ဘာလုံး၏ မျှော်မှန်းချက်အသစ်တစ်ခုကို ဖော်ထုတ်ပြခဲ့သော လုပ်ငန်းစဉ်ဖြစ်ပါသည်။ ၎င်းရည်မှန်းချက်များတွင် **လူတိုင်းလူတိုင်း ဘဝတစ်သက်တာသင်ယူမှုအခွင့်အရေး မြှင့်တင်ရန်နှင့် အရည်အသွေးရှိသော ပညာရေးကို လူတိုင်း တန်းတူညီမျှရရှိစေရန်** ဟူသော သီးခြားရည်ရွယ်ချက်တစ်ခု ပါဝင်ပါသည်။ တစ်ယောက်မကျန်အားလုံး စာတတ်မြောက်သည်အထိ အောင်မြင်စေရေးသည် မရှိမဖြစ်အရေးကြီးသောကိစ္စဖြစ်ပါသည်။ လူ့အခွင့်အရေးနှင့် သိက္ခာအတွက်အခြေခံဖြစ်သည့် စာတတ်မြောက်ရေးသည် ဆင်းရဲမွဲတေမှုပပျောက်ရေး၊ ကျား/မ တန်းတူရည်တူခံစားခွင့်၊ ပိုမိုပါဝင်နိုင်သော ပိုမိုဆက်လက်တည်တံ့နိုင်သော လူ့အဖွဲ့အစည်းများအတွက် အရေးပါပါသည်။ ထို့ကြောင့် စာတတ်မြောက်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာပူးပေါင်းခြင်း(Global Alliance for Literacy)ကို ယနေ့ဆောင်ရွက်ရခြင်းဖြစ်ပါသည်။ စာတတ်မြောက်ရေး ရင်းနှီးမြှုပ်နှံမှုများကို ရွှေ့ပြောင်းနိုင်ရန်၊ တီထွင်ဆန်းသစ်သောဦးဆောင်မှုကို မြှင့်တင်ရန်အတွက် ပြုလုပ်ရခြင်းဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်ရာ၌ ကျား/မ တန်းတူညီမျှမှုနှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာအသစ်များပေါ်တွင် မူတည်နေပါသည်။ ကျွန်ုပ်တို့သည် အခွင့်အရေးတိုင်းကို အမိအရယူရပါမည်။ ကဏ္ဍအားလုံးတွင် တစ်ယောက်မကျန် ပါဝင်ဆောင်ရွက်ရပါမည်။

၁၉၆၆ ခုနှစ်မှစ၍ ကမ္ဘာကြီးသည် ပြောင်းလဲလျက်ရှိပါသည်။ သို့ရာတွင် အမျိုးသား အမျိုးသမီးတိုင်းအား ၎င်းတို့၏ဆန္ဒအရ သိက္ခာနှင့် လေးစားမှုတို့တွင် အရာရာတိုင်းကို ဖြစ်ပေါ်လာစေရန်အတွက် ၎င်းတို့၏ စွမ်းရည်၊ အရည်အသွေး၊ အခွင့်အရေးများကို ထောက်ပံ့ပေးရမည့် ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက်သည် ထာဝရခိုင်မြဲစွာ ဆက်လက်တည်ရှိမည်ဖြစ်ပါသည်။ စာတတ်မြောက်ခြင်းသည် လူသားအားလုံးအတွက် ပို၍တည်တံ့ခိုင်မြဲသော အနာဂတ်ကိုတည်ဆောက်ရာတွင် အခြေခံအုတ်မြစ်တစ်ခုဖြစ်ပါသည်။ ။

## ဇီကာပိုင်းရပ်စ်ကူးစက်ပြန့်ပွားနေသော ချင်းမိုင်သို့ မြန်မာနိုင်ငံမှသွားရောက်ခြင်း ခေတ္တဆိုင်းငံ့ထားရန် အသိပေး

**နေပြည်တော် စက်တင်ဘာ ၇**

ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းမိုင်တွင် ဇီကာဗိုင်းရပ်စ် (Zika Virus) ကူးစက်ပြန့်ပွားနေပြီး ချင်းမိုင်သို့ မြန်မာနိုင်ငံမှသွားရောက်မှု ခေတ္တဆိုင်းငံ့ထားရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ အသိပေးထားသည်။

စက်တင်ဘာ ၅ ရက်တွင် ချင်းမိုင်ပြည်နယ် ဆန်ဆိုင်းခရိုင်၌ အသက် (၂၈)နှစ်အရွယ် ကိုယ်ဝန်ရှစ်လဆောင်ထားသော မြန်မာနိုင်ငံသားအမျိုးသမီးတစ်ဦး ဇီကာဗိုင်းရပ်စ် ကူးစက်ခံနေရကြောင်း သတင်းရရှိသဖြင့် ချင်းမိုင်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ သက်ဆိုင်ရာကျန်းမာရေးဌာနသို့ စုံစမ်းမေးမြန်းရာ ဆန်ဆိုင်းပြည်သူ့ဆေးရုံ ပြည်သူ့ကျန်းမာရေး အရေးပေါ်ကုသရေးဌာန၌ အနီးကပ်စောင့်ကြည့် ကုသပေးလျက်ရှိကြောင်း၊ ၎င်းနေထိုင်ရာ နေအိမ်အတွင်း/အပြင်နှင့်ပတ်ဝန်းကျင်နေရာများအား ခြင်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးထားကြောင်း၊ လူနာ၏ သဘောတူညီမှုမရှိဘဲ ၎င်း၏ကိုယ်ရေးအချက်အလက်နှင့် ကျန်းမာရေးဆိုင်ရာအချက်အလက်များကို ပြောကြားနိုင်ခြင်းမရှိကြောင်း ချင်းမိုင်ပြည်သူ့ကျန်းမာရေးဌာနမှ အကြောင်းကြားခဲ့သည်။

ဇီကာဗိုင်းရပ်စ်ကူးစက်ခံရသည့် မြန်မာနိုင်ငံသားများအနေဖြင့် လိုအပ်သည့် ကူညီစောင့်ရှောက်မှုများအတွက် ချင်းမိုင်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖုန်း- ၀၅၂-၀၀၄၂၁၁ နှင့် ၀၆၁-၂၇၂၇၇၇၅ သို့ ဆက်သွယ်အကြောင်းကြားနိုင်ပြီး ချင်းမိုင်ပြည်နယ်သို့ လာရောက်မည့် မြန်မာနိုင်ငံမှ ကိုယ်ဝန်ဆောင်မိခင်များ၊ ကိုယ်ဝန်ဆောင်ရန် ရည်ရွယ်ထားသည့် မိခင်လောင်းများအနေဖြင့် ယခုရက်ပိုင်းအတွင်း ချင်းမိုင်ပြည်နယ်သို့ လာရောက်မှုကို ခေတ္တဆိုင်းငံ့ထားသင့်ပါကြောင်း အသိပေးကြေညာထားသည်။ **(ကြေးမုံ)**

# အာဆီယံခေါင်းဆောင်များ တောင်တရုတ်ပင်လယ်အရေး ဆွေးနွေး



**ဗီယင်ကျန်း စက်တင်ဘာ ၇**
အရှေ့တောင်အာရှနိုင်ငံ ခေါင်းဆောင်များက တောင်တရုတ်ပင်လယ်အတွင်း နယ်မြေအငြင်းပွားမှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ဥပဒေစည်းမျဉ်းများရေးဆွဲနိုင်ရေးအတွက် နိုင်ငံအချင်းချင်းအပြန်အလှန် ညှိနှိုင်းမှုများကို အရှိန်အဟုန်မြှင့် လုပ်ဆောင်ရန် သဘောတူညီခဲ့ကြသည်။

လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တွင် ကျင်းပသော အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်နေကြသည့် အာဆီယံနိုင်ငံခေါင်းဆောင်များက အထက်ပါ သဘောတူညီမှု တစ်ရပ်ကို စက်တင်ဘာ ၇ ရက်က ရရှိခဲ့ကြသည်။ တောင်တရုတ် ပင်လယ်အရေးနှင့် ပတ်သက်ပြီး ခေါင်းဆောင်များက စက်တင်ဘာ ၆ ရက်တွင် သီးခြား ဆွေးနွေးပွဲများ၌လည်း ဆွေးနွေးခဲ့ကြသည်။

ယနေ့အစည်းအဝေးပွဲကျင်းပပြီးနောက် အစည်းအဝေးဥက္ကဋ္ဌမှ ကြေညာချက် တစ်ရပ်ထုတ်ပြန်ခဲ့သည်။ အဆိုပါကြေညာချက်တွင် ခေါင်းဆောင်များအနေဖြင့် တောင်တရုတ်ပင်လယ်နယ်မြေအငြင်းပွားမှုကို နိုင်ငံတကာ ဥပဒေနှင့်အညီ ဖြေရှင်းရန် သဘောတူညီခဲ့ကြသည်။

ခေါင်းဆောင်များက ယင်းကိစ္စကို ဖြေရှင်းရာတွင် စည်းမျဉ်းဥပဒေများရေးဆွဲရန် လိုအပ်ကြောင်း အလေးပေးပြောကြားခဲ့သည်။ သို့သော် အောင်မြင်မှုရရှိစေရန် အဆုံးသတ်အချိန်အဖြစ် မည်သည့်နေ့ရက်တွင် အပြီးသတ်ဖြေရှင်းရမည်ဆိုသည့် ကန့်သတ်ချက်မျိုးထားရှိမည်မဟုတ်ကြောင်း သိရသည်။

အာဆီယံခေါင်းဆောင်များက ယခုနှစ်အလယ်ပိုင်းတွင် လုပ်ငန်းမူဘောင်တစ်ရပ်ရေးဆွဲရန် သဘောတူညီခဲ့ကြကြောင်း အင်ဒိုနီးရှားအစိုးရက ဆိုသည်။

ယခုအစည်းအဝေးတွင် ဇူလိုင်လအတွင်းသည်ဟိဂ်ခုံသမာဓိတရားရုံးက ချမှတ်ခဲ့သည့် စီရင်ချက်ပါ စည်းမျဉ်းနှင့်ပတ်သက်ပြီး ခေါင်းဆောင်အချင်းချင်း အမြင်သဘောထားကွဲပြားသည့်အတွက် ခေါင်းဆောင်များက အလေးအနက် ဆွေးနွေးခြင်းမရှိခဲ့ပေ။

**အင်န်အိတ်ချ်ကေ။**

# ယီမင်စစ်ပွဲအတွက် လက်နက်ကုန်သည်တစ်ဦးမှတစ်ဆင့် လက်နက်ရောင်းချခဲ့မှု ဘရာဇီးကုမ္ပဏီကိုစွဲချက်တင်

**ပေါ်တိုအလီဂရီ(ဘရာဇီး) စက်တင်ဘာ ၇**
နိုင်ငံတကာ၏ ဒဏ်ခတ်ပိတ်ဆို့ရေး အစီအစဉ်ကို ချိုးဖောက်ကာ ဘရာဇီးနိုင်ငံရှိ လက်နက်ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုက လက်နက်ကုန်သည်တစ်ဦးထံ လက်နက်များရောင်းချပေးခဲ့ပြီး ယီမင်ပြည်တွင်းစစ်မီးကို ပိုမိုတောက်လောင်စေခဲ့ကြောင်း ဘရာဇီးအစိုးရရှေ့နေများ၏ ပြောကြားချက်ကို ကိုးကားလျက် ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ဘရာဇီး ဖက်ဒရယ်အစိုးရရှေ့နေများသည် လက်တင်အမေရိကဒေသ၏ လက်နက်ထုတ်လုပ်ရေးကုမ္ပဏီများအနက် အကြီးဆုံးကုမ္ပဏီဖြစ်သော ဖောဂျက်တောရပ်စ်အက်စ်အေကုမ္ပဏီ၏အထက်တန်းမန်နေဂျာဟောင်းနှစ်ဦးကို မေလတွင် စွဲချက်တင်ခဲ့သည်။အဆိုပါကုမ္ပဏီသည် အာဖရိကဦးချိုဒေသ၌ လှုပ်ရှားနေသော လက်နက်ကုန်သည်တစ်ဦးထံသို့ ၂၀၁၃ ခုနှစ်တွင် သေနတ်အလက်ပေါင်း ၈၀၀၀ တင်ပို့ပေးခဲ့ကြောင်း၊ ယင်းသေနတ်များသည် ယီမင်ပြည်တွင်းစစ်တွင် ပါဝင်တိုက်ခိုက်နေသူများထံ ရောက်ရှိသွားကြောင်း ဘရာဇီးအစိုးရရှေ့နေများက တရားရုံးထံတင်ပြသော စွဲချက်တင်လွှာတွင် ဖော်ပြထားသည်ဆို၏။

မိုဟာမက် ဟာဆန်မာနာအမည်ရှိလက်နက်ကုန်သည်သည် ဖောဂျက်တောရပ်စ်ကုမ္ပဏီထံမှ သေနတ်များကို ဂျီဘူတီနိုင်ငံမှတစ်ဆင့် ယီမင်နိုင်ငံသို့ လွှဲပြောင်းရောင်းချခဲ့သည်ဟု တရားရုံးထံတင်ပြသော စွဲချက်တင်လွှာတွင် ဖော်ပြထားသည်။

ယီမင်နိုင်ငံ၌ အီရန်ထောက်ခံသောဟူသီသူပုန်များနှင့်ဆော်ဒီ၏မဟာမိတ်အစိုးရအဖွဲ့အကြား တိုက်ခိုက်ခဲ့ကြရာ ပြည်သူထောင်ပေါင်းများစွာ သေဆုံးခဲ့ကြရသည်။


လက်နက်များ တင်ပို့ရောင်းချခဲ့မှုနှင့်ပတ်သက်၍ ဖောဂျက်တောရပ်စ်ကုမ္ပဏီက သတင်းထောက်များ၏ မေးမြန်းချက်များကို အသေးစိတ် ပြန်လည်ဖြေကြားရန် ငြင်းဆန်ခဲ့သည်။

**ရိုက်တာ။**

# အကြမ်းဖက်တိုက်ခိုက်မှုများလုပ်ဆောင်ရန် တိုက်တွန်းထားသော အွန်လိုင်းမဂ္ဂဇင်းသစ် အိုင်အက်စ်အဖွဲ့ ထုတ်ဝေ

**ဆစ်ဒနီ စက်တင်ဘာ ၇**
အကြမ်းဖက် တိုက်ခိုက်မှုများ လုပ်ဆောင်ရန် ထောက်ခံသူများကို ပန်ကြားထားသော အွန်လိုင်းမဂ္ဂဇင်းသစ်တစ်မျိုးကို အိုင်အက်စ်စစ်သွေးကြွအဖွဲ့က ထုတ်ဝေလိုက်ပြီဖြစ်သည်။

"Rumiyah" ဟုခေါ်ဆိုသော ယင်းမဂ္ဂဇင်းကိုအင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ရုရှား၊ တူရကီ၊ အင်ဒိုနီးရှား၊ ဝီဂါနှင့်ပက်ရှ်တို့ အပါအဝင် ဘာသာစကားရှစ်မျိုးဖြင့် စက်တင်ဘာ ၆ ရက်က ထုတ်ဝေခဲ့သည်။ အိုင်အက်စ်အဖွဲ့ဝင် ဩစတြေးလျနိုင်ငံသား အကြမ်းဖက်သမားတစ်ဦးဖြစ်သူ အက်ဇက်ရဒ်မှာ ဆီးရီးယားနိုင်ငံ၌ သတ်ဖြတ်ခံခဲ့ရကြောင်း စာမျက်နှာ ၃၈ မျက်နှာပါ အဆိုပါမဂ္ဂဇင်းက ဆိုသည်။




ဆစ်ဒနီအော်ပရာကဇာတ်ရုံနှင့် အားကစားကွင်းများ အပါအဝင် ဩစတြေးလျနိုင်ငံရှိ အများပြည်သူနှင့် သက်ဆိုင်ရာနေရာများ၌ လူမဆန်သောတိုက်ခိုက်မှုများလုပ်ဆောင်ရန် အိုင်အက်စ်အဖွဲ့ ထောက်ခံသူများကို အဆိုပါမဂ္ဂဇင်းက တိုက်တွန်းနေသည်။ နိုင်ငံတကာ အသိုင်းအဝိုင်းက အကြမ်းဖက်တိုက်ဖျက်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးမှုများ ပိုမိုကျင်းပရမည်ဟု ဩစတြေးလျဝန်ကြီးချုပ် မယ်လ်ကွမ်တန်ဘူးလ်က သတိပေးခဲ့သည်။

အိုင်အက်စ်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အဘူမိုဟမ်မက်အယ်လ်အဒါနီသည် ဆီးရီးယားနိုင်ငံ၌ သတ်ဖြတ်ခံရပြီး ရက်သတ္တပတ်အကြာတွင် မဂ္ဂဇင်းကို ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

အဒါနီမှာ ဥရောပတိုက်၌ ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများကို ကြိုးကြပ်ကွပ်ကဲသူဟု ဆိုသည်။ လက်ရှိအချိန်တွင် အိုင်အက်စ်အဖွဲ့မှာ ဆီးရီးယားနှင့်အီရတ်နိုင်ငံများ၌ နယ်မြေဆုံးရှုံးမှုများ ဖြစ်ပေါ်နေသည်။ **အင်န်အိတ်ချ်ကေ။**

# ဆီးရီးယားရှိ အိုင်အက်စ်ခြေကုပ်စခန်းမြို့ကို သိမ်းယူရေး အမေရိကန်နှင့် ပူးပေါင်းဆောင်ရွက်ရန် တူရကီအသင့်ရှိဟုဆို

**အန်ကာရာ စက်တင်ဘာ ၇**
ဆီးရီးယားနိုင်ငံရှိ အစ္စလာမ့်စ်နိုင်ငံတော် (အိုင်အက်စ်)အဖွဲ့၏ ခြေကုပ်စခန်းတည်ရာမြို့ကို သိမ်းပိုက်နိုင်ရေးအတွက် အမေရိကန်က အဆိုပြုသည့် မည်ကဲ့သို့သော အစီအစဉ်မျိုးတွင်မဆို ပူးပေါင်းပါဝင်ရန် အသင့်ရှိကြောင်း တူရကီသမ္မတ တေယက်အာဒိုဂန်က ပြောကြားလိုက်သည်။

တရုတ်နိုင်ငံ ကျဲ့ကျန်းပြည်နယ် ဟန်ကျိုးမြို့၌ ကျင်းပသော ဂျီ-၂၀ ခေါင်းဆောင်များ၏ ထိပ်သီးညီလာခံကာလအတွင်း တူရကီနှင့် အမေရိကန်သမ္မတတို့ တွေ့ဆုံဆွေးနွေးရာတွင် ဆီးရီးယားအရေးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ ဆီးရီးယားနိုင်ငံရှိ အိုင်အက်စ်ခြေကုပ်စခန်းတည်ရာ ရက်ကာမြို့ကို သိမ်းယူနိုင်ရေးအတွက် တူရကီနိုင်ငံနှင့် အမေရိကန်တို့ ပူးတွဲစီမံဆောင်ရွက်သွားရန် သမ္မတအိုဘားမားက အဆိုပြုကြောင်း အာဒိုဂန်၏ ပြောကြားချက်ကို ကိုးကားလျက် တူရကီ ဟာရီယတ်သတင်းစာက စက်တင်ဘာ ၇ ရက်တွင် ရေးသားဖော်ပြသည်။

တူရကီနိုင်ငံသည် ယင်း၏ နယ်စပ်ဒေသ၌ အိုင်အက်စ်စစ်သွေးကြွများကို ရှင်းလင်းသုတ်သင်နိုင်ရန်နှင့် ကာ့ဒ်ဝိုင်ပီဂျီတပ်ဖွဲ့များ နယ်မြေသိမ်းပိုက်နိုင်ခြင်းမရှိစေရန် ဆီးရီးယားနိုင်ငံမြောက်ပိုင်းတွင် ဩဂုတ် ၂၄ ရက်က ထိုးစစ်တစ်ရပ် စတင်ခဲ့သည်။ ဝိုင်ပီဂျီတပ်ဖွဲ့များသည် မိမိ၏ ပိုင်နက်နယ်မြေပေါ် လှုပ်ရှားနေသော ကာ့ဒ်သောင်းကျန်းသူများနှင့် ဆက်နွယ်မှုရှိသည်ဟု တူရကီနိုင်ငံက ယူဆသည်။

အိုင်အက်စ်အဖွဲ့ ခြေကုပ်ပြုရာ ရက်ကာမြို့ကို သိမ်းယူနိုင်ရေးအတွက် အမေရိကန်က တူရကီနှင့် ပူးပေါင်းဆောင်ရွက်လိုသည်ဟု သမ္မတအိုဘားမားက ဆန္ဒရှိကြောင်း သမ္မတအာဒိုဂန်က သတင်းထောက်များအား ပြောကြားသည်။

**ရိုက်တာ။**

# ရုရှားအရှေ့ဖျားဒေသရှိ မီးတောင်မှပြာမှုန်များ နှစ်ကြိမ်တိုင်မှုတ်ထုတ်

**မော်စကို စက်တင်ဘာ ၇**
ရုရှားနိုင်ငံ အရှေ့ဖျားဒေသရှိ ကလျူချီဗာစကွိုင်းမီးတောင်သည် စက်တင်ဘာ ၇ ရက်တွင် ပြာမှုန်များကို နှစ်ကြိမ်တိုင်တိုင် မှုတ်ထုတ်ခဲ့ကြောင်း ရုရှားတာ့စ်သတင်းဌာနက သတင်းထုတ်ပြန်သည်။

ရုရှားနိုင်ငံ ကမ်ချက်ကာ ကျွန်းဆွယ်ဒေသရှိ ကလျူချီဗာစကွိုင်းမီးတောင်သည် လေထုအတွင်းသို့ ပြာမှုန်များကို မှုတ်ထုတ်ခဲ့ရာတွင် ပထမတစ်ကြိမ်၌ မီးတောင်ထိပ်ဝမှ ရှစ်ကီလိုမီတာအကွာအဝေးအထိ ပြာမှုန်များ ရောက်ရှိခဲ့ကြောင်း၊ ဒုတိယတစ်ကြိမ်တွင်မူ ၁၁ ကီလိုမီတာအကွာအဝေးအထိ ပြာမှုန်များ လွင့်တက်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ကလျူချီဗာစကွိုင်းမီးတောင်သည် ပြာမှုန်များကို ဆက်လက်မှုတ်ထုတ်နိုင်ကြောင်း၊ မီးတောင်ပေါက်ကွဲနိုင်သည့် ဘေးအန္တရာယ်အဆင့်ကို အနီရောင် သတ်မှတ်ထားကြောင်း ဘူမိရူပဗေဒပညာရှင်များက ပြောကြားကြသည်။

မီးတောင်လှုပ်ရှားမှုကို မြေငလျင်တိုင်းတာရေးစခန်းများက နာရီမလပ် လေ့လာစောင့်ကြည့်လျက်ရှိသည်။

**ဆင်ဟွာ။**



# အခွန်ထမ်းတစ်ဦးချင်းအတွက် သတ်မှတ်ဖော်ပြထားသည့်အခွန်စနစ်အဖြစ် ပြုပြင်ဆောင်ရွက်ပေးမည့်အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းဖြေကြား


**နေပြည်တော် စက်တင်ဘာ ၇**

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ မိုင်းပန်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မိုး၏ ညောင်ရွှေဟော်နန်းကြီး ပြုပြင်ဆောင်ရွက်နေမှုကို ဌာနေတိုင်းရင်းသား ပြည်သူလူထုများ ပွင့်ပွင့်လင်းလင်း သိရှိနိုင်ရန် ရှင်းပြစေလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ပြည်ထောင်စုဝန်ကြီးက ညောင်ရွှေဟော်နန်းကြီး ပြုပြင်ဆောင်ရွက်ရန် အစီအစဉ်များပေါ်ပေါက်လာပြီး ဘဏ္ဍာငွေရရှိပါက ဌာနေတိုင်းရင်းသား ပြည်သူလူထုအား ပွင့်ပွင့်လင်းလင်းသိရှိနိုင်ရန် ရှင်းလင်းပြမည်ဖြစ်ပြီး ယခုအခါတွင် ယင်းကိစ္စနှင့်ပတ်သက်၍ တိကျသောဆုံးဖြတ်ချက်မရှိသေးပါသဖြင့် ဒေသခံပြည်သူများကို ရှင်းပြရန် အချိန်စောနေပါကြောင်း။

ဟော်နန်းအဆောက်အအုံကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ရှမ်းပြည်နယ်အစိုးရသို့ လွှဲပြောင်းပေးအပ်ထားပြီး ဟော်နန်း၏ မြေဧရိယာအဝန်းအဝိုင်းကို ယဉ်ကျေးမှုဝန်ကြီးဌာနမှ စီမံခန့်ခွဲမြေအဖြစ် မြေစာရင်းဌာနတွင် မှတ်ပုံတင်ထားသည်ကို သိရှိရပါကြောင်း၊ ညောင်ရွှေဟော်နန်းကြီး ပြုပြင်မွမ်းမံခြင်းအတွက် အကုန်အကျခံမည့်လူပုဂ္ဂိုလ် (သို့)အဖွဲ့အစည်းများအား ရှာဖွေဆဲဖြစ်ကြောင်းနှင့် နိုင်ငံတော်မှ ဘဏ္ဍာရန်ပုံငွေခွင့်ပြုပေးမည်ဆိုပါက ပိုမိုကောင်းမွန်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

တွံတေးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်၏ မြန်မာနိုင်ငံသည် ၁၉၈၇ ခုနှစ်တွင် (Least Development Country-LDC) အဖြစ် သတ်မှတ်ခြင်းခံခဲ့ရသဖြင့် မည်သည့်အချက်အလက်များနှင့် ပြည့်စုံလျှင် (LDC) အဖြစ် သတ်မှတ်ခံယူခွင့်ရှိကြောင်း၊ ယင်းသို့ သတ်မှတ်ခံရခြင်းကြောင့် မည်သည့်အခွင့်အရေးများရရှိကြောင်း၊ မြန်မာနိုင်ငံ(LDC)ဘဝမှ လွတ်မြောက်ရေးအတွက် နိုင်ငံတော်အစိုးရက မည်သို့မည်ပုံ စီစဉ်ဆောင်ရွက်သွားမည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မိမိတို့နိုင်ငံသည် ၁၉၈၇ ခုနှစ်ကတည်းက နှစ်ပေါင်း ၃၀ ခန့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သော်လည်း ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဆင့် အခွင့်အရေးများ အပြည့်အဝရရှိခဲ့ခြင်း မရှိပါကြောင်း၊ LDC မှ လွတ်မြောက်ရေးကို တစ်ဖက်မှလုပ်ဆောင်နေသကဲ့သို့ တစ်ဖက်တွင် စီးပွားရေးပိတ်ဆို့မှုကြောင့် ခံစားခွင့်မရခဲ့သည့် LDC ခံစားခွင့်များကို အပြည့်အဝရရှိစေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၏ အစ္စတန်ဘူလ်လုပ်ငန်းအစီအစဉ်မှ ရယူနိုင်သည့်


ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်


ဦးမြင့်လွင်

နည်းပညာနှင့် ဖွံ့ဖြိုးမှုအကူအညီများကို ရယူသွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်တွင်ကျင်းပမည့် ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်မှု မူဝါဒကော်မတီ၏ သုံးနှစ်တစ်ကြိမ်သုံးသပ်မှုတွင် ပထမအကြိမ်အဖြစ် စံနှုန်းနှစ်ခုနှင့်ကိုက်ညီရေးကို ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ညှိနှိုင်းချက်ဖြင့် မြန်မာနိုင်ငံ LDC မှ လွတ်မြောက်ရေးအတွက် မူဝါဒများချမှတ်ရေးနှင့် လိုအပ်သည့်နည်းပညာအချက်အလက်များ အကူအညီပေးရန် ရန်ကုန်မြို့အခြေစိုက် UNDP အစီအစဉ်ဖြင့် ကျွမ်းကျင်သူများကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ကာလတို တွဲဖက်ထားရှိရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးသည် ဦးတည်ချက်တစ်ရပ်အနေဖြင့် ဆောင်ရွက်ရန်ထက် မိမိနိုင်ငံ ဖွံ့ဖြိုးမှုသည် ပြည်တွင်းပြုပြင်ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့်ရလဒ်သာဖြစ်သည့်အတွက် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအား ကြိုးပမ်းနေသည့်အချိန်အတွင်း ရရှိသင့် ရရှိထိုက်သည့် အခွင့်အရေးများ၊ ဥပမာ ကုန်သွယ်ရေးအကူအညီ၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့် Most Favourable EBA နှင့် Generalized Special Preferences (GSP) တို့ကို အရယူနိုင်ရန် လိုအပ်ပါကြောင်း၊ ဖွံ့ဖြိုးမှုမိတ်ဖက်များထံမှ နည်းပညာအကူအညီနှင့် ဘဏ္ဍာရေးအကူအညီများရယူရာတွင် နိုင်ငံစုံအဖွဲ့အစည်းများသာမက နိုင်ငံအချင်းချင်းအစီအစဉ်များနှင့် ဖွံ့ဖြိုးမှုနိမ့်ကျသည့်နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်မှုများကိုလည်း ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် မရှိမဖြစ်လိုအပ်သော အခွန်အကောက်များရရှိရေး၊ အခွန်ထမ်းပြည်သူများအနေဖြင့် ဥပဒေနှင့်အညီ နေထိုင်နိုင်ရေး၊ ဥပဒေအရခွင့်ပြုထားသော ရပိုင်ခွင့်၊ စုဆောင်းခွင့် ငွေဖြူပမာဏကို ထမ်းဆောင်လိုက်သည့်အခွန်ငွေပမာဏနှင့်အညီ တရားဝင်စုဆောင်းခွင့်ရပြီး ငွေမည်မျှရှိသည်ဆိုခြင်းကို သိရှိနိုင်သော အခွန်ထမ်းတစ်ဦးချင်းအတွက် သတ်မှတ်ဖော်ပြထားသည့်အခွန်စနစ်အဖြစ် ပြုပြင်ဆောင်ရွက်ပေးမည့်အစီအမံများ ဆောင်ရွက်ရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အခွန်ထမ်းပြည်သူများအနေဖြင့် မိမိတို့၏ စည်းကြပ်နှစ်အလိုက် တောင်းခံသည့်အခွန်တောင်းခံလွှာတွင်ပါရှိသည့် သတ်မှတ်ဝင်ငွေ၊ ကျသင့်အခွန်နှင့် ဒဏ်များအရ မိမိတို့၏စုဆောင်းနိုင်ငွေကို အလွယ်တကူတွက်ချက်သိရှိနိုင်ပြီး တစ်ဖက်မှလည်း ဝင်ငွေရလမ်းအဖြစ် အထောက်အထားများနှင့်အတူ တင်ပြရမည်ဖြစ်သည့်အတွက် ရရှိထားသည့် အခွန်တောင်းခံလွှာ၊ ငွေပေးသွင်းပြီးချလန်ဖြတ်ပိုင်းများကို စနစ်တကျထိန်းသိမ်းထားရန် လိုအပ်ပါကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ထမ်းပြည်သူများ၏ စုဆောင်းခွင့်ရှိသည့် ငွေဖြူပမာဏကို အခွန်ထမ်းဆောင်မှုမှတ်တမ်းစာအုပ်တွင် စည်းကြပ်နှစ်အလိုက် ထည့်သွင်းဖော်ပြပေးလျက်ရှိပါကြောင်းနှင့် သိရှိလိုသည်များကို သက်ဆိုင်ရာရုံးများသို့ ဆက်သွယ်မေးမြန်းလာပါကလည်း ဖြေကြားပေးလျက်ရှိပါကြောင်း ဆက်လက်ရှင်းလင်းဖြေကြားသည်။

ပန်းဘဲတန်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးနေဖူးဗဆွေတင်သွင်းသည့် နိုင်ငံတော်အတွင်းရှိ ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အကျိုးပါဝင်ပတ်သက်သူများအားလုံးသည် E-Government Website များနှင့် Mobile Application များမှတစ်ဆင့် ဌာနဆိုင်ရာဝန်ဆောင်မှုများနှင့် သတင်းအချက်အလက်များကို ရယူသုံးစွဲနိုင်ရေးအတွက် E-Government စနစ်များ ပိုမိုထိရောက်အောင်မြင်စွာ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်းက ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး လွှတ်တော်ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းကြေညာကာ ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း ပေးသွင်းနိုင်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

# တိုင်းရင်းသားမျိုးနွယ်စုများအတွက် စာမတတ်သူပပျောက်ရေး၊ အဆင့်မြင့်ပညာများသင်ကြားနိုင်ရေးနှင့် တိုင်းရင်းသားစာပေထွန်းကားရေးတို့ကို ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၇**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ မေးခွန်းနှစ်ခုကို မေးမြန်းဖြေကြားပြီး အဆိုတစ်ခုကိုဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးလင်းတင်ဌေး၏ မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်း သံလွင်မြစ်ရေကြီးပြီး ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည့် ရေငန်တား တာတမံများနှင့် တိမ်ကောလာသည့် ချောင်းရိုးများအား ပြုပြင်တူးဖော်ပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်အုန်းကြည်၏ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် စမာရေလွှဲဆည်မှ စမာရေပေးမြောင်းဖောက်လုပ်ရာတွင် မြေယာဆုံးရှုံးခဲ့သည့် တောင်သူ ၆၀ ၏ စိုက်ပျိုးမြေ ၇၅ ဧကအတွက် နစ်နာကြေးနှင့် လျော်ကြေးငွေများ ထုတ်ပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်းတို့နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး


ဦးလင်းတင်ဌေး

ဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ ကုလားဘီလယ်သမားတာ၊ ရိန်းရိုင်လယ်သမားတာနှင့် ကျွဲကူးလယ်သမားတာများမှာ ဒေသမှ တည်ဆောက်ထိန်းသိမ်းထားသည့် ရေငန်တားတာများဖြစ်ပါကြောင်း၊ ဒေသအနေဖြင့် ပြုပြင်ထိန်းသိမ်းမှု အားနည်းသောကြောင့် မိုးရာသီတွင် သီးနှံများ ထိခိုက်ပျက်စီးစေပါကြောင်း၊ အဆိုပါ ရေငန်တားတာများနှင့် ဆက်စပ်လျက်ရှိသည့် ရေနုတ်မြောင်းခြောက်ခုမှာလည်း သဲနုန်းများပို့ချပြီး ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်လျက်ရှိပါကြောင်း၊ အဆိုပါ ရေငန်တားတာသုံးခုနှင့် ဆက်စပ်ရေနုတ်မြောင်းခြောက်ခုတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မွန်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် စမာရေလွှဲဆည်မှ စမာရေပေးမြောင်းဖောက်လုပ်ရာတွင် မြေယာဆုံးရှုံးခဲ့သည့် တောင်သူ ၆၀ ၏ စိုက်ပျိုးမြေ ၇၅ ဧကအတွက် နစ်နာကြေးနှင့် လျော်ကြေးငွေများထုတ်ပေးရေးကိစ္စရပ်နှင့်စပ်လျဉ်း၍ စမာရေပေးမြောင်းများ ဖောက်လုပ်ခဲ့သည့်အချိန်ကာလမှာ ၁၉၉၇-၁၉၉၈ ခုနှစ်ခန့်ကဖြစ်သဖြင့် ဒေသအာဏာပိုင်များ၏ ခွင့်ပြုချက်နှင့် ထိုစဉ်က လုပ်ထုံးလုပ်နည်းနှင့်အညီ မြေရယူဆောင်ရွက်ခဲ့မှုဖြစ်ခြင်း၊ စီမံကိန်းလုပ်ငန်းများမှာလည်း ဒေသ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက်အအုံများအဖြစ် အကောင်အထည်ဖော် တည်ဆောက်ပေးခဲ့သည့် လုပ်ငန်းများဖြစ်ခြင်းတို့ကြောင့် နစ်နာကြေးများထောက်ပံ့ပေးရန် အစီအစဉ်မရှိကြောင်း ဖြေကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးခင်အောင်မြင့်၏ တိုင်းရင်းသားမျိုးနွယ်စုများအတွက် စာမတတ်သူပပျောက်ရေး၊ အဆင့်မြင့်ပညာများ သင်ကြားနိုင်ရေးနှင့် တိုင်းရင်းသားစာပေထွန်းကားရေးတို့ကို အထူးစီမံကိန်းများချမှတ်၍ စဉ်ဆက်မပြတ်အားပေးမြှင့်တင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးတို့က ဆွေးနွေးကြသည်။

ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်လွီးဇာက တိုင်းရင်းသားမျိုးနွယ်စုများတွင် စာမတတ်သူ၊ အဆင့်မြင့်ပညာ မသင်ကြားနိုင်သူ ဦးရေပိုမိုများပြားနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွင် ပညာရေးသည် အရေးကြီးပါကြောင်း၊ လူမျိုးစုများ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုပင်ဖြစ်ကြောင်း၊ တိုင်းရင်းသားမျိုးနွယ်စုဘဝများကို မြှင့်တင်ပေးရာတွင် စာမတတ်သူပပျောက်ရေးနှင့် အဆင့်မြင့်ပညာများသင်ကြားနိုင်ရေးတို့ကို ဦးစားပေးအဆင့်တွင် ထည့်သွင်းစဉ်းစားသင့်ပါ


ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်း

ကြောင်း၊ စာပေပြန့်ပွားထွန်းကားရေးအတွက် ငွေကြေးသည် မရှိမဖြစ်လိုအပ်သဖြင့် ပြည်ထောင်စုအစိုးရက ထောက်ပံ့ပေးသင့်ပါကြောင်း၊ တိုင်းရင်းသားစာပေများကို မြှင့်တင်လိုသည်၊ ပြန့်ပွားစေလိုသည် ဆိုပါက အခြေခံပညာမူလတန်းအဆင့်တွင် တိုင်းရင်းသားစာပေကို မသင်မနေရဘာသာရပ်တစ်ခုအဖြစ် သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းရေးဆွဲသင့်ကြောင်းနှင့် ဥပဒေများ ပြဋ္ဌာန်းပေးသင့်ကြောင်း၊ လက်တွေ့အကောင်အထည်ဖော်မှုနှင့် လက်တွေ့ကျသည့် ကူညီပံ့ပိုးမှုကို ထည့်သွင်းစဉ်းစားသင့်ပါကြောင်း ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်နိုင်က မြေပြန့်ဒေသများတွင် နေထိုင်သည့် တိုင်းရင်းသားပြည်သူများသည် ပညာရေးနှင့် ကျန်းမာရေးအခွင့်အလမ်းများ ရရှိကြောင်း၊ သို့သော် တောင်ပေါ်ဒေသရှိ တိုင်းရင်းသားများသည် အခွင့်အလမ်းများ နည်းပါးနေသည်ဟု အဆိုရှင်က ဆိုထားပါကြောင်း၊ တောင်ပေါ်ဒေသမှ တိုင်းရင်းသားများအနေဖြင့် မြေပြန့်ဒေသမှ တိုင်းရင်းသားပြည်သူများသာ အခွင့်အလမ်းများရနေသည်ဟူသည့် အထင်အမြင်မှားမှုများနှင့် စိတ်ဝမ်းကွဲပြားမှုများ ဖြစ်ပေါ်စေနိုင်ပါကြောင်း၊ တောင်ပေါ်မြေပြန့် မခွဲခြားဘဲ စနစ်တကျကော်မတီတစ်ရပ်ဖွဲ့စည်း၍ နှစ်ရှည်စီမံကိန်းချမှတ်ပြီး အချိန်ယူဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အဆိုရှင်တင်ပြသည့် အဆင့်မြင့်ပညာရေးစနစ် အမှန်တကယ်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် လုပ်ဆောင်ချက်ဟောင်း၊ နည်းစနစ်ဟောင်း၊ အပေါ်ယံသာကောင်းပါသည်ဟု ပြောနေကြသည့် အပြောကောင်းများကို ပြောင်းရမည်ဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်နှစ်ပေါင်းများစွာ ခေါက်ရိုးကျိုးလာသည့်ခံယူချက်များကို အသစ်ပြင်ဆင်ဆောင်ရွက်ရမည် ဖြစ်ကြောင်း ဆွေးနွေးသည်။ **(သတင်းစဉ်)**

# နှစ်ငါးဆယ်ပြည့် ရွှေရတု နိုင်ငံတကာစာတတ်မြောက်ရေးနေ့

## ဒေါက်တာသန်းဦး

**တစ်ခွက်ဆီမီး ထိန်ထိန်ညီး**
**ဆီမီးတစ်ရာ ကူးညှိပါ။**
**တစ်ယောက်တတ်လျှင် ဆယ်ယောက်သင်**
**ဆယ်ယောက်တတ်လျှင် တစ်ရာပွား**
**စာတတ်မြောက်ရေး၏ အကျိုးတရား။**

**နိုင်ငံတကာ စာတတ်မြောက်ရေးနေ့**

မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် တော်သလင်းလဆန်း ၇ ရက် ကြာသပတေးနေ့၊ ခရစ်နှစ် ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့သည် **နိုင်ငံတကာ စာတတ်မြောက်ရေးနေ့**ဖြစ်သည်။

ယခုနှစ် စက်တင်ဘာလ ၈ ရက်နေ့သည်ကား **နှစ်ငါးဆယ်ပြည့် ရွှေရတုနိုင်ငံတကာ စာတတ်မြောက်ရေးနေ့** နေ့ထူးနေ့မြတ်လည်းဖြစ်ပါသည်။

**နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဖြစ်ထွန်းပေါ်ပေါက်လာပုံ**

ကမ္ဘာနှင့်တစ်ဝန်း နိုင်ငံအသီးသီး၌ စာမတတ်သူများရှိနေရာ ထိုစာမတတ်သူများကို စာတတ်မြောက်သူများဖြစ်လာစေရန် စာတတ်မြောက်ရေးလုပ်ငန်းကို မိမိနည်း၊ မိမိဟန်၊ မိမိအစီအစဉ်ဖြင့် ဆောင်ရွက်နေကြပါသည်။ ထိုသို့ ဆောင်ရွက်နေမှုများကို ပိုမိုထိရောက်ထက်မြက်စွာ ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ကြစေရန် ရည်သန်၍ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ယူနက်စကိုအဖွဲ့ချုပ်ကို လမ်းညွှန်တာဝန်တစ်ရပ် ပေးအပ်ခဲ့ပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီး၌ ဆောင်ရွက်လျက်ရှိသော စာတတ်မြောက်ရေးလုပ်ငန်းကို ပိုမိုထိရောက် ပေါက်မြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်ရည်စူး၍ ၁၉၆၅ ခုနှစ်တွင် အီရန်နိုင်ငံ တီဟီရန်မြို့၌ ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၈၉ နိုင်ငံမှ ပညာရေးဝန်ကြီးများ၊ ဝန်ကြီးဌာနကိုယ်စားလှယ်များ၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးပညာရှင်များနှင့် ပါရဂူများ စုံညီစွာတက်ရောက်ကြသည်။

**ကမ္ဘာ့စာတတ်မြောက်ရေး ကွန်ဂရက် (A WORLD LITERACY CONGRESS)** ကို အဆိုပါ ၁၉၆၅ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့မှ ၁၉ ရက်နေ့အထိ ၁၂ ရက်တိုင်တိုင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

ထိုသို့ ကမ္ဘာ့စာတတ်မြောက်ရေးကွန်ဂရက် စတင်ကျင်းပဖြစ်ခဲ့သည့် စက်တင်ဘာလ ၈ ရက်နေ့ကို အကြောင်းပြု၍ **၁၉၆၆ ခုနှစ် ယူနက်စကို အထွေထွေညီလာခံကြီး (1966 UNESCO GENERAL CONFERENCE)** က နှစ်စဉ်နှစ်တိုင်း စက်တင်ဘာလ ၈ ရက်နေ့ကျရောက်တိုင်း **နိုင်ငံတကာ စာတတ်မြောက်ရေးနေ့**အဖြစ် အညီအညွတ်သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ပါသည်။

ယူနက်စကိုအဖွဲ့ချုပ်အနေဖြင့် မြန်မာနိုင်ငံအပါအဝင် ယူနက်စကိုအဖွဲ့ဝင်နိုင်ငံတိုင်းသို့ ထိုနေ့တွင် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အနေဖြင့် စာတတ်မြောက်ရေးလုပ်ငန်းများကို ယူနက်စကိုအဖွဲ့ချုပ်၏ လမ်းညွှန်ချက်နှင့်အညီ အားသွန်ခွန်စိုက် တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ကြိုးပမ်းအားထုတ်မှုများကိုလည်း ထင်သာမြင်သာပြသပြီး အားဖြည့်ဆက်လက်ဆောင်ရွက်ကြရန် နှစ်စဉ်နှစ်တိုင်း နှိုးဆော်တိုက်တွန်းအားပေးလျက်ရှိပါသည်။

သို့ဖြင့် ၁၉၆၆ ခုနှစ်မှ အစပြုခဲ့သော နိုင်ငံတကာစာတတ်မြောက်ရေးနေ့သည် ၂၀၁၆ ခုနှစ်တွင် သက်တမ်းအားဖြင့် နှစ်ငါးဆယ် တင်းတင်းပြည့်မြောက်လာခဲ့ပါသည်။

**မြန်မာနိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်ခဲ့မှု**

**ပထမပိုင်းကာလ(၁၉၄၈-၁၉၅၈)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအဖြစ် ပေါ်ထွန်းလာသည့် လွတ်လပ်ရေးစတင်ရရှိသည့်နှစ်ဖြစ်သော **၁၉၄၈ခုနှစ်တွင် ၁၉၄၈ ခုနှစ် လူထုပညာသင်ကြားရေးကောင်စီအက်ဥပဒေ (MASS EDUCATION COUNCIL ACT, 1948)** ပြဋ္ဌာန်းချက်အရ လူထုပညာသင်ကြားရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့စဉ်က သက်ကြီးများ စာတတ်မြောက်ရေးအတွက် **အဖတ်အရေးအတွက်** အတိုကောက် **'အ'သုံးလုံး ကျေသင်တန်းများ**ကို ပို့ချပေးခဲ့ပြီး သက်ကြီးစာတတ်မြောက်ရေးကို ကြိုးပမ်းအားထုတ်မှုပြုခဲ့ပါသည်။ ကာလအားဖြင့် ၁၉၄၈ ခုနှစ်မှ ၁၉၅၈ခုနှစ် (ယင်း ဥပဒေရုပ်သိမ်းသည့်နှစ်အထိ) ဆယ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့ခြင်းကို လေ့လာတွေ့ရှိမှတ်သားထားရပါသည်။

**ဒုတိယပိုင်းကာလ(၁၉၆၄-၁၉၈၈)**

အများပြည်သူတို့အတွက် အသက်(၁၆)နှစ်နှင့်အထက် သက်ကြီးစာမတတ်သူများကို အခြေခံစာတတ်မြောက်ရေး 'အ'သုံးလုံးကျေရေးအတွက် ၁၉၆၄ ခုနှစ် နွေရာသီကာလတွင်အစပြု၍ မြို့နယ်များ၌ ၁၉၆၈ ခုနှစ်အထိ လေးနှစ်တာကာလအတွင်း နွေရာသီစာတတ်မြောက်ရေးသင်တန်းများ ဖွင့်လှစ် စမ်းသပ်ဆောင်ရွက်မှုပြုခဲ့ပါသည်။ အဆိုပါလေးနှစ်တာအတွင်း ရရှိခဲ့သည့် စာတတ်မြောက်ရေးလူထုလှုပ်ရှားမှု အတွေ့အကြုံများကို အခြေပြု၍ ၁၉၆၉ ခုနှစ်တွင် 'အ'သုံးလုံးကျေ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို မိတ္ထီလာမြို့နယ်၊ သာစည်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ မလှိုင်မြို့နယ် လေးမြို့နယ်၌ **နှစ်လုံးပေါက်စာတတ်မြောက်ရေး** စာတတ်မြောက်ရေး လူထုလှုပ်ရှား ကြိုးပမ်းအားထုတ်ဆောင်ရွက်မှုအသွင်ဖြင့် စေတနာလုပ်အားပေး(တက္ကသိုလ်လုပ်အားပေးကျောင်းသား ကျောင်းသူများနှင့် ဒေသခံလုပ်အားပေး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ပူးပေါင်းလုပ်အားပေး)တို့၏ အကူအညီကိုရယူကာ နှစ်လုံးပေါက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၇၁ ခုနှစ်တွင် မိတ္ထီလာခရိုင်သည် ပထမစမ်းသပ်ခရိုင်အဖြစ် ခရိုင်လုံးကျွတ် စာတတ်မြောက်သည့် ခရိုင်အဖြစ် ၁၉၇၁ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် ကြေညာနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် **နိုင်ငံတကာ စာတတ်မြောက်ရေးနေ့**အထိမ်းအမှတ်အဖြစ် ၁၉၆၉ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် မိတ္ထီလာခရိုင် မလှိုင်မြို့နယ်၌ ပထမဆုံးအကြိမ် စတင်ကျင်းပခဲ့ကြောင်း လေ့လာတွေ့ရှိမှတ်သား ထားရပါသည်။

မြန်မာနိုင်ငံတွင် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ကို ဗဟိုအဆင့်၊ ခရိုင်၊ မြို့နယ်အဆင့်များတွင် တခမ်းတနား နှစ်စဉ်နှစ်တိုင်းကျင်းပရခြင်းမှာ-

(က) ဆောင်ရွက်ဆဲဖြစ်သော စာတတ်မြောက်ရေးကြိုးပမ်းလှုပ်ရှားမှုကို **တွန်းအားပေးရန်**၊

(ခ) စာတတ်မြောက်ရေးနယ်မြေတိုးချဲ့သတ်မှတ်ရေး၊ လုပ်ငန်းတိုးချဲ့ဆောင်ရွက်ရေးတို့အတွက်လည်း **အားယူပြီး အရှိန်အဟုန်မြှင့်တင်ပေးရန်**

တို့အတွက်ဖြစ်ပါသည်။

ထိုသို့ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို တခမ်းတနား ဆောင်ရွက်ရာ၌ အခြေခံစာတတ်မြောက်ရေး စေတနာ့ဝန်ထမ်း ကြိုးပမ်းဆောင်ရွက်မှုတစ်ရပ်လုံးကို ဆန်းစစ်သုံးသပ်ခြင်းနှင့်အတူ စေတနာလုပ်အားပေးများကို ထိုက်ထိုက်တန်တန် အသိအမှတ်ပြုခြင်း၊ စာတတ်မြောက်လာသူများကိုလည်း ထိုက်ထိုက်တန်တန် ဂုဏ်ပြုခြင်းတို့ကို တစ်ပါတည်းပြုလုပ်ကြရပါသည်။

နိုင်ငံတကာစာတတ်မြောက်ရေးနေ့တွင် မြန်မာနိုင်ငံအတွင်း စာတတ်မြောက်ရေးကြိုးပမ်းလှုပ်ရှားမှု သတင်းများပြသခြင်း၊ ရိုက်ကူးထားသော ရုပ်ရှင်ကားများပြသခြင်း၊ **ဘယ်သူပြိုင်လို့ လှပါတော့နိုင်** ရုပ်ရှင်ကိုပြသခြင်း၊ **'အ'သုံးလုံးကျေ၊ ဝ ထ က လ သ** တေးသီချင်းများထုတ်လွှင့်ခြင်း၊ စာတတ်မြောက်ရေးနှင့်စပ်လျဉ်းသည့် ဟောပြောပွဲ၊ ဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲများ ကျင်းပခြင်းတို့ကိုလည်း ပြုလုပ်ကြပါသည်။

ထို့ပြင် အများပြည်သူတို့ကို ကျယ်ကျယ်ပြန့်ပြန့်အသိပေးမှု၊ ပါဝင်မှုအနေဖြင့် စာတတ်မြောက်ရေးဆိုင်ရာ ပြပွဲများ ခင်းကျင်းပြသခြင်း၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများ ကျင်းပခြင်း၊ ဆုများချီးမြှင့်ခြင်း၊ ဂုဏ်ပြုခြင်းတို့ကိုလည်းပြုလုပ်၍ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို ပြည်သူတို့အောင်ပွဲအဖြစ် စာမတတ်မှု **အနုတ်လက္ခဏာ**မှ စာတတ်မြောက်မှု **အပေါင်းလက္ခဏာ**သို့ အောင်မြင်စွာပြောင်းလဲတက်လှမ်းနိုင်မှုကို ပြသဂုဏ်ယူခြင်း၊ ဂုဏ်ပြုခြင်း၊ မုဒိတာပွားများခြင်း စသည်တို့ကို ပြုလုပ်ကြရပါသည်။ သို့ဖြင့် နိုင်ငံတကာ စာတတ်မြောက်ရေးအထိမ်းအမှတ်ပွဲကို ပြည်သူ့အောင်ပွဲတစ်ရပ်အဖြစ် ခြိမ့်ခြိမ့်သဲသဲ တစ်ခဲနက်ကျင်းပရခြင်းဖြစ်ပေသည်။ သို့ဖြင့် အများပြည်သူတို့၏ နိုးကြားတက်ကြွမှု၊ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ သောင်းသောင်းဖြဖြ အားထည့်အားပေးအားထုတ်မှုတို့ကိုလည်း ဖော်ထုတ်ဖော်ဆောင်ခြင်း ပြုကြရပါသည်။

၁၉၆၄ ခုနှစ်မှ ၁၉၈၈ခုနှစ်အထိ ၂၄ နှစ်တာကာလအတွင်း ထိုစဉ်က မြို့နယ်ပေါင်း ၃၁၈ မြို့နယ်အနက် ၂၉၇ မြို့နယ်တို့တွင် စေတနာလုပ်အားပေးပေါင်း ၄၉၀၃၉၈ (လေးသောင်းကျော်)တို့က သင်ကြားပေးခဲ့သဖြင့် စာမတတ်သူပေါင်း ၂၄၁၀၉၇၉ ဦး (နှစ်သန်းကျော်)သည် စာတတ်မြောက်လာခဲ့ကြပေသည်။

မြန်မာနိုင်ငံစာတတ်မြောက်ရေး ကြိုးပမ်းလှုပ်ရှားမှုသမိုင်းတွင် စာမတတ်သူပြည်သူ နှစ်သန်းလေးသိန်းကျော် စာတတ်မြောက်လာမှုသည် ထူးခြားမြင့်မြတ်သော၊ ကြီးမားသော ပြည်သူ့ကြိုးပမ်းအားထုတ်မှုဟု ဆိုရပါမည်။ ဆိုနိုင်ပါသည်။ ဆိုပါသည်။ စင်စစ်အားဖြင့် ဤစာတတ်မြောက်မှုရလဒ်သည် မြန်မာ့ဂုဏ်ဆောင်၊ မြန်မာ့ဂုဏ်ရောင် ပြောင်စေသည့်ရလဒ်ကောင်းဖြစ်ကြောင်း ကျွန်ုပ်တို့ကောင်းစွာ သမိုင်းမှတ်တမ်းတင်နိုင်ခဲ့ပါသည်။

**ဆုကြီးများ ဆွတ်ခူးရရှိမှု**

၁၉၆၄ခုနှစ်မှ ၁၉၇၁ခုနှစ် ခုနစ်နှစ်အတွင်း မြန်မာနိုင်ငံစာတတ်မြောက်ရေး ကြိုးပမ်းလှုပ်ရှားဆောင်ရွက်နေစဉ်ကာလအတွင်း ထူးထူးခြားခြား မှတ်မှတ်သားသားအနေဖြင့် ဖော်ပြရပါမူ အထက်ဖော်ပြပါ နှစ်စဉ် ကျင်းပသော နိုင်ငံတကာစာတတ်မြောက်ရေးနေ့များအနက်-

(က) ၁၉၇၁ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့ နိုင်ငံတကာစာတတ်မြောက်ရေးနေ့တွင် ပြင်သစ်နိုင်ငံ ပါရီမြို့ ယူနက်စကိုအဖွဲ့ချုပ်က မြန်မာနိုင်ငံ စာတတ်မြောက်ရေးကြိုးပမ်းလှုပ်ရှားဆောင်ရွက်မှုကို ဂုဏ်ပြုချီးမြှင့်သောအနေဖြင့် **မိုဟာမက်ရီဇာဖာလာဗီဆု**။
(အလှူရှင်နိုင်ငံမှာ အီရန်နိုင်ငံဖြစ်ပါသည်။)

(ခ) ၁၉၈၃ ခုနှစ် စက်တင်ဘာလ ၈ ရက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့တွင် ယူနက်စကိုအဖွဲ့ချုပ်က မြန်မာနိုင်ငံစာတတ်မြောက်ရေး ဆက်လက်ကြိုးပမ်းလှုပ်ရှားဆောင်ရွက်မှုကို ထပ်မံဂုဏ်ပြုချီးမြှင့်သည့်အနေဖြင့် နိုမာဆု ထပ်မံချီးမြှင့်လာသည့်ဆု။
(အလှူရှင်မှာ ဂျပန်နိုင်ငံဖြစ်ပါသည်။)

တည်းဟူသော စာတတ်မြောက်ရေးကြိုးပမ်းမှု ကမ္ဘာ့ဆုကြီးနှစ်ဆုကို အမိမြန်မာနိုင်ငံတော်အနေဖြင့် ထိုက်ထိုက်တန်တန်ဆွတ်ခူးရရှိခဲ့ခြင်းပင်ဖြစ်ပါသည်။

ထိုသို့ဆုများဆွတ်ခူးရရှိခဲ့ခြင်းသည် စင်စစ်အားဖြင့် မြန်မာပြည်သူပြည်သားတို့၏ စာမတတ်သူများကို စာတတ်မြောက်လာစေရေးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းအားထုတ်မှု အောင်တံခွန် အောင်လံတော်ကို နိုင်ငံတကာအလယ်တွင် တင့်တယ်ဝင့်ထည် ခံ့ညားစွာ မြင့်မြင့်မားမား စိုက်ထူလွှင့်ထူနိုင်ခဲ့ခြင်းပင်ဖြစ်ပါသည်။

**စာမျက်နှာ ၇ သို့**

# စာသင်ကြစို့ ဖော်ချင်းတို့

(အိုင်ချင်း)

❖ ချစ်တဲ့သူငယ်လေ
စပါးထောင်းဘက်၊ နွားကျောင်းဘက်ရေ။

❖ ညည်းတို့ကျုပ်တို့၊ စာသင်ဖို့တဲ့
မြို့ရိုပ်ကွန်းခို၊ တက္ကသိုလ်က
အပျိုချောချော၊ လူပျိုချောတွေ
တို့တောရွာကို ရောက်နေတယ်။

❖ တကယ်လားဟယ်၊ ယောက်မရယ်
ငါငယ်ငယ်က၊ သင်ချင်လှတဲ့
ဝလုံးကလေး၊ ဝိုင်းဝိုင်းရေးဖို့
တွေးပြီးစိတ်ကူး ရူးခဲ့ဖူးတယ်။

❖ ရူးသာရူးရ၊ မသင်ရတော့
လောကအလယ်၊ မျက်နှာငယ်နှင့်
ရှက်ဖွယ်ကောင်းလှပါရဲ့တော်။

❖ ရှက်စရာဘဝ၊ လွတ်မြောက်ရဖို့
အ သုံးလုံးကျေ၊ သင်ပေးနေပြီ
လက်ဗွေမမှတ်
ကြက်ခြေမခတ်
ရေးတတ်ဖတ်တတ်၊ တို့စာတတ်ပေါ့
မြတ်တဲ့ဘဝ တို့ပြန်ရလို့
ခုမှစိတ်အေးရတော့တယ်။

❖ အ သုံးလုံးကျောင်း၊ သစ်ရိပ်ကောင်းမှာ
စုပေါင်းပျော်မြူး၊ ရှက်ပါဘူးအေ။

❖ အ သုံးလုံးကျောင်း၊ သစ်ရိပ်ကောင်းမှာ
စုပေါင်းပျော်ရွှင်၊ တို့စာသင်မယ်။

❖ အလိုလေ့အေ. . .။
စပါးထောင်း အား၊ နွားကျောင်းနားရင်
သွားစို့ပျော်ရွှင်၊ သစ်ရိပ်ဝင်ပြီး
စာသင်ကြစို့ ဖော်ချင်းတို့ရေ. . .။ ။

ရေနံ့သာမောင်ကျော်ညွန့်

# ကျွန်မတို့ငယ်ငယ်က နှလုံးလှဆရာဝန်

## တင့်တင့်ကြည်

အတန်းဖော် သူငယ်ချင်းတစ်ဦးကို ပြန်သတိရနေသည်။

အရပ်ပုပုစကားနည်းနည်းတစ်စုံတစ်ခုကို တည်ငြိမ်စွာ စဉ်းစားနေဟန်ရှိသော်လည်း သူက အားကစားသမားကောင်း ဖြစ်သည်။ တက္ကသိုလ်ကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲတွင် သူက မန္တလေးဆေးတက္ကသိုလ်၏ တာဝေးချန်ပီယံ လက်ရွေးစင်ဖြစ်သည်။ တစ်ခါတုန်းက မန်းကျူးတစ်ပတ်ပြေးပြိုင်ပွဲကို ကျောင်းမှာကျင်းပရာ သူပထမဝင်၏။ ဒုတိယနှင့် နာရီဝက်ကျော်ပြတ်သည်။ သူ့မှာ ပေ့ါပေ့ါပါးပါး။ တာဝေးအပြေးရှင်အနေနှင့် ဒုတိယအမ်ဘီ(အကြီး၊ အငယ်) အတန်းနှစ်တန်းပြိုင်ရာ သူက ကျွန်မတို့ အငယ်တန်းအတွက် ရွှေတံဆိပ်များ သိမ်းကျုံးယူပေးသည်။ အသင်းလိုက် ပူးတွဲချန်ပီယံအတန်းဖြစ်ခဲ့ရသောကြောင့် မမေ့။ ကျွန်မကတော့ သုံးယောက်ပြိုင်သောပွဲများတွင် တတိယရသည်။ ဒုတိယလည်းရသည်။ ကျောင်းသားတစ်ဦးအတွက် မမေ့နိုင်စရာ တက္ကသိုလ်နေ့ရက်များပါ။

သူက မေ့လောက်စရာမရှိသူ။ ဆေးကျောင်းဝင်စလူမမြင်ရခင်ကပင် ထူးဆန်းသောသတင်းများ ကြားရသည်။ အရပ်ပုပျပ်ပျပ် ကိုအင်လန်းအောင်ကို ဆေးတက္ကသိုလ် မန္တလေးတွင် ဒုတိယအမ်ဘီမှ စသင်သော ၁၉၈၁ မေလတွင် ဆုံခဲ့ကြသည်။ သွားဆေးတက္ကသိုလ်မှ ပြောင်းလာတာတဲ့။ သူ့တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာတွင် သူက သွားဆေးတက္ကသိုလ်သို့သာ မီလောက်သည်ထင်ပြီး လျှောက်ခဲ့သည်။ တိုင်းရင်းသားလူငယ်ဖြစ်ပြီး ရိုးသားဟန်အပြည့်နှင့် မောင်ကျောင်းသားကို ထိုခေတ်က လူတွေ့စစ်ဆေးချိန်တွင် လူလေးမင်းအမှတ်က ဆေးတက္ကသိုလ်သို့ တက်ခွင့်ရှိသကွဲ့။ မင်းများစိတ်ဝင်စားရင် မန္တလေးဆေးတက္ကသိုလ်မှာ တက်ရောက်ရအောင် စီစဉ်ပေးမကွဲ့ဟု လူကြီးများကမေးကြရာ သူ့ဆန္ဒဖြင့် ရောက်ရှိလာခြင်းဖြစ်သည်။

ထိုစဉ်က အခြေခံပညာအထက်တန်း၊ ဒေသကောလိပ်ပထမနှစ်၊ ဒုတိယနှစ် ထိုသုံးနှစ် အမှတ်ပေါင်းပျမ်းမျှကို အများ၊ အနည်းစီကာ တက္ကသိုလ်ဝင်ခွင့်များလျှောက်ရသည်။ ဒေသကောလိပ် ပထမနှစ်တွင် သိပ္ပံ၊ ဝိဇ္ဇာနှစ်မျိုးရှိပြီး နောက်ထပ် သိပ္ပံသင်္ချာ၊ သိပ္ပံဇီဝထပ်ခွဲ၊ ဝိဇ္ဇာသင်္ချာနှင့် ဝိဇ္ဇာရိုးရိုးထပ်ခွဲကာတစ်ခုကိုသာ လျှောက်ရသည်။ ဒုတိယနှစ်တွင် လုပ်ငန်းအတတ်ပညာတစ်ခုကို ရွေးရသည်။ မွေးမြူရေး၊ စိုက်ပျိုးရေး၊ ရုပ်ရှင်လုပ်ငန်း၊ စားသောက်ကုန်စသဖြင့်။ ထိုနှစ်များကို ဖြတ်ကျော်ပြီး ကချင်ပြည်နယ်သား ကိုအင်လန်းအောင်တစ်ယောက် မန္တလေးဆေးတက္ကသိုလ်သို့ ရောက်ရှိလာခြင်းဖြစ်သည်။ ဗထူးဆောင်၊ အောင်ဆန်းဆောင်တွင် အခြားဆေးကျောင်းသားများနည်းတူ အဆောင်နေခဲ့သည်။

ထိုလူငယ်လေးအကြောင်းကို ပြောစရာဖြစ်သွားခဲ့သည်ကို မှတ်မိသည်။ အလွန်နာမည်ကြီးသော ဇီးကွက်စိန်အမည်ရှိ ညောင်ဦးဘက်မှ အရပ်ခုနစ်ပေကျော်ရှည်သော အမျိုးသမီးကွယ်လွန်ပြီးနောက် အရိုးစုကို ချိတ်ဆွဲထားရာ မန်းဆေး၏ ခန္ဓာဗေဒပြတိုက်အတွင်း သူ့ကိုမေးသည်။ အများစုက သိသော်လည်း သူကမသိပါတဲ့။ မကြားဖူးတဲ့။ သို့သော် စာမည့်ပါ။ ထူးချွန်အဆင့်မဟုတ်သည့်တိုင် အတန်းတိုင်းစာမေးပွဲတိုင်းအောင်သည်။ တော်သည်။

ကျွန်မလည်း ဒုတိယအမ်ဘီအပြီးတွင် ရန်ကုန်ဆေးတက္ကသိုလ် (၁)သို့ပြောင်းခဲ့ရာ သူငယ်ချင်းများနှင့် ဝေးခဲ့ရသည်။ သို့သော် နောက်ငါးနှစ် အလုပ်သင်ဆရာဝန်ပြီးခါနီးတွင် အင်လန်းအောင် မြေအောက်မြေလျှိုးသွားခဲ့ကြောင်း ကြားခဲ့ရသည်။ ထိုသတင်း သေချာသည်ကို ၁၉၈၉ ခုနှစ် မြစ်ကြီးနားလက်ထောက်ဆရာဝန်ဖြစ်သောအခါ ကျွန်မသိရသည်။ ကျွန်မ၏ လက်ထောက်ဆရာဝန်ဘဝပထမဆုံးတာဝန်သည် ကချင်ပြည်နယ် မြစ်ကြီးနားဆေးရုံဖြစ်လို့ပါ။

မြစ်ကြီးနားတွင် မန္တလေးဆေးတက္ကသိုလ်ဆင်း ဆရာဝန်သူငယ်ချင်းများဖြစ်သည့် ထွန်းထွန်းပိုင်၊ ဂျာအောင်၊ ဘရန်အောင်တို့နှင့် တွေ့ရသည်။ မြစ်ဆုံအထိ သွားလို့မရသေးချိန် သူတို့က ကျွန်မကို ကရိန်နော်လိုက်ပို့ကြသည်။ ထိုစဉ်က ဘရန်အောင်က အင်လန်းအောင်ရှိနေလို့ သူက သွားစရာမလိုတာဟု ကျွန်မကိုပြောသည်။ ကျွန်မတို့မှာ ဘက်နှစ်ဖက်မရှိ၊ အင်လန်းအောင်ရှိသည့်ဘက်ကလည်း ကိုယ့်ရန်သူမဟုတ်။ အားလုံးမိတ်ဆွေတွေချည်းဖြစ်သည်။ သို့သော် မိတ်ဆွေ၊ ရန်သူခွဲခြားကာ ဘက်ခွဲနေကြသည်ကို သိလိုက်ရသည်။ ဩော်ဒါက နိုင်ငံရေးဖြစ်နေပါရော့လား။

ဆေးရုံဆိုတာက ဘက်ခွဲလို့မရ။ အားလုံးကိုလုပ်ပေးလိုက်သည်။ အရောင်မရှိ၊ တစ်ခါက မီးယပ်သားဖွားဆောင်တွင် မိန်းမကို သတင်းလာမေးသူနှင့် ဆေးရုံမှအထွက်တွင် နောက်မှစောင့်ကြည့်လိုက်လာသောအဖွဲ့နှင့် အချင်းချင်း ပစ်ခတ်သလို ဖြစ်ခဲ့ဖူးသည်။

ကချင်ပြည်နယ်တွင် ကျွန်မက နှစ်နှစ်သုံးလအလုပ်လုပ်ခဲ့သည်။ အင်လန်းအောင် သူငယ်ချင်းပါလို့ ဟိုဘက်က လာခေါ်ရင်ပြောပစ်မယ်လို့ စိတ်ကူးထားသည်။ သို့သော် ဘယ်သူမှလည်းလာမခေါ်ကြပါ။ ပါဂျိုနားဖော့တိုက်ပွဲများ၊ မိုင်းထိလူနာများနှင့် ဆေးရုံတွင် စည်ကားနေသည့်အချိန်များမမေ့နိုင်။ ဆေးရုံအကြောင်းကို တွေးမိလျှင် သုံးလမပြည့်သေးခင် သွေးလျှူချင်နေသော အလုပ်သမားခွန်ဂျပ်ကိုမမေ့။ ရင်ခွဲရုံစောင့်တာဝန်ကို တစ်သက်လုံးထမ်းခဲ့သော ဦးလေးကြီးက ပင်စင်ဆိုတာနားမလည်။ ပင်စင်ယူပြီး အနားပေးလိုက်သည့်တိုင် ည ၉ နာရီဆိုလျှင် အရေးပေါ်သို့ရောက်လာပြီး ရင်ခွဲရုံသော့လာတောင်းသည်။ သူအလုပ်လုပ်ချင်နေသေးသည်။ စစ္စတာနားလည်အောင် ရှင်းပြသည်။ မရ။ အိမ်မှာ သူ့အဘွားကြီးတစ်ယောက်တည်း ရှိတာကိုစိတ်မပူ၊ သူအလုပ်လုပ်ချင်နေတာ၊ မလုပ်ရမှာကိုသာ စိတ်ပူနေသည်ကို တွေ့ရသည်။ သိပ်သစ္စာရှိကြသည်။ အရေးပေါ်ခွဲစိတ်မှုများကို မီးမလာလျှင် မီးစက်နှင့်ခွဲရုံပေ့ါ။ ညတွင် လူနာလှည့်ကြည့်လျှင် အားပြန်သွင်းလို့ရသော လက်ဆွဲမီးအိမ်တွေနှင့်ပေ့ါ။ အိပ်နေတုန်းဆေးရုံကားလာခေါ်လျှင် လိုက်သွားခဲ့သည်မှာ အမှန်ပင်။ ညသန်းခေါင်လည်း ဘာမှမဖြစ်ခဲ့။ ဝန်ထမ်းနေအိမ်ရှေ့ ပတ်လည်ကျင်းတူးထားသည်ကတော့ အချိန်မရွေးပတ်ပြေးရန် ကျင်းများပင်ဖြစ်သည်။

ထိုအချိန် မြောက်ပိုင်းကုန်းမြင့်များတွင် တပ်မတော်နှင့် ကေအိုင်အေတို့ ပစ်ခတ်ကြသည်။ နှစ်ဖက်စလုံး၏ ဆေးမှူးများမှာ ကျွန်မတို့ သူငယ်ချင်းများ၊ အစ်ကိုကြီးများဖြစ်သည်။ အစ်ကိုမျိုးမြစ်အောင်က တိုက်ပွဲတစ်ခုအပြီး ပစ္စည်းသိမ်းရာ ခွဲစိတ်ကုစာအုပ် Bailey and Love ဆိုသော Henry Hamilton Bailey ရေးသောစာအုပ်ကြီးကို စခန်းသိမ်းတိုက်ပွဲအပြီးတွေ့ခဲ့ရပြီး ပိုင်ရှင်ဖြစ်သူ အင်လန်းအောင် လက်မှတ်ထိုးထားသည့်အတွက် အစ်ကိုကြီးမှာ ရင်ထုမနာစိတ်မကောင်းဖြစ်စွာ ကျွန်မတို့ကို ပြန်ပြောခဲ့သည်။

> **လူနာတွေ အားလုံးလွတ်အောင် သယ်ခဲ့သည်။ လူနာတွေ လွတ်မြောက်ရေးက အဓိက။ သူက အပြေးချန်ပီယံ၊ အစွမ်းအပြည့်ရှိသူပါ။ သို့သော် သူ့အတွက် အရင်မစဉ်းစားခဲ့ပါ။ ချောင်းထဲကို လမ်းမလျှောက်နိုင်တဲ့ ဒဏ်ရာရနေတဲ့ ကျွန်တော့်လူနာတွေ ဘယ်လိုမှပါမသွားစေရ။ ကျွန်တော် အကောင်းဆုံးအားထုတ်မည်။**

သူကတော့ကေအိုင်အေဘက်မှ ဒဏ်ရာရသူများအတွက် နှလုံးလှဆရာဝန်ဖြစ်မှာပါ။ နှစ်အတိအကျမမှတ်မိတော့သောအချိန်၊ ခန့်မှန်းခြေအားဖြင့် ကျွန်မတို့တစ်တွေ ဆရာဝန်ဖြစ်ပြီး ခြောက်နှစ်ခန့်တွင် သူ့သတင်းပြန်ကြားရသည်။ ထိုအချိန်တွင် ကျွန်မက ရန်ကုန်သို့ ပြန်ရောက်နေပါပြီ။ ထိုးစစ်တွေအတွင်း သူလည်း လူနာစခန်းနှင့်အတူ ပြေးကြပါသည်။ တစ်ကြိမ်တွင် သူနှင့် လူနာ ၁၅ ဦးခန့် နားနေသော စခန်းမှာချောင်းရေ မမျှော်လင့်ဘဲ မြင့်တက်လာသည်။ ပြေးနိုင်သည့်လူနာတွေက ပြေးကြသည်။

မပြေးနိုင်သောလူနာတွေကို သူကိုယ်တိုင်ထမ်းကယ်သည်။ အပြေးချန်ပီယံ သူ့အတွက် သူမပြေးပါ၊ မပြေးနိုင်သော ဒဏ်ရာရသူများအတွက် သူပြေးပါသည်။ ထမ်းပြီးပြေးပါသည်။ တောင်ပေါ်မှာ တောထဲမှာ အသွားအပြန် အခေါက်ခေါက် သယ်ပြီးပို့သည်။ တစ်ခေါက်ပြီးတစ်ခေါက်သယ်သည်။ လူကိုယ်တိုင်ကမူ အာဟာရရှိတာစား၊ မီးနှင့်ချက်လို့ရသည်မဟုတ်။ တိုက်ပွဲတွေက ဆက်တိုက်၊ ဒဏ်ရာရသူတွေကို မနားတမ်းဆေးထည့်၊ ခွဲစိတ်ပေးခဲ့သည်။ သို့သော် ထိုနေ့ကတော့ သူမနိုင်တော့ပါ။ နောက်ဆုံးလူနာဘေးကင်းအောင် ပို့ပေးပြီးသည်နှင့် သူ့အားတင်းထားသမျှ လျော့ကျသွားသည်။ ချောင်းရေအရှိန်အဟုန်ကို သူဘယ်လိုမှ မထိန်းထားနိုင်တော့ပါ။ သွားခဲ့ပြီ။ အကောင်းဆုံး ကြိုးစားခဲ့ပါသည်။ လောကကြီးက သိပါသည်။ ဘုရားသခင် သိပါသည်။ လူနာတွေ အားလုံးလွတ်အောင် သယ်ခဲ့သည်။ လူနာတွေ လွတ်မြောက်ရေးက အဓိက။ သူက အပြေးချန်ပီယံ၊ အစွမ်းအပြည့်ရှိသူပါ။ သို့သော် သူ့အတွက် အရင်မစဉ်းစားခဲ့ပါ။ ချောင်းထဲကို လမ်းမလျှောက်နိုင်တဲ့ ဒဏ်ရာရနေတဲ့ ကျွန်တော့်လူနာတွေ ဘယ်လိုမှပါမသွားစေရ။ ကျွန်တော် အကောင်းဆုံးအားထုတ်မည်။

အင်လန်းအောင်ဆိုတာ အဲသလိုလူ၊ နှလုံးလှဆရာဝန်၊ သစ္စာကြီးမားသူ၊ သူ့အသက်ကို မငဲ့စတမ်းဆောင်ရွက်ခဲ့သော သူ့ရဲ့ နောက်ဆုံးရက်များ။ နောက်ဆုံးအချိန်များ။ လူနာအားလုံး ရေစီးဘေးမှ လွတ်မြောက်ခဲ့သည်။ သို့သော် သူကမူ လွတ်အောင်မရုန်းနိုင်တော့။ နောက်ဆုံးလူနာအတွက် သယ်ပြီးသည်နှင့် မရုန်းနိုင်တော့ပါ။ မျောပါသွားခဲ့သည်။ စစ်ဆိုတာက အခုချိန်ထိ မပြီးဆုံးနိုင်သေး။ သူ့ကို သတိရနေသည်။ ယနေ့အချိန်တွင် အင်လန်းအောင် ဘာပြောမလဲ ကျွန်မစဉ်းစားကြည့်သည်။ သူပြောချင်တာကို ကျွန်မသိနေသည်ဟု ကျွန်မထင်သည်။ အလွန်ရိုးသားသော၊ အလွန်သစ္စာကြီးသော၊ အလွန်ကြိုးစားသော၊ အင်လန်းအောင်ပေါင်းများစွာ ကျွန်မတို့ဆုံးရှုံးခဲ့ရပြီဖြစ်သည်။ အင်လန်းအောင်များစွာ ဖြစ်နိုင်ခွင့်ရှိသည်။ ပြည်တွင်းစစ်များ ရပ်စဲပါစေ၊ အင်လန်းအောင်လိုလူတွေ မဆုံးရှုံးပါရစေနှင့်။ ညီလာခံမှာ စကားတွေအများကြီးပြောကြတာ ရေဒီယိုထဲမှ ကြားရသည်။ သူတို့ကိုအင်လန်းအောင်အကြောင်း ပြောပြချင်သည်။ သူရှိခဲ့လျှင် အင်လန်းအောင် ဘာပြောမည်နည်း။ သူငယ်ချင်းကို ရှင်လျက်တွေ့ရလျှင် မေးလိုက်ချင်ပါသည်။ ။

---

**စာမျက်နှာ ၆ မှ**

တစ်နည်းအားဖြင့်ဆိုရပါမူ မြန်မာနိုင်ငံ တိုင်းရင်းသားအများပြည်သူတို့အတွက် စာတတ်မြောက်စေရန် **အမျိုးသားရေးအသိ၊ အမျိုးသားရေးအမြင်၊ အမျိုးသားရေးခံယူချက်**ဖြင့် တစ်မျိုးသားလုံး၏ ကြိုးပမ်းမှုဖြင့် ဆောင်ရွက်သည့် စာတတ်မြောက်ရေးလှုပ်ရှားမှုတွင် မဆုတ်မနစ်သောဇွဲ၊ လုံ့လ၊ ဝီရိယစိုက်ထုတ်မှု၊ မဖြစ်မနေကြိုးပမ်းအားထုတ်မှုတို့ကို ကမ္ဘာ့စာတတ်မြောက်ရေးသမိုင်းဝင် သမိုင်းမှတ်တမ်းတင်နိုင်ခဲ့ခြင်းပင်ဖြစ်ပေသည်။

**တတိယပိုင်းကာလ(၂၀၁၃-၂၀၁၆)**

၁၉၈၈ ခုနှစ် ရှစ်ဆယ့်ရှစ်အရေးအခင်းနောက်ပိုင်းတွင် မြန်မာနိုင်ငံ စာတတ်မြောက်ရေး စေတနာလုပ်အားပေးဖြင့် ကြိုးပမ်းလှုပ်ရှားဆောင်ရွက်မှုသည် အခြေအနေအရပ်ရပ်နှင့် အကြောင်းအမျိုးမျိုးတို့ကြောင့် ဆိုင်းငံ့သွားခဲ့ပါသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံး သန်းခေါင်စာရင်းကောက်ယူနိုင်သည့် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ အသက်(၁၅) နှစ်နှင့်အထက် သက်ကြီးစာမတတ်သူဦးရေသည် ၃ ဒသမ ၅ သန်းခန့်ရှိကြောင်းကို လေ့လာသိရှိမှတ်သားရပါသည်။ ထိုအသက်(၁၅)နှစ်နှင့်အထက် သက်ကြီးစာမတတ်သူများကို စာတတ်သူများဖြစ်လာအောင် ကျွန်ုပ်တို့ ဆက်လက်ကြိုးပမ်းအားထုတ်လုပ်ဆောင်ကြရမည်သာဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်း သက်ကြီးအခြေခံစာတတ်မြောက်ရေးအတွက် **ပထမပိုင်းကာလ (၁၉၄၈-၁၉၅၈)ခုနှစ်** နှင့် **ဒုတိယပိုင်းကာလ(၁၉၆၄-၁၉၈၈) ခုနှစ်** ထိုကာလနှစ်ရပ်အတွင်း နွေရာသီ “အ”သုံးလုံးကျောသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့မှု အတွေ့အကြုံများနှင့် ၁၉၆၉ ခုနှစ် နောက်ပိုင်း နှစ်လုံးပေါက် “အ”သုံးလုံးကျောသင်တန်းများ၊ ခရိုင်လုံးကျွတ် စာတတ်မြောက်သည်အထိ ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့မှု အတွေ့အကြုံများ၊ လုပ်ငန်းသင်ခန်းစာအမြောက်အမြားကို ရရှိထားပြီးဖြစ်ပါသည်။

ထို့ပြင် ၂၀၁၃၊ ၂၀၁၄၊ ၂၀၁၅နှင့် ၂၀၁၆ခုနှစ်များအတွင်း နှစ်စဉ်မြို့နယ် ၃၀ ရွေးချယ်သတ်မှတ်၍ မြန်မာနိုင်ငံပညာရေးသုတေသနဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့၏ ကမကထဖြင့် ဆောင်ရွက်ခဲ့သော တစ်မြို့နယ်လျှင် စာသင်ဝိုင်း ၂၀၀ ကို နွေရာသီ၊ ဧပြီလ ၁ ရက်နေ့မှ မေလ ၁၅ ရက်အထိ ရက်ပေါင်း ၄၀ စုစုပေါင်း သင်ယူချိန် နာရီ ၁၂၀ ကြာ သင်ကြားသင်ယူမှုပြုခဲ့သည့် လှုပ်ရှားမှုအတွေ့အကြုံများနှင့် လုပ်ငန်းသင်ခန်းစာများကိုလည်း လောလောဆယ် ထပ်မံရရှိထားပြီးဖြစ်ပါသည်။

ပထမပိုင်းကာလ၊ ဒုတိယပိုင်းကာလ၊ တတိယပိုင်းကာလများအတွင်း အခြေခံစာတတ်မြောက်ရေးတွင် အသုံးပြုခဲ့သော စာသင်သားကိုင် သက်ကြီးဖတ်စာများ၊ ဆရာကိုင်သက်ကြီး ဖတ်စာလမ်းညွှန်များ၊ ဆက်လက်ဖတ်စရာ သက်ကြီးစာပဒေသာများ ယခုအခါ မွမ်းမံပြင်ဆင်ပြီး အသင့်ရှိနေပြီဖြစ်သည်။ သက်ကြီးစာတတ်မြောက်ရေး၊ စေတနာလုပ်အားပေး၊ တက္ကသိုလ်ကျောင်းသားကျောင်းသူများနှင့်လက်တွဲ၍ အစအဆုံးဆောင်ရွက်နိုင်သော နယ်မြေဒေသခံလုပ်အားပေးများကိုလည်း စည်းရုံးရရှိနိုင်သည့် အခြေခံအခြေအနေကောင်းများလည်း ယခုအခါ ရှိနေပြီးဖြစ်ပါသည်။

သက်ကြီးစာတတ်မြောက်လာသူများအတွက် ဆက်လက်၍ ရပ်ကျေးအလိုက် ဖွဲ့စည်းဖော်ဆောင်ပေးကြရမည့် ရပ်ရွာပညာပဒေသာများကိုပါ စနစ်တကျဖွဲ့စည်းဖော်ဆောင်ပြီး စာဖတ်တတ်လာသူများ စာဖတ်တတ်မှု မေ့ပျောက်မသွားကြစေရန်၊ စာဖတ်ရှိန်မြင့်တင်ပေးရန်၊ စာဖတ်ဝိုင်းများဖွဲ့စည်းဆက်လက်ဖတ်ရှုစေရန်၊ စာဆက်လက်ဖတ်ရှုခြင်းကြောင့် ဗဟုသုတများပွားများကြွယ်ဝလာစေရန်၊ သက်မွေးဝမ်းကျောင်းမှုအထောက်အကူပြုစာပေများကို တိုးချဲ့ဖတ်ရှုလေ့လာနိုင်သဖြင့် လုပ်ငန်းအကျိုးပြု စာတတ်မြောက်မှုပါ ဖြစ်ထွန်းလာစေရန်၊ ဝင်ငွေတိုးလုပ်ငန်းများ၊ ဘဝသာယာရေးလုပ်ငန်းများကိုပါ တစ်ပါတည်း ဆောင်ရွက်လာနိုင်မှုအခြေအနေသို့ လှမ်းတက်ရောက်ရှိနိုင်စေရန်တည်းဟူသော အခြေခံစာတတ်မြောက်ခြင်း၏ အကျိုးကျေးဇူးများကို လက်တွေ့ကျကျသိရှိ ခံစားရရှိလာနိုင်ကြမည်ဖြစ်ပါသည်။


အချုပ်အားဖြင့် အသက်(၁၅)နှစ်နှင့်အထက် သက်ကြီးစာမတတ်သူများကို အခြေခံစာတတ်မြောက်ရေးမှ လုပ်ငန်းအကျိုးပြုစာတတ်မြောက်မှုသို့ ဆောင်ကြဉ်းပေးနိုင်ခြင်းဖြင့် နိုင်ငံတော်က အားကိုးအားထားရမည့် စာတတ် လူ့စွမ်းအားအရင်းအမြစ်အဖြစ် ပြောင်းလဲရောက်ရှိလာကြမည်ဖြစ်ပါသည်။ သို့ဖြင့် နိုင်ငံတော်၏ **တက်ကြွထုတ်လုပ်မှုစွမ်းအားရှင်(ACTIVE PRODUCTIVE IORLE)လည်း**ဖြစ်လာပါလိမ့်မည်။

နိုင်ငံတော်၏ စွမ်းအားမကုန်ခန်းနိုင်သော လူ့စွမ်းအားအရင်းအမြစ်ကသာ နိုင်ငံတော်၏ မြေပေါ်မြေအောက်ရှိ သဘာဝသယံဇာတရင်းမြစ်ကြွယ်ဝမှုစနစ်တကျအကျိုးရှိရှိထုတ်ယူသုံးစွဲနိုင်စွမ်းအံ့မခန်းရှိလာမည်မှာ အမှန်ဖြစ်ပါသည်။

သို့ဖြစ်၍ ပညာဖြင့်ကြွယ်ဝသော လူ့စွမ်းအားအရင်းအမြစ်ကသာ ကြွယ်ဝသောနိုင်ငံတော်၏ သဘာဝရင်းမြစ်များကို ထိန်းထိန်းသိမ်းသိမ်း အကျိုးရှိရှိ သုံးစွဲသွားနိုင်ခြင်းကြောင့် နိုင်ငံတော်သည် တကယ့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်အဖြစ် နှစ်ဆယ့်တစ်ကမ္ဘာ့ရွာတွင် သူရယူရမည့်နေရာမှန်ကို ရယူသွားနိုင်မည်ဖြစ်ပါကြောင်း နိုင်ငံ့အကျမျှော်၍ နှစ်(၅၀)မြောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့တွင် နှိုးဆော်ဆွေးနွေးတိုက်တွန်းလိုက်ရပါကြောင်း။

**ဘဝတစ်ထောင် အလှဆောင်ဖို့**<br>
**“အ” အမှောင်တွေ ချေမှုန်းလေအံ့**<br>
**တို့ရပ် တို့မြေ လင်းရောင်ဝေဖို့**<br>
**“ဝ” တွေဆီမီး ထွန်းညှိပြီးလျှင်**<br>
**ခရီး ရှေ့သို့ ဆက်ကြစို့။ ။**

**တင်မိုး**





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးတို့ တွေ့ဆုံဆွေးနွေးစဉ်။ (အပေါ်ပုံ) နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နယူးဇီလန်နိုင်ငံဝန်ကြီးချုပ် မစ္စတာဂျွန်ကေတို့ တွေ့ဆုံနှုတ်ဆက်စဉ်။ (ယာပုံ) ဓာတ်ပုံ-(ပြန်/ဆက်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗီယက်နမ်၊ ဂျပန်နှင့် နယူးဇီလန်နိုင်ငံတို့မှ ဝန်ကြီးချုပ်များနှင့်တွေ့ဆုံ

**ဗီယင်ကျန်း စက်တင်ဘာ ၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗီယက်နမ်၊ ဂျပန်၊ နယူးဇီလန်နိုင်ငံဝန်ကြီးချုပ်တို့နှင့် ယနေ့တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ အမျိုးသားကွန်ဗင်းရှင်းဗဟိုဌာန၌ သီးခြားစီတွေ့ဆုံသည်။

နံနက်ပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် H. E. Mr. Nguyen Xuan Phuc တို့ တွေ့ဆုံစဉ် ဗီယက်နမ်နိုင်ငံမှ မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍ၊ ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးကဏ္ဍ၊ ခရီးသွားလာရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးချဲ့ဆောင်ရွက်ရေး၊ မြန်မာ-ဗီယက်နမ်လေကြောင်းလိုင်းများ တိုးချဲ့ပျံသန်းရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့်ဆက်ဆံရေးကဏ္ဍတိုးမြှင့်ပြီး အပြန်အလှန် ယုံကြည်မှုပိုမိုခိုင်မာစွာတည်ဆောက်ရေးကိစ္စရပ်များ ဆွေးနွေးကြသည့်အပြင် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့အား ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ရန် ဖိတ်ခေါ်ခဲ့ပြီး ဒေသတွင်းနှင့် နိုင်ငံတကာတွင် ဗီယက်နမ်နိုင်ငံ၏ ရပ်တည်မှုအား မြန်မာနိုင်ငံမှ နားလည်ပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် **မစ္စတာရှင်ဇိုအာဘေး**တို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍနှင့် ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးကဏ္ဍများတွင် ဂျပန်နိုင်ငံမှ အကူအညီအထောက်အပံ့များ ပေးအပ်မည့်အခြေအနေ၊ ဂျပန်နိုင်ငံ၏ အကူအညီအထောက်အပံ့ဖြင့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေ၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးကြသည့်အပြင် ဂျပန်နိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံကို ထောက်ခံကြိုဆိုကြောင်း၊ ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံ၏ မိတ်ဆွေကောင်းနိုင်ငံအဖြစ် ခံယူထားသည့်အတွက် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြစ်နိုင်စွမ်းရှိသည့် ကဏ္ဍပေါင်းစုံတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့အား ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ပါရန် ဖိတ်ခေါ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နယူးဇီလန်နိုင်ငံဝန်ကြီးချုပ် **မစ္စတာဂျွန်ကေ**တို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ နယူးဇီလန်နိုင်ငံမှ စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာ နည်းပညာနှင့် အတွေ့အကြုံကောင်းများ ပြန်လည်မျှဝေပေးရေး၊ အနာဂတ်လူငယ်များ၏ အရည်အသွေးမြှင့်မားရေးအတွက် အဓိကလိုအပ်သည့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ မြှင့်တင်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာကိုဖီအာနန်နှင့်အဖွဲ့ စစ်တွေမြို့ရှိ IDP စခန်းများသို့ သွားရောက်

**စစ်တွေ စက်တင်ဘာ ၇**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာကိုဖီအာနန်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ပေါ်ရှိ အစ္စလာမ်ဘာသာစာသင်ကျောင်းနှင့် IDP စခန်းများသို့ သွားရောက်သည်။



အကြံပေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် နံနက်ပိုင်းတွင် စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက် မဒ္ဒရာဆာ အိစ္စလာမီယာ စာသင်ကျောင်းခန်းမ၌ အစ္စလာမ်ဘာသာဝင် ရပ်မိရပ်ဖများနှင့်လည်းကောင်း၊ မင်းဂံရပ်ကွက်ရှိ ရခိုင်တိုင်းရင်းသား IDP စခန်းတွင် စခန်းခေါင်းဆောင်များနှင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် သက်ကြေပြင် IDP စခန်းတွင် စခန်းအသီးသီးမှ ခေါင်းဆောင်များ၊ အစ္စလာမ်ဘာသာဝင် လူငယ်များနှင့်လည်းကောင်း တွေ့ဆုံပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခြင်းများ ပြုလုပ်သည်။

အကြံပေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် စစ်တွေလေဆိပ်မှ မွန်းလွဲ ၁ နာရီတွင် မြန်မာအမျိုးသားလေကြောင်းဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားသည်။

**(ခရိုင်ပြန်/ဆက်)**

# ဒေသတွင်းငါးထုတ်လုပ်မှုတိုးတက်စေရန် ရေပေါ်ငါးစာတောင့်အိတ်များ ပေးအပ်

**ဘားအံ စက်တင်ဘာ ၇**

ကရင်ပြည်နယ် ဘားအံမြို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ရန်ပုံငွေဖြင့် ငါးရိက္ခာလိုအပ်ချက်ဖြည့်ဆည်းရန်နှင့်ဒေသတွင်းငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်အတွင်းရှိ တစ်ပိုင်တစ်နိုင်ငါးမွေးကန်များသို့ ထောက်ပံ့ပေးသော ရေပေါ်ငါးစာတောင့်အိတ်များ ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၆ ရက် မွန်းလွဲ ၁ နာရီက ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ ကရင်ပြည်နယ်အစိုးရအဖွဲ့မှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးစောမြင့်ဦး တက်ရောက်အမှာစကားပြောကြားပြီး ပြည်နယ်အတွင်းရှိ ဘားအံမြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ မြဝတီမြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် သံတောင်ကြီးမြို့နယ်များမှ ငါးမွေးမြူသူများအား ရေပေါ်ငါးစာတောင့်အိတ်များကို ပေးအပ်ခဲ့သည်။

အဆိုပါ ငါးစာတောင့်အိတ်များပေးအပ်ပွဲအခမ်းအနားတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ပြည်နယ်အတွင်းရှိ ကျေးရွာ ၆၅ ရွာ၊ ငါးမွေးမြူသူ ၁၃၃ ဦး၊ ငါးမွေးကန် ၂၅၄ ဒသမ ၅ ဧကအတွက် ငွေကျပ် ၁၄၈၁၁၉၀၀ တန်ဖိုးရှိ ငါးစာတောင့် ၇၆၃ ဒသမ ၅ အိတ်ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

အလားတူ ဘားအံမြို့နယ် ဝဲပျံကျေးရွာအုပ်စု ဝဲပျံကျေးရွာတွင် စက်တင်ဘာ ၄ ရက် နံနက် ၇ နာရီခွဲက မြစိမ်းရောင်စီမံကိန်း (ငါးကဏ္ဍ) ရန်ပုံငွေကျပ်သိန်း ၃၀၀ အား ပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက စီမံကိန်းကော်မတီဥက္ကဋ္ဌထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

☆(၂၉)ကြိမ်မြောက်မှ

အဆိုပါအစည်းအဝေးများသို့ အာဆီယံအလှည့်ကျဥက္ကဋ္ဌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ မလေးရှား၊ မြန်မာ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဆွေးနွေးဖက်နိုင်ငံများဖြစ်ကြသည့် ဩစတြေးလျ၊ ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှ နိုင်ငံအကြီးအကဲများ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ အာဆီယံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်များ၊ အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြည်တွင်း ပြည်ပမှ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် ဗီယင်ကျန်းမြို့ အမျိုးသားကွန်ဗင်းရှင်းဗဟိုဌာန၌ကျင်းပသည့် (၂၉)ကြိမ်မြောက် အာဆီယံသီးသန့်အစည်းအဝေးသို့ တက်ရောက်သည်။

ထို့နောက် အမျိုးသားကွန်ဗင်းရှင်းဗဟိုဌာနရှိ သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပသည့် (၁၉)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးနှင့် (၂၅)နှစ်မြောက် အာဆီယံ-တရုတ် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေး၊ (၁၉)ကြိမ်မြောက် အာဆီယံ-ဂျပန်ထိပ်သီးအစည်းအဝေး၊ (၁၈)ကြိမ်မြောက် အာဆီယံ-ကိုရီးယားထိပ်သီးအစည်းအဝေး၊ (၁၉)ကြိမ်မြောက် အာဆီယံ-အပေါင်းသုံး ထိပ်သီးအစည်းအဝေး၊ ဒုတိယအကြိမ်မြောက် အာဆီယံ-ဩစတြေးလျ ထိပ်သီးအစည်းအဝေးနှင့် နှစ်နှစ် တစ်ကြိမ် ကျင်းပသည့် အာဆီယံ-ဩစတြေးလျ ထိပ်သီးအစည်းအဝေး၊ (၈)ကြိမ်မြောက် အာဆီယံ-ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေး၊ (၈)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်သည်။

ညပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၊ အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ လာအိုဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သောင်လွန်း ဆီဆိုလစ်နှင့်ဇနီးတို့က အမျိုးသားကွန်ဗင်းရှင်းဗဟိုဌာန၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**





နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၈)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။ (ပြန်/ဆက်)

## ရွှေကျင်မြို့နယ် သီတင်းကျွတ်မီးမျှောပူဇော်ပွဲ ကျင်းပမည်

**ရွှေကျင် စက်တင်ဘာ ၇**

ပဲခူးခရိုင် ရွှေကျင်မြို့နယ်၏ဒေသရိုးရာယဉ်ကျေးမှုပွဲတော်တွင် ယခင်နှစ်ကထက် အမျိုးသားတက်ပျံယိမ်း၊ အမျိုးသမီးတက်ပျံယိမ်းနှင့် တက်ခုတ်ယိမ်း၊ ဒေသခံတိုင်းရင်းသားတို့၏ ရှမ်းရိုးရာယိမ်းနှင့် ကရင်ဒိုးယိမ်းအကတို့ဖြင့် စည်ကားသိုက်မြိုက်စွာ (၁၆၅)နှစ်မြောက် သီတင်းကျွတ်မီးမျှောပူဇော်ပွဲတော် ကျင်းပရေးအတွက် ကော်မတီအသီးသီးအား ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းကို စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်သိန်းက အမှာစကားပြောကြားပြီး ဦးစီးကျင်းပရေးကော်မတီနှင့် လုပ်ငန်းကော်မတီ ၁၈ ခုကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ပွဲတော်ကာလမှာ အောက်တိုဘာ ၈ ရက်မှ အောက်တိုဘာ ၁၈ ရက်အထိဖြစ်ပြီး ယခုနှစ်တွင် ရွှေကျင်မြို့ ဘုရားကြီး စေတီရင်ပြင်ခြသေ့်ညီနောင်ရှေ့ရှိ ရွှေကျင်ချောင်းအတွင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❐ ကျောဖုံးမှ

ရှေ့ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌတို့သည် အထူးတပ်ဖွဲ့သင်တန်းသားများ၏ အလေးပြုခြင်းကို ခံယူကြသည်။

ယင်းနောက် အထူးတပ်ဖွဲ့ကွင်း၌ သင်တန်းသားများ လေ့ကျင့်နေမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ သင်တန်းသားများအတွက် ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

အဆိုပါ အထူးတပ်ဖွဲ့လေ့ကျင့်ရေးကွင်းကို ၂၀၁၆ ခုနှစ် ဧပြီ ၈ ရက်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ကွင်းအတွင်း၌ တစ်ဦးချင်းလက်နက်ငယ်စက်ပစ်ကွင်း၊ တစ်ဦးချင်းနည်းစနစ်လေ့ကျင့်ရေးကွင်း၊ ယုံကြည်မှုလေ့ကျင့်ရေးကွင်း၊ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုလေ့ကျင့်ရေးကွင်း၊ လေထီးဆင်းပုံစံတုလေ့ကျင့်ရေးကွင်းနှင့် မြို့ပြအကြမ်းဖက်နှိမ်နင်းရေးလေ့ကျင့်ရေးကွင်းများပါဝင်ပြီး အကြမ်းဖက် တိုက်ခိုက်မှုများအား ကြိုတင်ကာကွယ်ရန်နှင့် ကြုံတွေ့လာပါက အောင်မြင်စွာ ဖြေရှင်းနိုင်ရန် စွမ်းရည်ပြည့်ဝသည့် တပ်မတော်သားအထူးတပ်ဖွဲ့ဝင်များကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## (၄၃) ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘတ်စကက်ဘောပြိုင်ပွဲ ပိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၇**

(၄၃)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက် ၈ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသမီးဗိုလ်လုပွဲစဉ်အဖြစ် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက (၁၀၉-၇၇)မှတ်ဖြင့်လည်းကောင်း၊ အမျိုးသားဗိုလ်လုပွဲစဉ်အဖြစ် ရှမ်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကချင်ပြည်နယ်အသင်းက (၆၃-၅၀)မှတ်ဖြင့်လည်းကောင်း အနိုင်ရဗိုလ်စွဲသွားသည်။

ပြိုင်ပွဲများအပြီး ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ဘတ်စကက်ဘောဒုတိယဥက္ကဋ္ဌဦးမြင့်သိန်းက အကောင်းဆုံးအမျိုးသမီးအားကစားသမားဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ ထက်မြက်လင်းနှင့် အကောင်းဆုံးအမျိုးသားအားကစားသမားဆုရ ကချင်ပြည်နယ်မှ အောင်မြင့်တို့အား ဆုများကိုလည်းကောင်း၊ ဘတ်စကက်ဘောတွဲဖက်အတွင်းရေးမှူး ဦးထင်လင်းမြင့်က အမျိုးသမီးပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသော ရှမ်းပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်လွင်က ဒုတိယဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို လည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အမျိုးသမီးတံခွန်စိုက်ဗိုင်းဆုရ စစ်ကိုင်းတိုင်းဒေသကြီးအား တံခွန်စိုက်ဆုဖလားနှင့် တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း ဆုများ အသီးသီးချီးမြှင့်ခဲ့သည်။

ဆက်လက်၍ အမျိုးသားပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသော ကရင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့အား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း၊ ဒုတိယဆုရရှိသော ရှမ်းပြည်နယ်အသင်းအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦးက တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း၊ အမျိုးသားတံခွန်စိုက် ဗိုင်းဆုရ ကချင်ပြည်နယ်အသင်းအား အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က တံခွန်စိုက်ဆုဖလားနှင့် တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း ဆုများအသီးသီးချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မောင်မောင်ဇော်)**

## Defence Expo Korea (2016) တက်ရောက်ရန် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ ကိုရီးယားနိုင်ငံ ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၇**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် Defence Expo Korea(2016) တက်ရောက်ရန်အတွက် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းမြို့ရှိ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ စက်တင်ဘာ ၆ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီခွဲတွင် ရောက်ရှိကြသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ကိုရီးယားတပ်မတော် အမှတ်(၃)တပ်မကြီး၏ ဒုတိယတပ်မကြီးမှူး ဗိုလ်မှူးချုပ် Kim Young Hom နှင့် ကိုရီးယားတပ်မတော်မှ အရာရှိကြီးများ၊ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး သူရဦးသက်ဦးမောင်၊ စစ်သံမှူး ဗိုလ်မှူးကြီး မြင့်သိန်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။



ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာစစ်သံရုံးနှင့် မြန်မာသံရုံးသို့ သွားရောက်ပြီး စစ်သံရုံးမိသားစုများနှင့် သင်တန်းသားအရာရှိများ၊ သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများအား အမှတ်တရလက်ဆောင် ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ကိုရီးယားသမ္မတနိုင်ငံရှိ Changdeokgung နန်းတော်ဟောင်းသို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။**(အပေါ်ပုံ)**

ညပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ပြပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံများမှ တပ်မတော် အရာရှိကြီးများအား ကိုရီးယားတပ်မတော် ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Jang Jun-kyu က JW Marriott Hotel ခန်းမ၌ ကြိုဆိုဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**

တောတောင်ပျက်ပြုန်း မြေဆီသုဉ်း၏

*ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူလူထု၏ အကျိုးစီးပွား၊ တစ်နည်းအားဖြင့် ပြည်သူ့ဘဝ လိုအပ်ချက်များကို တစ်နေ့ထက်တစ်နေ့၊ တစ်စထက်တစ်စ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွားတိုးတက်မြင့်မားလာပြီး"ရေမြင့်ကြာတင့်" ဆိုသကဲ့သို့ နိုင်ငံ၏ဂုဏ်ဒြပ်လည်း ပိုမိုဝင့်ထည်ခိုင်မာလာမည်ဖြစ်ပါသည်။*

*သို့ဖြစ်ရာ ပြည်သူ့ကိုယ်စား နိုင်ငံတော်၏ အရေးအရာကိစ္စအရပ်ရပ်ကို တာဝန်ယူဆောင်ရွက်နေကြသည့် နိုင်ငံ၏ယန္တရားများဖြစ်သော ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေး သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ပြည်သူများသိရှိနိုင်ရန်အတွက် **"တက်ကြွအားသွန်နိုင်ငံ့ဝန်ဦ"** အခန်းကဏ္ဍတစ်ခုအဖြစ် စီစဉ်တင်ပြလိုက်ပါသည်။*

# ပဲခူးရိုးမ အနာဂတ်များလှပဖို့ ...

သတင်းဆောင်းပါး - ကျော်သူထက်
ဓာတ်ပုံ - အေးသန်း



သစ်တောဦးစီးဌာနက ၁၉၅၄ ခုနှစ်တွင် စိုက်ပျိုးထားသော ကျွန်းစိုက်ခင်း(၅)ကေကို တွေ့ရစဉ်။



ပဲခူးရိုးမရှိ သစ်တောဖုံးလွှမ်းမှုမြင်ကွင်းတစ်နေရာ။

မြန်မာနိုင်ငံ၏ ကျွန်းသစ်အများဆုံးပေါက်ရောက်ခဲ့ရာ ဒေသဖြစ်သည့် ပဲခူးရိုးမသို့ ပြီးခဲ့သည့် ဩဂုတ်လ စတုတ္ထပတ်အတွင်းက သစ်တောဦးစီးဌာန၏ အစီအစဉ်ဖြင့် သွားရောက်လေ့လာခွင့်ရခဲ့သည်။ တောင်ငူခရိုင်နှင့် ပြည်ခရိုင်ကို ဆက်သွယ်ထားသည့် အုတ်တွင်း-ပေါက်ခေါင်း ပဲခူးရိုးမဖြတ်လမ်းပေါ်သို့ ရောက်သည်နှင့် တောရိပ်၊ တောင်ရိပ်တို့ကြောင့် အခြားနေရာများထက် အေးမြမှုကို ခံစားရသည်။

**ပဲခူးရိုးမ၌ သစ်ပင်ပေါက်ရောက်မှု ကျဲပါးသွား**

ပဲခူးရိုးမဖြတ်လမ်း လမ်းဘေးဝဲ၊ ယာတစ်လျှောက် သက်တမ်းရင့်သစ်ပင်ကြီးများ နည်းသွားသည်ကို သတိထားမိသည်။ သည်အရပ် သည်ဒေသတွင် တစ်ချိန်က သက်တမ်းရင့် အပင်ကြီးများ၊ အရည်အသွေးကောင်း ကျွန်းသစ်များနှင့် ပြည့်နှက်နေသည်ဟု မှတ်သားဖူးသည်။ ငယ်ငယ်ကကြားဖူးသည့် ပဲခူးရိုးမဆိုသည်မှာ တောတောင်ထူထပ်သည့်အတွက် လက်ဝဲနိုင်ငံရေးသမားများ ခိုအောင်းရာဒေသ။ သို့သော် ယနေ့အချိန်တွင် ပဲခူးရိုးမရှိ တောအချို့ သစ်ပင်ပေါက်ရောက်မှု ကျဲပါးသွားသည်။

အုတ်တွင်း-ပေါက်ခေါင်း ရိုးမဖြတ်လမ်းသည် ပဲခူးရိုးမ ဖြတ်လမ်းများထဲတွင် အစောဆုံးဖောက်လုပ်ခဲ့သည့် လမ်းဖြစ်ပြီး တော်တော်ချောမွေ့လှသည်။ တောင်ဆင်းတောင်တက်အကွေ့အကောက်များသော်လည်း လမ်းကောင်းသည့်အတွက် ခရီးပေါက်သည်။ လမ်းပန်းဆက်သွယ်မှုကောင်းမွန်လာခြင်းကို အခွင့်ကောင်းယူပြီး သစ်ခိုးထုတ်သူများ များလာကြောင်းလည်း ဒေသခံများထံမှ သိခဲ့ရသည်။

**မြန်မာ့ကျွန်းသစ်မူရင်းဒေသ ပဲခူးရိုးမ**

ပဲခူးရိုးမသည် အရည်အသွေးအကောင်းဆုံး မြန်မာ့ကျွန်းသစ်၏ မူရင်းဒေသဖြစ်ပြီး ကျွန်းသစ်နှင့် ပတ်သက်လျှင် "မြန်မာ့ကျွန်းသစ်မူရင်းဒေသ ပဲခူးရိုးမ"ဟုပင် ခေါ်ဆိုကြသည်။ အုတ်တွင်း-ပေါက်ခေါင်း ပဲခူးရိုးမဖြတ်လမ်းတစ်လျှောက်ရှိ ပဲခူးရိုးမတောနှင့်အတူ သစ်တောများအတွင်း ပေါက်ရောက်နေသည့် ကျွန်း၊ ပျဉ်းကတိုး၊ သပြေ၊ လက်ပံ၊ ထောက်ကြံ့၊ ပျဉ်းမ၊ ကညင်၊ သတီ၊ ဖန်ခါး၊ ခပေါင်း၊ မြရာ၊ ဒွါနီ၊ ဘင်္ဂ၊ ဒီးဒူး၊ ဒွနီ၊ အုံတုံ၊ နကျယ်၊ လယ်ဇ၊ ဇင်ပွန်း၊ ဇောင်းပုလွေး၊ လင်းရော၊ တောင်ပိန္နဲ၊ ခတ်ချိုနွယ်၊ ပေါက်နွယ်၊ ဒိုးနွယ်၊ ကြသောင်းဝါး၊ တင်းဝါး၊ သိုက်ဝါး စသည့်အပင်များကို မြင်တွေ့ရသည်။

ပဲခူးရိုးမအတွင်းရှိ သစ်တောအချို့ပျက်စီးမှုကို မြင်တွေ့ခဲ့ရသလို ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးအတွက် ကျန်ရှိနေသည့် သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်း၊ သဘာဝတောများအတွင်း၌ တန်ဖိုးရှိသည့် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက် စသည့် တန်ဖိုးရှိ အပင်များစိုက်ပျိုး၍ သစ်တောတန်ဖိုးမြှင့်တင်ခြင်း၊ သစ်တောစိုက်ခင်း တည်ထောင်ခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း၊ သစ်မျိုးသန့်ဥယျာဉ်နှင့် သစ်စေ့ထုတ်ဧရိယာတည်ထောင်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်း တွေ့မြင်ရသည်။

**ထုတ်လုပ်နိုင်စွမ်း ပမာဏထက် သစ်ပိုမိုထုတ်ယူ**

သစ်တောများပြန်လည်ပြုစုပျိုးထောင်ခြင်း၊ သစ်တောစိုက်ခင်းများတည်ထောင်ခြင်းလုပ်ငန်းများကို စီမံချက်များချမှတ်ဆောင်ရွက်ခဲ့သော်လည်း သစ်တောများ၏ ထုတ်လုပ်နိုင်စွမ်းပမာဏထက် သစ်ပိုမိုထုတ်ယူခဲ့ကြသည့်အတွက် မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုဧရိယာသည် တစ်နှစ်ထက်တစ်နှစ် လျော့နည်းခဲ့ရသည်။

မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် ၁၉၉၀ ပြည့်နှစ်တွင် ၅၇ ဒသမ ၉၇ ရာခိုင်နှုန်း ရှိခဲ့သော်လည်း ၂၀၀၀ ပြည့်နှစ်တွင် ၅၁ ဒသမ ၅၄ ရာခိုင်နှုန်း၊ ၂၀၀၅ ခုနှစ်တွင် ၄၉ ဒသမ ၂၅ ရာခိုင်နှုန်း၊ ၂၀၁၀ ပြည့်နှစ်တွင် ၄၆ ဒသမ ၉၆ ရာခိုင်နှုန်း၊ ၂၀၁၅ ခုနှစ်တွင် ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းအထိ တဖြည်းဖြည်း လျော့နည်းကျဆင်းသွားသည်ကို တွေ့ရသည်။

ယခင်ခေတ်ကာလများက နိုင်ငံတော်၏ ဘဏ္ဍာငွေလိုအပ်ချက်အရ သစ်တောများက ပေးနိုင်စွမ်းထက် သစ်ကို ပိုမိုထုတ်ယူခဲ့ကြသလို တရားမဝင်သစ်ခိုးထုတ်ခြင်း၊ နိုင်ငံ၏ လူဦးရေတိုးတက်လာမှုကြောင့် စိုက်ပျိုးမြေများ၊ ရွှေ့ပြောင်း တောင်ယာများ ချဲ့ထွင်စိုက်ပျိုးခြင်း၊ မြို့ပြ၊ ကျေးရွာများ၊ ဆည်၊ တမံ၊ အဝေးပြေးလမ်းမများ၊ စက်ရုံ၊ အလုပ်ရုံများ တိုးချဲ့တည်ဆောက်ခြင်း၊ ထင်း၊ မီးသွေးထုတ်လုပ်မှုများပြားလာခြင်း၊ သတ္တုတူးဖော်ခြင်း၊ တောမီးလောင်ခြင်းတို့ကြောင့် မြန်မာ့အဖိုးတန်သစ်တောကြီးများ ပျက်စီးခဲ့ရသည်ဟု သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးမင်းက ဆိုသည်။

**နိုင်ငံအကျယ်အဝန်း၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်း**

Global Forest Resources Assessments 2015 Desk reference တွင် ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှု (Forest Cover) ဧရိယာသည် စုစုပေါင်း ၁၁၂၁၂၇ စတုရန်းမိုင်ဖြစ်ပြီး နိုင်ငံအကျယ်အဝန်း၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းရှိကြောင်း ထုတ်ပြန်ထားသည်။

အုတ်တွင်းမြို့နယ်နှင့် ပေါက်ခေါင်းမြို့နယ်အတွင်းရှိ ပဲခူးရိုးမ ပုဂ္ဂလိကသစ်တော စိုက်ခင်းများတွင် စီးပွားဖြစ်ကျွန်းစိုက်ခင်းများကိုသာ အဓိကထားစိုက်ပျိုးလျက်ရှိပြီး ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း(Community Forestry - CF)များ အောင်မြင်မှုနည်းပါးနေသေးသည်ကိုလည်း တွေ့မြင်ရသည်။

**တစ်ဦးချင်းပိုင်ဆိုင်မှုအကျိုးစီးပွားကိုသာ ပိုမိုစိတ်ဝင်စားကြ**

တစ်ဦးချင်းပိုင်ဆိုင်မှု အကျိုးစီးပွားကိုသာ ပိုမိုစိတ်ဝင်စားကြခြင်း၊ သစ်တောစိုက်ခင်းများမှ ထင်း၊ မီးသွေး၊ တိုင်၊ မျောလောက်သာ ဖြည့်ဆည်းပေးနိုင်ခြင်း၊ ဒေသခံပြည်သူများ၏ စားဝတ်နေရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် ကိစ္စရပ်များမပါဝင်ခြင်းကြောင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများကို ဒေသခံများ စိတ်ဝင်စားမှုနည်းပါးနေခြင်းဖြစ်ကြောင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးမင်းက မှတ်ချက်ပြုပြီး ယခုအခါ အစုအဖွဲ့ပိုင်တောများမှ ဝင်ငွေရရှိနိုင်ရေး အခွင့်အလမ်းများကို ထည့်သွင်းရေးဆွဲနေကြောင်း ပြောပြသည်။

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင် နေထိုင်ကြသူများဖြစ်သည့်အတွက် ထင်း၊ မီးသွေးလောင်စာကိုသာ မှီခိုနေရဆဲဖြစ်သည်။ သို့ဖြစ်၍ ကျေးရွာထင်းစိုက်ခင်းများကို မဖြစ်မနေအောင်မြင်အောင် တည်ထောင်ပေးရန် လိုအပ်နေသည်။

**ကျွန်းစိုက်ခင်းများကို အဓိကထား တည်ထောင်ရခြင်း**

ပဲခူးရိုးမအတွင်း ကျွန်းစိုက်ခင်းများကို အဓိကထား တည်ထောင်ရခြင်းနှင့်ပတ်သက်၍ သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမော်က ပဲခူးရိုးမသည် အရည်အသွေးအကောင်းဆုံး ကျွန်းသစ်များပေါက်ရောက်ရာ တောဖြစ်သည့်အတွက် ပုဂ္ဂလိကစိုက်ခင်းများတွင် ကျွန်းပင်ကိုသာ အဓိကထားစိုက်ပျိုးရန် ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ အခြားသစ်မာပင် အမျိုးအစားများကို ခွင့်ပြုမည်ဆိုပါက ကျွန်းသစ်ပေါက်ရောက်မှုနည်းပါးသွားမည်ဖြစ်ပြီး ပဲခူးရိုးမသစ်တောတန်ဖိုး ကျဆင်းသွားနိုင်သည့်အတွက် ယခုကဲ့သို့ ရွေးချယ်ခွင့်ပြုခြင်းဖြစ်ကြောင်း ဆိုသည်။

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးအတွက် အုတ်တွင်းမြို့နယ်နှင့် ပေါက်ခေါင်းမြို့နယ်အတွင်း ၂၀၀၇ ခုနှစ်က စတင်စိုက်ပျိုးခဲ့သည့် နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင် စီးပွားဖြစ် ကျွန်းစိုက်ခင်းများကိုလည်း လေ့လာခွင့်ရခဲ့သည်။ ၎င်းစိုက်ခင်းများအတွင်းရှိ ကျွန်းပင်များသည် ယခုဆိုလျှင် ကိုးနှစ်သားအရွယ်သို့ ရောက်ရှိနေပြီဖြစ်ပြီး ပျမ်းမျှအမြင့် ပေ ၅၀ ကျော်နှင့် လုံးပတ် တစ်ပေခွဲ ခန့်ရှိနေပြီး အကြီးထွားဆုံးအပင်မှာ လုံးပတ် နှစ်ပေကျော်ရှိပြီဖြစ်သည်။ စီးပွားဖြစ် ကျွန်းစိုက်ခင်းများကို ရောင်းတမ်းဝင်ရန် အနည်းဆုံးနှစ်ပေါင်း ၃၀ ကျော် ၄၀ နီးပါး စိုက်ပျိုးရင်းနှီးမြှုပ်နှံရမည်ဖြစ်သော်လည်း ကြားကာလ ပင်ကျပ်နုတ်ယူချိန်တွင် အကျိုးအမြတ်ခံစားခွင့်ရှိသည်။

**၂၀၀၆ ခုနှစ်မှ စတင်ခွင့်ပြု**

ပုဂ္ဂလိကစိုက်ခင်းများကို ၂၀၀၆ ခုနှစ်မှ စတင်ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး ယခုအချိန်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပုဂ္ဂလိက သစ်မာစိုက်ခင်းဧက ၈၅၀၀၀ ကျော်နှင့် ပုဂ္ဂလိက ကျွန်းစိုက်ခင်းဧက ၁၃၀၀၀၀ ကျော်ရှိနေပြီ ဖြစ်ကြောင်း၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းဧက ၂၈၀၀၀၀ ကျော်ကိုလည်း မြန်မာနိုင်ငံအနှံ့တွင် တည်ထောင်ပြီးဖြစ်ကြောင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးမင်းက ဆိုသည်။

ပဲခူးရိုးမသည် ဧရာဝတီမြစ်နှင့် စစ်တောင်းမြစ် အပါအဝင် ဆည်၊ ရေလှောင်တမံများစွာ၏ ရေဝေရေလဲဒေသဖြစ်သည့်အတွက် အလွန်ပဲအရေးပါလှသည်။ သို့သော်လည်း ပဲခူးရိုးမအပါအဝင် မြန်မာနိုင်ငံရှိသစ်တောကြီးများသည် လူတို့၏ပယောဂကြောင့် အများဆုံးပျက်စီးခဲ့ကြရပြီး ယနေ့မျက်မှောက်ခေတ်တွင် တောနိမ့်၊ တောပျက်များအဖြစ်သို့ တဖြည်းဖြည်းရောက်ရှိလာကာ သစ်တောများ၏ တန်ဖိုးကျဆင်းလျက်ရှိနေသည်။

Global Forest Resources Assessments 2015 Desk reference တွင် မြန်မာနိုင်ငံ၏ သစ်တောပြုန်းတီးမှုနှုန်းသည် ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း နှစ်စဉ်သစ်တောပြုန်းတီးမှုပမာဏ ဟက်တာ ၃၇၂၃၈၈ ရှိပြီး နိုင်ငံဧရိယာ၏ ပျမ်းမျှ သုည ဒသမ ၅၅ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း နှစ်စဉ်သစ်တောပြုန်းတီးမှု ပမာဏ ဟက်တာ ၅၄၆၀၀၀ ရှိပြီး နိုင်ငံဧရိယာ၏ ပျမ်းမျှ ၁ ဒသမ ၇၂ ရာခိုင်နှုန်းရှိကြောင်း ဖော်ပြထားသည်။ Forest Resources Assessment-FRA ၏ ထုတ်ပြန်ချက်တွင် (Closed Forest) ရွက်အုပ်ပိတ်သစ်တော(တောကောင်း)သည် နိုင်ငံဧရိယာ၏ ၂၁ ဒသမ ၅၆ ရာခိုင်နှုန်းနှင့် (Open Forest) ရွက်အုပ်ပွင့်သစ်တော (တောပျက်)သည် နိုင်ငံဧရိယာ၏ ၂၁ ဒသမ ၃၆ ရာခိုင်နှုန်းသာ ကျန်ရှိကြောင်း ဖော်ပြထားသည်။

**အခက်အခဲပေါင်းများစွာ ကြုံတွေ့**

မြေ၊ ရေ၊ သစ်တော၊ သတ္တု စသည့် သဘာဝသယံဇာတအရင်းအမြစ်များကို နောင်သားစဉ်မြေးဆက်အထိ စနစ်တကျ သုံးစွဲနိုင်အောင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development)မျိုးဖြစ်ရန်လိုကြောင်း နိုင်ငံတော်အကြီးအကဲများက လမ်းညွှန်ကြသော်လည်း လက်တွေ့မြေပြင်တွင် သစ်တောဖုံးလွှမ်းမှု တိုးတက်အောင် လုပ်ဆောင်ရာ၌ ဘတ်ဂျက်မလုံလောက်ခြင်း၊ တရားမဝင်သစ်များဖမ်းဆီးမှုတွင် ဝန်ထမ်းအင်အားနည်းပါး၍ ထိထိရောက်ရောက် မဆောင်ရွက်နိုင်ခြင်း၊ အကျင့်ပျက်ဝန်ထမ်းများရှိနေခြင်း၊ နယ်မြေအေးချမ်းတည်ငြိမ်မှု မရှိခြင်းအပေါ် အခွင့်ကောင်းယူ၍ တရားမဝင်သစ်များခိုးထုတ်နေခြင်း စသည့် အခက်အခဲပေါင်းများစွာနှင့် ရင်ဆိုင်နေရသည်။

ဆည်များတည်ဆောက်လိုက်သည့်အတွက် သစ်တောမြေများစွာ ပယ်ဖျက်ပေးလိုက်ရသလို ယခင်သစ်ခိုးယူရန်

**စာမျက်နှာ ၁၁ သို့**

စာမျက်နှာ ၁၀ မှ

လမ်းမပေါက်နိုင်သည့်နေရာများသို့ ရေကြောင်းမှတစ်ဆင့် သွားရောက်ခိုးယူနိုင်သည့် အခြေအနေများရှိသွားကြောင်း၊ ဖမ်းဆီးမှုများ ပြုလုပ်ရာတွင် လေးဂွ၊ တုတ်၊ ဓားလက်နက်များဖြင့် ပြန်လည်ရန်ပြုတိုက်ခိုက်ခြင်းများရှိကြောင်း၊ ဖမ်းဆီးရမိသစ်များ သယ်ယူရာတွင် ပါဝင်ကူညီကြသည့် ဒေသခံများကို တရားမဝင် သစ်ခိုးသူများက အန္တရာယ်ပေးရန်ပြုလာနိုင်သည့်အတွက် လုပ်အားလိုအပ်ချက် အခက်အခဲများ တွေ့နေရကြောင်း တောအုပ်တစ်ဦး၏ ရင်ဖွင့်သံကိုလည်း ကြားသိခဲ့ရသည်။

**တရားမဝင် သစ်ခိုးယူထုတ်လုပ်မှု**

တရားမဝင်သစ်ခိုးယူထုတ်လုပ်မှုနှင့် ပတ်သက်၍ ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ ကျွန်း၊ သစ်မာနှင့် အခြားသစ် စုစုပေါင်း ၂၀၅၂၄၃ တန် ဖမ်းဆီးရမိခဲ့ပြီး တရားခံ ၃၁၂၃၄ ဦးနှင့်အတူ ယာဉ်ယန္တရားစုစုပေါင်း ၈၃၉၁ စီးကို ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဇူလိုင်လအထိ တရားမဝင်ကျွန်း၊ သစ်မာနှင့် အခြားသစ် စုစုပေါင်းတန် ၁၇၀၀၀ ကျော် ဖမ်းဆီးရမိ အရေးယူဆောင်ရွက်ထားကြောင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးမင်းက ပြောသည်။

သစ်တောပြုန်းတီးမှုကြောင့် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ရာသီဥတု အဆိုးရွားဆုံးခံစားရမည့် နိုင်ငံများစာရင်းတွင်ပါဝင်လာပြီး ဒုတိယအဆိုးရွားဆုံး ခံစားရနိုင်ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်က ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်ကျရောက်မှုကို ပြန်ကြည့်လျှင် ၂၀၀၈ ခုနှစ်တွင် ဧရာဝတီမြစ်ဝကျွန်းပေါ်၌ တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းကြောင့် လူ့အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရပြီး ၂၀၁၅ ခုနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခု၌ စံချိန်တင်ရေကြီးရေလျှံမှုများဖြစ်ပေါ်ကာ ဆုံးရှုံးမှုများခဲ့သည်။

**စံချိန်တင် ရေကြီးရေလျှံမှုများဖြစ်ပေါ်**

သစ်တောပြုန်းတီးမှုသည် ရာသီဥတုဖောက်ပြန်မှု၊ သဘာဝဘေးဒဏ်ခံရမှု၊ စိုက်ပျိုးသီးနှံများပျက်စီးမှု၊ သောက်သုံးရေရှားပါးမှု စသည့်ပြဿနာများနှင့် ဆက်စပ်နေသည့်အတွက် သဘာဝသစ်တောကြီးများ ပြုန်းတီးနေမှုအပေါ် အလေးထားစောင့်ကြည့်လာကြပြီး တရားမဝင်သစ်ခိုးထုတ်မှုများအပေါ် ထောက်ပြလာကြပြီဖြစ်သလို ရေကြီးခြင်း၊ မိုးခေါင်ရေရှားခြင်း ဘေးအန္တရာယ်များလျော့ပါးစေနိုင်သည့် ပင်လယ်ကမ်းရိုးတန်းဒေသများရှိ ဒီရေတောများ၊ တောင်တန်းဒေသများနှင့် အပူပိုင်းဒေသများရှိ သစ်တောများအား ပြန်လည်ထူထောင်ရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များက အကြံပြုထားသည်။

သဘာဝဘေးအန္တရာယ်များကို အကာအကွယ်ပေးနိုင်သည့် သစ်တောကြီးများ ပြုန်းတီးမှုလျော့နည်းစေရန်ယခင် အစိုးရလက်ထက်က နှစ်စဉ်တောထွက်ပမာဏ (Annual Allowable Cut - AAC) ဘောင်အတွင်းမှ သစ်ထုတ်လုပ်ရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး ပြည်ပသို့ သစ်အလုံးလိုက် တင်ပို့ခြင်းကို ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှစတင်၍ ရပ်ဆိုင်းခဲ့သည်။



ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်ရှိ ကျွန်းစိုက်ခင်းများကို တွေ့ရစဉ်။

**တစ်ဦးချင်းပိုင်ဆိုင်မှုအကျိုးစီးပွားကိုသာ ပိုမိုစိတ်ဝင်စားကြခြင်း၊ သစ်တောစိုက်ခင်းများမှ ထင်း၊ မီးသွေး၊ တိုင်၊ မျှောလောက်သာ ဖြည့်ဆည်းပေးနိုင်ခြင်း၊ ဒေသခံပြည်သူများ၏ စားဝတ်နေရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် ကိစ္စရပ်များ မပါဝင်ခြင်းကြောင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများကို ဒေသခံများ စိတ်ဝင်စားမှုနည်းပါးနေခြင်းဖြစ်။**

ယခုအစိုးရသစ် လက်ထက်တွင်လည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တစ်နှစ်ကို ကျွန်းနှင့် သစ်မာထုတ်လုပ်ခြင်းကို ရပ်ဆိုင်းလိုက်ပြီဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင်လည်း နှစ်စဉ် တောထွက်ပမာဏအောက် သိသိသာသာ လျှော့ချထုတ်လုပ်သွားရန်နှင့် ပဲခူးရိုးမ၏ သစ်ထုတ်လုပ်မှုကို ၁၀ နှစ်ခန့် ရပ်ဆိုင်းရန် ဆောင်ရွက်နေမှုများကို ကြားသိရသည်။

**သစ်ထုတ်လုပ်မှု တစ်နှစ်ရပ်ဆိုင်း**

သစ်ထုတ်လုပ်မှု တစ်နှစ်ရပ်ဆိုင်းလိုက်သည့်အတွက် ပြည်တွင်းသစ်လိုအပ်ချက်ကို မြန်မာ့သစ်လုပ်ငန်းတွင် ကျန်ရှိနေသည့် သစ်တန် ၆၀၀၀၀၀ ကျော်နှင့် ယခုနှစ်အတွင်း ဖမ်းဆီးရမိသည့်သစ်များကို အိတ်ဖွင့်တင်ဒါစနစ်၊ လေလံစနစ်များဖြင့် ပြည်သူများထံရောင်းချပေးရန် စီမံထားကြောင်းလည်း ညွှန်ကြားရေးမှူး ဦးမျိုးမင်းက ပြောသည်။

အစိုးရသစ်လက်ထက်တွင် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး ၁၀ နှစ်စီမံကိန်း (Myanmar Reforestation and Rehabilitation Programme)ကို ရေးဆွဲအကောင်အထည်ဖော်သွားမည်ဟု သိရှိရပြီး စီမံကိန်းကာလကို ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၁-၂၀၂၂ ခုနှစ်အထိ ပထမ ငါးနှစ်စီမံကိန်းနှင့် ၂၀၂၂-၂၀၂၃ ခုနှစ်မှ ၂၀၂၆-၂၀၂၇ ခုနှစ်အထိ ဒုတိယ ငါးနှစ်စီမံကိန်း နှစ်ခုခွဲထားသည်။

**ဧရိယာဧက ၃ သိန်းခွဲခန့် ထူထောင်မည်**

စီမံကိန်းကာလ ၁၀ နှစ်အတွင်း သစ်တောစိုက်ခင်းများကို ဧရိယာဧက သုံးသိန်းခွဲခန့် ထူထောင်မည်ဖြစ်သည့်အတွက် နှစ်စဉ် ဧက ၃၅၀၀၀ ခန့်တည်ထောင်ရန် စီစဉ်ထားကြောင်း၊ ထို့ကြောင့် စီမံကိန်းကာလအတွင်း ကျန်ရှိနေသည့် တောများအတွင်း ဓမ္မတာနည်းဖြင့် မျိုးစပ်နိုင်ရန် အလင်းဖွင့်ပေးခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ဖယ်ရှားပေးခြင်း၊ သဘာဝတောတန်ဖိုးမြင့် စိုက်ပျိုးခြင်း၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း၊ သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း၊ သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း၊ စိုက်ခင်းဟောင်းများ ပြန်လည်ပြုစုထိန်းသိမ်းခြင်း၊ လူထုထံ ပျိုးပင်ဖြန့်ဝေစိုက်ပျိုးခြင်း၊ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောတိုးချဲ့ဖွဲ့စည်းခြင်းလုပ်ငန်းများကို အဓိကထား လုပ်ဆောင်သွားမည်ဟု ညွှန်ကြားရေးမှူး ဦးမျိုးမင်းက ပြောသည်။

**ဒေသခံပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်**

ပဲခူးရိုးမအပါအဝင် မြန်မာ့သစ်တောကြီးများ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသခံပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များစွာရှိနေသည်။ ပြည်သူနှင့် ပူးပေါင်းဆောင်ရွက်ရမည့် သစ်တောပြန်လည်တည်ထောင်ရေးလုပ်ငန်းများတွင် ဝင်ငွေရရှိနိုင်သော အခွင့်အလမ်းများ ဖန်တီးပေးထားပါက ပိုမိုအောင်မြင်နိုင်မည်ဟု ယုံကြည်မိသည်။ ပြည်သူလူထု၏အားဖြင့်သာ ပျက်စီးနေသည့် သစ်တောကြီးများကို ပြန်လည်ကယ်တင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပဲခူးရိုးမ ပြန်လည်စိမ်းလန်းစိုပြည်ရေး၊ ပဲခူးရိုးမအနာဂတ်များ လှပရေး

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၅ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

**ယမန်နေ့မှအဆက်**

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၃၃ | ဒေါက်တာညွန့်ရွှေ (တောင်ကြီး) | ပင်လုံဦးဖေခင်နှင့် ၂၀ ရာစုပင်လုံညီလာခံ | ၂၇၀၀ိ/- | နေရီရီစာပေ |
| ၃၄ | တြိစက္က | မရဏသိုက်ကုန်း | ၁၇၀၀ိ/- | အောင်မြင်စာပေ |
| ၃၅ | တြိစက္က | စေတမာန်တစ္ဆေ | ၁၇၀၀ိ/- | အောင်မြင်စာပေ |
| ၃၆ | | GHOST STORY သရဲစာစဉ် | ၁၇၀၀ိ/- | အောင်မြင်စာပေ |
| ၃၇ | ဖြိုတသျှကိုကိုမောင် | ကွန်မန်ဒိုဘချို | ၂၀၀၀ိ/- | ငါတို့စာပေ |
| ၃၈ | သျှင်ဥက္ကဋ္ဌ | ဓမ္မစကြာတရားတော်နှင့် အနတ္တလက္ခဏသုတ်တရားတော် | ၃၀၀၀ိ/- | AZ စာပေ |
| ၃၉ | ဒေါက်တာချစ် (တစ်သက်တာစာပေဆုရှင်) | ဦးဆောင်သူများသိစေသား | ၂၀၀၀ိ/- | လမ်းသစ်စာပေ |
| ၄၀ | ကိုရွှေသိမ်းမင်း | မြန်မာမင်းများလက်ထက်ရတုများ(ပထမအုပ်) | ၉၀၀၀ိ/- | ပန်းရွှေပြည်စာပေ |
| ၄၁ | ကိုရွှေသိမ်းမင်း | မြန်မာမင်းများလက်ထက်ရတုများ(ဒုတိယအုပ်) | ၇၀၀၀ိ/- | ပန်းရွှေပြည်စာပေ |
| ၄၂ | ကိုရွှေသိမ်းမင်း | မြန်မာမင်းများလက်ထက်ရတုများ(တတိယအုပ်) | ၇၀၀၀ိ/- | ပန်းရွှေပြည်စာပေ |
| ၄၃ | ကောင်းသန့် | ကျူရှင်ပြဿနာအဖြေရှာနှင့်ပညာရေးဆိုင်ရာ အကြံပြုချက်ဆောင်းပါးများ | ၁၈၀၀ိ/- | ကောင်းသန့်စာပေ |
| ၄၄ | ရတနာစိုး (အမျိုးသားစာပေဆု) | မှိုနှင့်လူသား | ၄၀၀၀ိ/- | ရတနာတင့်စာပေ |
| ၄၅ | သတိုးလွင်(ပထဝီဝင်) | ယနေ့ခေတ်စား. . . ခရီးသွားစီးပွား | ၆၀၀၀ိ/- | တူဒေးစာပေ |
| ၄၆ | ကလောင်စုံ | ကိုယ်ကျင့်နှင့်သိက္ခာ | ၂၈၀၀ိ/- | စာပေခရီးသွားစာပေ |
| ၄၇ | ကိုကိုလေး-မြန်မာပြန် | ဂျပန်စစ်အာဏာရှင် ဗိုလ်ချုပ်ကြီးတိုဂျို သို့မဟုတ် အရှေ့တိုင်းမှ ဟစ်တလာ | ၂၀၀၀ိ/- | ဘုရင်စာပေ |
| ၄၈ | ဆရာထွန်းစိန် | 330 Hot Words (အရပ်သုံးစကားအဆန်းအလှများ) မြန်မာ-အင်္ဂလိပ် | ၂၀၀၀ိ/- | လင်းထက်စာပေ |
| ၄၉ | ဇာဂနာ | ရုပ်ရှင်မစည်းမရုံး | ၂၀၀၀ိ/- | Home စာပေ |
| ၅၀ | မြင့်ထွန်း B.A(geog) | တရုတ်-မြန်မာစကားပြော+CD | ၂၀၀၀ိ/- | ယဉ်မျိုးစာပေ |
| ၅၁ | Aung Paing(UOL) | Accounting Procedures & Practical Auditing | ၃၀၀၀ိ/- | ကိုအောင်ပိုင်စာပေ |
| ၅၂ | ရွှေပိုးစက် | မိန်းမသားတစ်ယောက်၏လောကႀ | ၂၀၀၀ိ/- | စိန်မိုးယံစာပေ |
| ၅၃ | နေဦးဝေ | ငွေချိုးဖြူကူဘဲကူနိုင်ခဲ | ၃၀၀၀ိ/- | နှင်းဆီဖြူစာပေ |
| ၅၄ | ဦးရီစိန် (တရားလွှတ်တော်ရှေ့နေ) | ဉာဏ်လိုပုံနှင့်မိုးကြိုးချုပ်လျှင်နှင့်ဥပဒေရေးရာဆောင်းပါးများ | ၂၀၀၀ိ/- | ဦးရီစိန် |
| ၅၅ | ဦးရီစိန် (တရားလွှတ်တော်ရှေ့နေ) | စီမံခန့်ခွဲရေးဥပဒေ | ၅၀၀၀ိ/- | ဦးရီစိန် |
| ၅၆ | ချစ်စံဝင်း | ဆရာဟူသည် ဥယျာဉ်မှူး | ၂၅၀၀ိ/- | ပန်းမျိုးတစ်ရာစာပေ |
| ၅၇ | သော်တာဆွေ | မဟာစံအိမ်တော်ကြီး | ၃၀၀၀ိ/- | စိတ်ကူးချိုချို |
| ၅၈ | သန်းစိုးအောင် | ပညာရေးတွေးတတ်အောင်သင် | ၂၂၀၀ိ/- | မျိုးဆက်သစ် |
| ၅၉ | ကျော်ငြိမ်း | ပင်လုံညီလာခံ | ၂၀၀၀ိ/- | နှင်းဆီနီ |
| ၆၀ | | Real Lives,Real Stories V.34 | ၄၅၀၀ိ/- | The Book House |
| ၆၁ | ပါရဂူ | ပိယအသီ | ၄၀၀၀ိ/- | စိတ်ကူးချိုချို |
| ၆၂ | | ပရိတ်ကြီး ၁၁ သုတ်၊ ဓမ္မစကြာ၊ အနတ္တလက္ခဏသုတ်၊ ပဋ္ဌာန်း၊ မဟာသမယသုတ် ပါဠိ ၅ မျိုးနှင့် ဝတ်တက်ဝတ်ကပ် သီလဆောက်တည်ယူနည်းများပါသည်။ | ၁၀၀၀ိ/- | တင်တင်အေး ပိဋကတ်စာပေ |
| ၆၃ | အရှင်ဇောတိပါလ | သကျသာကီ သက္ကမလူမျိုးဖြစ်စဉ်သမိုင်း | ၃၀၀၀ိ/- | ပညာရွှေတောင် |

# ပုဂံဒေသရှိ ဘုရားစေတီများအား သန့်ရှင်းရေးဆောင်ရွက်လျက်ရှိ



**ညောင်ဦး စက်တင်ဘာ ၇**
ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ဩဂုတ် ၂၄ ရက် ညနေ ၅ နာရီ ၅မိနစ်က အင်အား ၆ ဒသမ ၈ ရစ်ချ်တာစကေးရှိ ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ပုဂံဒေသရှိ ရှေးဟောင်းဘုရားစေတီများတွင် ထီးတော်နှင့် ခရေသီးအပိုင်းပျက်စီးခြင်း ၃၁ ဆူ၊ ဖောင်းရစ်အပိုင်း အထိပျက်စီးခြင်း ၂၃ဆူ၊ အထွတ်စေတီအပိုင်း အထိပျက်စီးခြင်း ၂၂၈ဆူ၊ ကွမ်းတောင်၊ခေါင်းလောင်းပိုင်းအထိပျက်စီးခြင်း ၁၅ ဆူ၊ အခြားပျက်စီးမှုအပိုင်း အဆူ ၁၀၀ စုစုပေါင်း ၃၉၇ ဆူခန့် ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

ထိခိုက်ပျက်စီးခဲ့သည့် ဘုရားစေတီပုထိုးများကို အချိန်ယူကာ စနစ်တကျပြန်လည်ပြုပြင်နိုင်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပညာရှင်များညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ ယင်းသို့မဆောင်ရွက်နိုင်သေးမီ မိုးရွာသွန်း မှုဒဏ်ခံနိုင်ရန်အတွက် ငြမ်းဆင်၍ မိုးကာများ မိုးခြင်း၊ သန့်ရှင်းရေးပြုလုပ်ခွင့်ရသည့် နေရာများတွင် သန့်ရှင်းရေးပြုလုပ်ခြင်းများကို ဒေသခံနှင့် အခြားမြို့နယ်များမှ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းကာ နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ငလျင်ဒဏ်ကြောင့် ကွမ်းတောင်ပိုင်းထိခိုက်ပျက်စီးခဲ့သည့် စိုးမင်းကြီးဘုရားတွင် ပုဂံဒေသဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် ပုဂံဒေသခံပြည်သူများပါဝင်သည့် အင်အား ၄၀ နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ လုပ်ငန်းကျွမ်းကျင် ကွပ်ကဲရေးမှူး ဦးနေစိုး ဦးဆောင်မှုဖြင့် တောင်တွင်းကြီးမြို့ ဗိုလ်ချုပ်လူငယ်အသင်းမှ ၄၀၊ မိတ္ထီလာမြို့မြတ်ပါရမီသွေးလှူရှင်အသင်းမှ ၃၅ ဦး၊ မန္တလေးမြို့ ရတနာဖွဲ့မာန်ဆောက်လုပ်ရေးကုမ္ပဏီမှ ၃၀ စုစုပေါင်းအင်အား ၁၄၅ ဦးတို့သည် စက်တင်ဘာ ၄ ရက်က အဆိုပါဘုရားကြီးတွင် ငြမ်းဆင်၍ သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ရာတွင် တွေ့ရှိရသည့် ရှေးဟောင်းဟု ယူဆရသောပစ္စည်းများကို စနစ်တကျသိမ်းဆည်းခြင်းများ ဆောင်ရွက်ခဲ့သည်။

ပုဂံဒေသဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ တာဝန်ရှိသူများသည် စိုးမင်းကြီးဘုရားအား သန့်ရှင်းရေးပြုလုပ်ရာတွင် တွေ့ရှိရသည့် ရှေးဟောင်းပစ္စည်းများဟုယူဆရသော အရုပ်နှင့် ပန်းများပါသည့် စဥ့်ခွက်များ အမျိုးအစား ၅၀ ကျော်ကို စနစ်တကျသိမ်းဆည်း၍ စက်တင်ဘာ ၄ ရက် နံနက်ပိုင်းတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ လုပ်ငန်းကျွမ်းကျင်ကွပ်ကဲရေးမှူး ဦးနေစိုးနှင့်အတူ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ) သို့ သွားရောက်အပ်နှံပေးခဲ့ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**



စက်လှေနစ်မြုပ်သွားစဉ် ကျန်ရှိရုပ်အလောင်းများအား ရှာဖွေရေးဆောင်ရွက်စဉ်။

# တောင်ကုတ်တွင် စက်လှေတစ်စင်း နစ်မြုပ်ခဲ့သဖြင့် အမျိုးသမီး ခြောက်ဦး သေဆုံး

**တောင်ကုတ် စက်တင်ဘာ ၇**
ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်တွင် ယနေ့နံနက်ပိုင်းက စက်လှေနစ်မြုပ်မှုတစ်ခု ဖြစ်ပွားခဲ့သဖြင့် လှေပေါ်တွင် ပါလာသူများအနက် အမျိုးသမီးခြောက်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ စက်လှေသည် တောင်ကုတ်မြို့မှ ရမ်းဗြဲမြို့နယ် စကုကျေးရွာသို့ထွက်ခွာစဉ် နစ်မြုပ်ခဲ့ခြင်းဖြစ်ပြီး တောင်ကုတ်မြို့မှ ထွက်ခွာချိန်တွင် စက်လှေပေါ်၌ လိုက်ပါစီးနင်းသူနှင့် ကုန်စည်အရေအတွက်များပြားနေသည့်အတွက် ပင်လယ်ဝအရောက်တွင် လှိုင်းဒဏ်ကြောင့် နစ်မြုပ်သွားခြင်းဖြစ်ကြောင်း အခင်းဖြစ်ပွားရာသို့ သွားရောက်ကူညီခဲ့သည့် တောင်ကုတ်မြို့ခံ ဦးစန်းငွေက ပြောသည်။

"နစ်မြုပ်မှု ဖြစ်ပွားတဲ့ စက်လှေက သေးသေးလေးပါ။ စက်လှေပေါ်မှာ ကုန်တွေလည်းအများကြီးတင်သွားတဲ့အတွက် အိုဗာဝိတ် ဖြစ်နေပါတယ်။ အဲဒါကြောင့်ပင်လယ်ပြင်ကို ထွက်တဲ့အချိန်မှာ လှိုင်းဒဏ်မခံနိုင်တဲ့အတွက် နစ်မြုပ်သွားတာ ဖြစ်ပါတယ်။ လှေနစ်တဲ့အချိန်မှာ အမျိုးသားတစ်ဦးက အနီးဆုံးကမ်းကို ကူးနိုင်ခဲ့ပြီး အနားမှာ ရှိတဲ့ ရွာကိုအကူအညီတောင်းနိုင်ခဲ့တဲ့အတွက် ရွာက စက်လှေတွေက ထွက်ပြီးကူညီခဲ့တာကြောင့် တော်တော်များများ အသက်ရှင်ခဲ့ပါတယ်" ဟု ၎င်းက ပြောသည်။

နစ်မြုပ်မှု ဖြစ်ပွားခဲ့သည့် စက်လှေပေါ်တွင် အမျိုးသားကိုးဦး၊ အမျိုးသမီး ၁၀ ဦး လိုက်ပါသွားခြင်းဖြစ်ပြီး အမျိုးသမီး ခြောက်ဦးသေဆုံးခဲ့ကာ ကျန်လူများမှာ အသက်ရှင်ကြောင်း တောင်ကုတ်မြို့မ ရဲတပ်ဖွဲ့စခန်းမှ သိရသည်။

စက်လှေနစ်မြုပ်မှု ဖြစ်ပွားပြီးနောက်တွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ အမျိုးသမီး သုံးဦး၏ ရုပ်အလောင်းကိုရှာဖွေတွေ့ရှိခဲ့သော်လည်း ကျန်အမျိုးသမီး သုံးဦး၏ ရုပ်အလောင်းများကိုမူ ရှာဖွေနေဆဲဖြစ်ကြောင်း သိရသည်။

**(သုတ)**

# နေအိမ်များရှေ့ လမ်းမပေါ် ကျူးကျော်ဆောက်လုပ်ထားသည့် အမိုးအဖီနှင့် ဈေးဆိုင်များ ပြန်လည်ဖျက်သိမ်း



**ရန်ကုန် စက်တင်ဘာ ၇**
ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ် မြို့နယ်များအတွင်း နေအိမ်များရှေ့၌ လမ်းမပေါ်ကျူးကျော်ကာ ဆောက်လုပ်ထားသောအမိုးအဖီများနှင့် ဈေးဆိုင်များအား ပြန်လည်ဖျက်သိမ်းလျက်ရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ရန်ကုန်မြို့တွင် လူနေရပ်ကွက်နှင့် လမ်းများအတွင်း ကျူးကျော်ဆောက်လုပ်ထားသောဈေးဆိုင်များ၊ မြေညီထပ်တိုက်ခန်းများ၏ မျက်နှာစာရှေ့တွင် ကျူးကျော်ထားသောအမိုးအဖီများ၊ ကားဂိုဒေါင်များဆောက်လုပ်ထားခြင်းကို စက်တင်ဘာလဆန်းမှစတင်၍ ဖျက်သိမ်းလျက်ရှိကြောင်း တာမွေမြို့နယ် ပုသိမ်ညွန့်ရပ်ကွက်ရှိ စတိုးဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

"ကျွန်တော်တို့ ဟိုအရင်တုန်းကတော့ ဒီလိုပဲနားလည်မှုနဲ့ လုပ်ခဲ့တာပါ။ အခုတော့ စည်ပင်မြေကို ကျူးကျော်ထားတာတွေ ပြန်ဖျက်ရတယ်။ ကိုယ့်အိမ်ရှေ့ အမိုးထိုးပြီးဖွင့်နေတာပေ့ါ။ တဖြည်းဖြည်းနဲ့ မြေညီထပ်တိုင်းကတော့ ဆိုင်တွေဖြစ်လာကြတယ်။ အိမ်ရှေ့မှာချဲ့လာကြတာပါ။ အခု မြို့နယ်ကလာပြောထားလို့ ပြန်ဖျက်နေရတယ်"ဟု တာမွေမြို့နယ် ပုသိမ်ညွန့် ရပ်ကွက်တွင် စတိုးဆိုင်ဖွင့်လှစ်ထားသူတစ်ဦးက ပြောသည်။

ကျူးကျော်ဆိုင်ခန်းများ၊အဆောက်အအုံများ၊ အမိုးအဖီများကို ဖယ်ရှားရှင်းလင်းလျက်ရှိပြီး မြို့နယ်များအလိုက် ဆက်လက်ဆောင်ရွက်သွားမည်ဟု သိရသည်။ ယင်းအပြင် ရန်ကုန်မြို့တွင်း မြို့နယ်များတွင်လည်း နောက်ဖေးလမ်းကြားများ သန့်ရှင်းသပ်ရပ်စေရေးကိုဆောင်ရွက်လျက်ရှိရာ ကျူးကျော်အမိုးအဖီများကို ဖယ်ရှားရှင်းလင်းလျက်ရှိပြီး စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများကိုလည်း အရေးယူဆောင်ရွက်လျက်ရှိသည်။ ယင်းအစီအစဉ်ကိုလည်း မြို့တွင်းမြို့နယ်များအပြင် အခြားမြို့နယ်များတွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဟု သိရသည်။

"မြေညီထပ်တိုင်းက ဈေးဆိုင်တွေဖြစ်လာတော့ နေအိမ်ရှေ့မှာနေရာမရှိအောင် ဆိုင်တွေကျူးကျော်ထားကြတယ်။ ကားရပ်စရာနေရာလည်း မရှိတော့ဘူး။ ဆိုင်ရှေ့မရပ်နဲ့ ဆိုတာတွေ၊ ကားမရပ်ရဆိုပြီးနေရာဦးထားတာတွေနဲ့ ရန်ဖြစ်နေတာလည်းခဏခဏပဲ။ အိမ်ရှေ့မြေနေရာကို ကိုယ်ပိုင်လိုသုံးနေကြတယ်။ အထူးသဖြင့် ကျားကွက်သစ်လမ်းကဆိုင်တွေပဲ။ လမ်းသားချဲ့ထားလည်းဘီယာဆိုင်တွေကြောင့် လမ်းပိတ်တာခဏခဏပဲ။ စည်ပင်က ခုလို ကြပ်မတ်တာကောင်းတယ်။ လာဘ်မစားဘဲမှန်မှန်ကန်ကန် အရေးယူသင့်တယ်"ဟုတာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက်တွင် နေထိုင်သူတစ်ဦးက ပြောသည်။

**(ဆုနှင်းလဲ့)**

# လုံခြုံရေးအရ စစ်ဆေးရာမှ သေနတ်လုယူမှု မန်တုံမြို့နယ်တွင် ဖြစ်ပွား

**နေပြည်တော် စက်တင်ဘာ ၇**
ရှမ်းပြည်နယ်(မြောက်ပိုင်း) မန်တုံမြို့နယ် လောက်ကျယ်ကျေးရွာ၏ မြောက်ဘက် ၄ မိုင်ခန့်အကွာ၌ နယ်မြေရှင်းလင်းရေးနှင့်လမ်းကြောင်းလုံခြုံရေး ဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းသည် ယမန်နေ့ ညနေ ၅နာရီခွဲက နားအော်လေးကျေးရွာမှ မန်တုံဘက်သို့ မောင်းနှင်လာသည့် ဆိုင်ကယ်တစ်စီးနှင့် လူနှစ်ဦးအား မသင်္ကာသဖြင့် ရပ်တန့်စစ်ဆေးခဲ့ရာ ဆိုင်ကယ်နောက်တွင် လိုက်ပါလာသူက စစ်သည်တစ်ဦးထံမှ သေနတ်အား ရုတ်တရက်လုယူပြီး မရရှိဘဲ နောက်လှည့်ထွက်ပြေးသဖြင့် စစ်သည်မှ ပစ်ခတ်ဖမ်းဆီးရာ သေနတ်ထိမှန်ဒဏ်ရာရပြီး နေရာ၌ သေဆုံးခဲ့သည်။

သေဆုံးသူအား စစ်ဆေးရာ ၎င်းကိုယ်ပေါ်တွင် လွယ်ထားသည့် သားရေအိတ်အတွင်းမှ တိုက်မိုင်း (ဖြူးစ်ပါ) သုံးလုံး၊ တရုတ်ယွမ်ငွေ ၁၀၀တန် အရွက် ၉၀၊ မြန်မာငွေကျပ် ၁၉၃၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးအား သိမ်းဆည်းရမိခဲ့သည်။

ဆိုင်ကယ်မောင်းနှင်သူ နားအော်လေးကျေးရွာနေ အိုက်စံ(ခ) ကုလားအား စစ်ဆေးရာ သေဆုံးသူမှာ ပလောင်လူမျိုးတစ်ဦးဖြစ်ပြီး TNLA အဖွဲ့မှ ဗိုလ်ကြီးအဆင့်ရှိ အရိုင်းဆိုသူဖြစ်ကြောင်း၊ ၎င်းသည် စက်တင်ဘာ ၅ ရက်က နားအော်လေးကျေးရွာသို့ ရောက်ရှိခဲ့ပြီး TNLA အဖွဲ့မှ အင်အား ၃၀ ခန့်နှင့်တွေ့ဆုံခဲ့ကြောင်း၊ ယင်းနောက် မန်တုံသို့ပို့ဆောင်ပေးရန်ပြောဆိုသဖြင့် လိုက်ပါပို့ဆောင်ပေးခဲ့ရာမှ ယခုဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ အိုက်စံအား သက်ဆိုင်ရာ နယ်မြေရဲစခန်းသို့ လုပ်ထုံး လုပ်နည်းနှင့်အညီ အပ်နှံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ဂျိုကိုဗစ်ချ်ကံကောင်းခဲ့ပြီး ကမ္ဘာ့အဆင့်(၁)နေရာတက်လှမ်းဖို့ ယုံကြည်ချက်မြင့်မားနေတဲ့ ကာဘာ





တင်းနစ်လောကရဲ့ ကြီးလေးကြီးနောက်ဆုံး ပိတ်ဂရင်းစလင်းဖြစ်တဲ့ ယူအက်စ်အိုးပင်း ပြိုင်ပွဲက ဩဂုတ် ၂၉ ရက်မှာ စတင်ခဲ့ပြီး စက်တင်ဘာ ၁၁ ရက်မှာ ပြီးစီးတော့မှာဖြစ်ပါတယ်။ ဒါကြောင့် ယူအက်စ်အိုးပင်းပြိုင်ပွဲကြီးဟာ ကွာတားဖိုင်နယ်ပွဲစဉ်တွေ ပြီးဆုံးဖို့ နီးကပ်လာခြင်းနဲ့အတူ မကြာခင်အချိန်အတွင်း အကြိုဗိုလ်လုပွဲစဉ်တွေ စတင်ယှဉ်ပြိုင်ရတော့မှာဖြစ်ပါတယ်။ ဒီတော့ အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွေမှာ နာမည်ကျော်ကစားသမားတွေအခြေအနေ ဘယ်လိုရှိနေလဲဆိုတာ အကျဉ်းတင်ပြလိုပါတယ်။

အမျိုးသားတစ်ဦးချင်းပြိုင်ပွဲမှာတော့ လက်ရှိချန်ပီယံလည်းဖြစ်၊ ကမ္ဘာ့နံပါတ်(၁) ကစားသမားလည်းဖြစ်တဲ့ နိုဗက်ဂျိုကိုဗစ်ချ်ဟာ အကြိုဗိုလ်လုပွဲအဆင့်ကို တက်လှမ်းသွားပြီဖြစ်ပါတယ်။ ကွာတားဖိုင်နယ်မှာ ဂျိုကိုဗစ်ချ်ရဲ့ ပြိုင်ဘက်ပြင်သစ်နိုင်ငံသား တီဆွန်ဂါဟာ ဒူးဒဏ်ရာရရှိပြီးပြိုင်ပွဲကနေ နုတ်ထွက်သွားခဲ့လို့ ဂျိုကိုဗစ်ချ် ထပ်ပြီးကံကောင်းသွားခဲ့ပြန်တယ်လို့ ယူဆရမှာပါ။

ဂျိုကိုဗစ်ချ်ဟာ ပထမအဆင့်ပတ်လည်ပွဲစဉ်မှာ လက်မောင်းဒဏ်ရာရရှိခဲ့လို့ ရုန်းကန်ခဲ့ရသေးပေမယ့် သူယှဉ်ပြိုင်ပြီးစီးခဲ့တဲ့ ပွဲစဉ် ငါးပွဲ(ပထမအဆင့်ပတ်လည်မှ ကွာတားဖိုင်နယ်အထိ)မှာ သုံးပွဲက နယူးယောက်မြို့မှာပဲ ယှဉ်ပြိုင်ခဲ့ရတာဖြစ်တာကြောင့် သူ့အနေနဲ့ အခြားကစားသမားတွေလို ခရီးပန်းမှုဒဏ် သိပ်မခံစားခဲ့ရပါဘူး။ ဒါ့အပြင် ခု ငါးပွဲယှဉ်ပြိုင်ပြီးတဲ့အထိ ပြိုင်ဘက်နှစ်ဦးက ဒဏ်ရာပြဿနာတွေကြောင့် အနားယူခဲ့ရတာကြောင့် အဓိကယှဉ်ပြိုင်ရတဲ့ ပြိုင်ပွဲဆိုလို့ သုံးပွဲသာ ရှိပါသေးတယ်။ ဂျိုကိုဗစ်ချ်ဟာ အကြိုဗိုလ်လုပွဲမှာ နောက်ထပ်ပြင်သစ်ကစားသမားတစ်ဦးဖြစ်တဲ့ ဂီရယ်မာဖီးလ်နဲ့ ရင်ဆိုင်ရမှာဖြစ်ပါတယ်။

နောက်ထပ်အမျိုးသားကွာတားဖိုင်နယ် ပွဲစဉ်နှစ်ပွဲကတော့ ဗြိတိန်နိုင်ငံသား အန်ဒီမာရေးနဲ့ ဂျပန်နိုင်ငံသား နီရှိုကိုရီတို့ရဲ့ ပွဲစဉ်၊ ဆွစ်ဇာလန်နိုင်ငံသား စတန်းဝေါရင်ကာနဲ့ အာဂျင်တီးနားနိုင်ငံသား ဒယ်လ်ပေါ်ထရိုတို့ရဲ့ ပွဲစဉ်တွေဖြစ်ပါတယ်။ ဒီပြိုင်ပွဲနှစ်ခုက အနိုင်ရသူနှစ်ဦးဟာ အကြိုဗိုလ်လုပွဲမှာ တွေ့ဆုံရင်ဆိုင်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီဒုတိယအကြိုဗိုလ်လုပွဲစဉ်ဟာ ပိုမိုပြိုင်ဆိုင်မှုပြင်းထန်မယ့် အနေအထားတွေမြင်တွေ့နေရပြီး ဂျိုကိုဗစ်ချ်ကတော့ ဂီရယ်မာဖီးလ်လို မကြာသေးမီကာလကမှ လက်ရည်တက်လာတဲ့ ကစားသမားမျိုးနဲ့သာ တွေ့ဆုံရမှာဆိုတော့ ဒဏ်ရာပြဿနာအနည်းငယ်ရှိနေတဲ့ သူ့အတွက် ကံတရားက မျက်နှာသာပေးနေတယ်လို့တောင် ထင်စရာပါပဲ။

ဒီနှစ် တစ်နှစ်ပတ်လုံးမှာ ပရိသတ်တွေအနေနဲ့ တင်းနစ်ပြိုင်ပွဲ(အထူးသဖြင့် အမျိုးသားပွဲစဉ်)တွေမှာ ဒဏ်ရာပြဿနာတွေကြောင့် ကြယ်ပွင့်ကစားသမားတွေ စုံစုံလင်လင်နဲ့ ရေကုန်ရေခန်းယှဉ်ပြိုင်တာကို မြင်တွေ့ခဲ့ရခြင်း မရှိပါဘူး။ ကမ္ဘာ့ထိပ်တန်းကစားသမား ၁၀ ဦး စာရင်းဝင်တဲ့ နာဒဲလ်၊ ဖက်ဒဲရာ၊ တီဆွန်ဂါတို့ ဒဏ်ရာပြဿနာကြုံထားရပြီး ဖြစ်တာကြောင့် ပြိုင်ပွဲပြီးဆုံးဖို့ သုံးရက်အလိုမှာ ဘယ်ကစားသမားတွေ ဒဏ်ရာထပ်ရသွားဦးမလဲဆိုတာ ပရိသတ်တွေ တထိတ်ထိတ် ဖြစ်နေရပါတယ်။

အားလုံးစိတ်ဝင်တစား စောင့်ကြည့်နေတာကတော့ လက်စွမ်းထက် ဂျာမနီနိုင်ငံသူ အန်ဂျလိဳ်ကာဘာတစ်ယောက် ဆရီနာဝီလျံရဲ့ အမျိုးသမီး ကမ္ဘာ့အဆင့်(၁)နေရာကို ယူအက်စ်အိုးပင်းအပြီးမှာ လွှဲပြောင်းယူနိုင်တော့မလားဆိုတဲ့ဖြစ်ရပ်ပါ။ ကာဘာဟာ ဩစတြေးလျ အိုးပင်းမှာ ချန်ပီယံဖြစ်ခဲ့သလို၊ ဝင်ဘယ်လ်ဒန်အိုးပင်းမှာ ဗိုလ်လုပွဲအထိ တက်လှမ်းထားနိုင်သူဖြစ်ပြီး လက်ရှိ ကမ္ဘာ့အဆင့်(၂)နေရာကို ရောက်ရှိနေသူလည်း ဖြစ်ပါတယ်။ တကယ်လို့ ကာဘာသာ ယူအက်စ်အိုးပင်းမှာ ဗိုလ်စွဲနိုင်မယ်ဆိုရင် ဆရီနာဝီလျံ ရက်သတ္တပတ်ပေါင်းများစွာ ထိန်းသိမ်းထားတဲ့ ကမ္ဘာ့အဆင့်(၁)နေရာကို လက်လွှဲရယူနိုင်တော့မှာပါ။ ဒါပေမယ့် ကာဘာနဲ့ အကြိုဗိုလ်လုပွဲမှာ တွေ့ဆုံနေတဲ့ သူက ဝေါ့ဇနီယာကီလို ထိပ်တန်းကစားသမားဖြစ်တာကြောင့် ကာဘာအနေနဲ့ လွယ်တော့ မလွယ်ပါဘူး။ ဝေါ့ဇနီယာကီကိုယ်တိုင်ကလည်း ကာဘာကို အနိုင်ကစားသွားနိုင်တဲ့ စွမ်းအင်တွေ အပြည့်ရှိထားတယ်လို့ ပွဲကြိုပြောထားတာကြောင့် ဘာတွေဆက်ဖြစ်မလဲ စောင့်ကြည့်ကြရအောင်ပါ။ ဆရီနာဝီလျံကတော့ မနှစ်က ယူအက်စ်အိုးပင်းအကြိုဗိုလ်လုပွဲမှာ ဗင်စီကိုရှုံးနိမ့်ပြီး တစ်နှစ်တည်း ဂရင်းစလင်း ဖလားလေးလုံး ဆက်တိုက်ဆွတ်ခူးနိုင်မယ့် အိပ်မက်ဆုံးရှုံးခဲ့သူပါ။ ဒါ့အပြင် ၂၀၁၆ ခုနှစ်အတွင်း ဩစတြေးလျအိုးပင်း၊ ပြင်သစ်အိုးပင်းတွေမှာလည်း လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ခြင်းမရှိခဲ့ပေမယ့် ဝင်ဘယ်လ်ဒန်အိုးပင်းမှာတော့ ချန်ပီယံဘွဲ့ကို ရယူကာ ကမ္ဘာ့အဆင့်(၁)နေရာကို ဆက်လက်ထိန်းထားနိုင်ခဲ့ပါတယ်။ အခုယူအက်စ်အိုးပင်း ကွာတားဖိုင်နယ်မှာ ကမ္ဘာ့အဆင့်(၅) ဟိုလစ်ပ်နဲ့ ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဆရီနာရဲ့ ကမ္ဘာ့အဆင့်(၁)နေရာ ၁၈၆ ပတ်ကြာအောင် ထိန်းသိမ်းထားနိုင်မှုကို ကာဘာ ရပ်တန့်နိုင်မလားဆိုတာ ဒီရက်သတ္တပတ်အတွင်းမှာပဲ အဖြေထုတ်နိုင်တော့မှာ ဖြစ်ပါတယ်။

**မေလှဲ့သင်း**

## လက်ရှိယူရိုချန်ပီယံပေါ်တူဂီကို ဆွစ်ဇာလန်အသင်း နှစ်ဂိုးပြတ်အနိုင်ရရှိ

၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ခြေစစ်ပွဲများယှဉ်ပြိုင်ကစားလျက်ရှိရာ စက်တင်ဘာ ၆ ရက်ညပိုင်းက အုပ်စုသုံးအုပ်စုမှ ပွဲစဉ် ကိုးပွဲ ယှဉ်ပြိုင်ကစားခဲ့ပြီး အုပ်စု(B)၏ ပွဲစဉ် တစ်ပွဲဖြစ်သည့် ဆွစ်ဇာလန်အသင်းနှင့် ပေါ်တူဂီအသင်းတို့ပွဲစဉ်တွင် ဆွစ်ဇာလန်အသင်းက လက်ရှိယူရိုချန်ပီယံ ပေါ်တူဂီအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် ဆွစ်ဇာလန်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို အမ်ဘိုလိုနှင့် မက်မီဒီတို့က ပထမပိုင်းပွဲကစားချိန်အတွင်း သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး ဆွစ်ဇာလန် ကွင်းလယ်ကစားသမား ဇာကာမှာ ဒုတိယပိုင်း နာကျင်အချိန်ပိုတွင် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည်။

ပေါ်တူဂီအသင်းမှာ ယူရိုပြိုင်ပွဲတွင် ဒဏ်ရာရရှိခဲ့သည့် တိုက်စစ်မှူး စီရိုနယ်လ်ဒို မပါဝင်နိုင်ခဲ့ခြင်းကြောင့် နာနီ၊ အက်ဒါ၊ ဘာနာဒိုဆေးလ်ဗားတို့ကို တိုက်စစ်ပိုင်းတွင် အသုံးပြုခဲ့ရခြင်းဖြစ်ပြီး နည်းပြဖာနန်ဒို ဆန်းတို့စ်၏ ၄-၃-၃ မဟာဗျူဟာသည် ပေါ်တူဂီအသင်းအတွက် ရလဒ်ကောင်း တစ်ခုဖြစ်မလာခဲ့ဘဲ နည်းပြပက်ကိုဗစ်၏ ဆွစ်ဇာလန်အသင်းက အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။


အုပ်စု(A)ပွဲစဉ်များဖြစ်သည့် ဘီလာရုစ်အသင်းနှင့် ပြင်သစ်အသင်းတို့ပွဲစဉ်တွင် ဂိုးမရှိသရေ၊ ဆွီဒင်အသင်းနှင့် နယ်သာလန်အသင်းတို့၏ ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေ၊ ဘူဂေးရီးယားအသင်းနှင့် လူဇင်ဘတ်အသင်းတို့ပွဲစဉ်တွင် ဘူဂေးရီးယားအသင်းက လူဇင်ဘတ်အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အုပ်စု(B)ပွဲစဉ်များတွင်မူ အန်ဒိုရာ အသင်းနှင့် လတ်ဗီးယားအသင်းတို့ပွဲစဉ်တွင် လတ်ဗီးယားအသင်းက အန်ဒိုရာအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဖာရိုးကျွန်းစုအသင်းနှင့် ဟန်ဂေရီအသင်းတို့ပွဲစဉ်တွင် ဂိုးမရှိ သရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။

အုပ်စု(H)ပွဲစဉ်များဖြစ်သည့် ဘော့စနီးယား-ဟာဇီဂိုဗီးနားအသင်းနှင့် အက်စတိုး နီးယားအသင်းတို့ပွဲစဉ်တွင် ဘော့စနီးယား-ဟာဇီဂိုဗီးနားအသင်းက ငါးဂိုးပြတ်ဖြင့် လည်းကောင်း၊ ဆိုက်ပရပ်စ်အသင်းနှင့် ဘယ်လ်ဂျီယံအသင်းတို့ပွဲစဉ်တွင် ဘယ်လ်ဂျီယံအသင်းက ဆိုက်ပရပ်စ်အသင်းကို သုံးဂိုးပြတ်ဖြင့်လည်းကောင်း၊ ဂျီဘရယ်သယ်အသင်းနှင့် ဂရိအသင်း တို့ပွဲစဉ်တွင် ဂရိအသင်းက လေးဂိုး-တစ်ဂိုး ဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

ဆိုက်ပရပ်စ်အသင်းနှင့် ဘယ်လ်ဂျီယံ အသင်းတို့ပွဲစဉ်တွင် ဘယ်လ်ဂျီယံအသင်း အတွက် သွင်းဂိုးများကို လူကာကူကနှစ်ဂိုးနှင့် ကာရက်စကိုကတစ်ဂိုး သွင်းယူပေးခဲ့ခြင်းဖြစ် သည်။ အုပ်စု(H)တွင် ဘော့စနီးယား-ဟာဇီဂိုဗီးနားအသင်းက အုပ်စုကိုထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့ပြီး အုပ်စု(B)တွင် ဆွစ်ဇာလန် အသင်းက ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့သည်။ အုပ်စု(A)တွင်မူ ဘူဂေးရီးယားအသင်းက ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့သည်။

၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်အတွက် အုပ်စုအဆင့် ခြေစစ်ပွဲစဉ်များကို စက်တင်ဘာ ၄ ရက်မှ ၆ ရက်အထိ ကစားခဲ့ပြီး အုပ်စုအဆင့် ခြေစစ်ပွဲဒုတိယအဆင့် ပွဲစဉ်များကို အောက်တိုဘာ ၆ ရက်၊ ၇ ရက်နှင့် ၈ ရက်တို့တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။ **(ငွေကြယ်)**



**အားကစားမြှင့်တင် စိတ်လန်းရှင်**

**ဆန့်ကျင်မူးယစ်ဆေး**

**0D Sif;c(b)0Donif;wif12^&ue(E)f028073» ESh**
**Ze;a'; pEmr(b)0a pmarmif;wif12^&ue(E)f027328»**
**wifpDyÍf t d;rr;zpfuGif;trG;oaP&eGfunmcuf**

ဂျပန်နိုင်ငံတွင် တာဝန်ထမ်းဆောင်နေသူ ကျွန်ုပ်၏မိတ်ဆွေ ဦးလှမင်းချို၏ လွှဲအပ်တာဝန်ပေးချက်အရ အသိပေးကြေညာလိုသည်မှာ-

(က) ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ နတ်ရေကန်(၁)လမ်း၊ မြေကွက်အမှတ်(၈၃၀/က)၊ မြေဧရိယာ ပေ(၂၀×၆၀) မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော RCနှစ်ထပ်တိုက်အိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်၊

(ခ) ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ငွေပုလဲ(၁)လမ်း၊ မြေကွက်အမှတ်(၉၁၁/ခ)၊ မြေဧရိယာ ပေ(၂၀×၆၀)မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အုတ်ညှပ်တစ်ထပ်တိုက်အိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်၊

(ဂ) ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၉(B)ရပ်ကွက်၊ သမာဓိ(၄)လမ်း၊ မြေကွက်အမှတ်(၅၆၂)၊ မြေဧရိယာ ပေ(၄၀×၆၀) မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော သစ်သားအိမ်(၂)လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်၊

တို့မှာ ကျွန်ုပ်၏မိတ်ဆွေ ဦးလှမင်းချို၏ငွေကြေးများဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော လင်မယား(၂)ဦးပိုင်ပစ္စည်းများဖြစ်ပြီး ဦးလှမင်းချို၏ စီမံခန့်ခွဲမှုအောက်တွင် လက်ရှိ ရှိနေသောပစ္စည်းများ ဖြစ်ပါသည်။

အထက်ပါအိမ်မြေများ၏ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများအား ဦးလှမင်းချိုက ဒေါ်စန္ဒာမိုးထံတွင် အပ်နှံထိန်းသိမ်းခိုင်းထားခြင်းသာဖြစ်၍ ဒေါ်စန္ဒာမိုးတစ်ဦးတည်းက ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်း၊ ငှားရမ်း၊ အာမခံတင်သွင်းခြင်းအပါအဝင် တစ်နည်းနည်းဖြင့် လွှဲပြောင်းခွင့်လုံးဝမရှိပါကြောင်း၊ ဦးလှမင်းချိုက သဘောတူခွင့်ပြုထားခြင်း မရှိပါကြောင်း၊ တရားဝင်လင်မယားနှစ်ဦးပိုင် အိမ်နှင့်မြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်စန္ဒာမိုး တစ်ဦးတည်း လက်မှတ်ရေးထိုး လွှဲပြောင်းမှု တစ်စုံတစ်ရာ ပြုလုပ်ခဲ့ပါက တရားမဝင်ပါကြောင်း၊ ထိုအိမ်မြေများအတွင်းသို့ မည်သူမျှ ကျူးကျော်ဝင်ရောက်ခွင့် မရှိပါကြောင်း၊ ဥပဒေမဲ့ တရားမဝင်ပြုလုပ်သူများ ရှိပါက ပြုလုပ်သူတို့၏တာဝန်သာ ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှမင်းချို၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဆွေဇင်ထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၄၄၃)**

**ဒေါ်ချိုချိုမြင့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၅၇၅)**


**အမှတ်(၄၀)၊ ပတ္တမြားလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၄၅၀၀၂၀၂၇၄**　　**ဖုန်း-၀၉-၅၀၇၄၆၅၀**

# NAING GROUP COMPANY နှစ် (၃၀) ပြည့် ပုလဲရတု အထိမ်းအမှတ် ကျေးဇူးတင်လွှာ

ဦးဝင်းနိုင် နှင့် သားများ ဆောက်လုပ်ရေး လုပ်ငန်းဖြင့် 1986 ခုနှစ် ကတည်းက စတင် သန္ဓေတည်ခဲ့သော NAING GROUP COMPANY LTD သည် 2016 တွင် (30) နှစ် တိုင်အောင် အောင်မြင်စွာ ရပ်တည်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ (30) နှစ်၊ ပုလဲရတုတိုင်အောင် ကူညီပံ့ပိုးခဲ့ကြသော လုပ်ဖေါ်ကိုင်ဖက် မိတ်ဆွေများအားလုံး၊ ယုံကြည်စွာဝယ်ယူအားပေးခဲ့ကြသော CUSTOMERS များအားလုံး၊ ပူးပေါင်း ပါဝင်ဆောင်ရွက်ခဲ့ကြသော CONSULTANTS များအားလုံး၊ SPECIALIST CONTRACTORS များအားလုံး၊ MATERIAL SUPPLIERS များအားလုံး တို့အားကျေးဇူးအထူးတင်ရှိပါသည်။

နောင်လာမည့် ကာလများတွင်လည်း NAING GROUP အနေဖြင့် လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများ၊ ယုံကြည်စွာဖြင့် ဝယ်ယူအားပေးခဲ့ကြသော CUSTOMERS များ စိတ်ချမ်းသာမှု ရှိစေရန် ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကတိပြု အပ်ပါသည်။ (30) နှစ်ပြည့်မြောက်သော ကာလများတွင်လည်း NAING GROUP နှင့်ပတ်သက်သော STAKEHOLDERS များအားလုံး ကျန်းမာချမ်းသာ ကြစေရန် လည်းကောင်း၊ စီးပွားလာဘ်လာဘများ ပိုမိုတိုးတက် အောင်မြင်စေရန် လည်းကောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။




CELEBRATING
30 YEARS!

ONE OF MYANMAR
LEADING DEVELOPER
SINCE 1986

— DEVELOPMENT ACHIEVEMENTS —



# ယခင်နှစ်မုန်းချောင်းရေကြီးမှုတွင် မီးရထားလမ်းတာပေါင်များကြောင့် ရေထွက်ပေါက်ကျဉ်းကာ သဲများငါးပေခန့်တင်ကျန်နေခဲ့ရာ ကိုင်းမြေဧက ၂၀၀ ကျော်မှာ ယခုချိန်ထိပျက်စီးဆုံးရှုံးနေ



**ပွင့်ဖြူ စက်တင်ဘာ ၇**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်သည် ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်း မုန်းချောင်းရေကြီး၊ ရေလျှံမှုများ ဖြစ်ပွားခဲ့သဖြင့် ကိုင်းမြေနုယာမြေများ၌ သဲများဖုံးလွှမ်း၍ စိုက်ပျိုးရေးအခက်အခဲများ တွေ့ကြုံနေရကြောင်း ဒေသခံများကပြောသည်။

ပွင့်ဖြူမြို့နယ် သရက်အုပ်ကွင်းအမှတ် (၉၀၂)ကွင်းနှင့် မကျီးကုန်းကွင်းအမှတ် (၇၇၄) ကွင်းအတွင်းရှိ သရက်အုပ်ကျေးရွာ၊ ယောစုကျေးရွာ၊ ပိန္နဲတောကျေးရွာ၊ ရွာသစ်ကျေးရွာ၊ ညောင်ကုန်းကျေးရွာနှင့် သာစည်ကျေးရွာများရှိ မုန်းချောင်းကမ်းပါးတစ်လျှောက် ကိုင်းမြေဧက ၂၀၀ ကျော်မှာ ယခုအချိန်ထိ စိုက်ပျိုးရေးအခက်အခဲတွေ့ကြုံနေရသည်။

ရွာသစ်ကျေးရွာနေ တောင်သူ ကိုအောင်မြင့်ခိုင်က "ပြီးခဲ့တဲ့နှစ် ရေကြီးပြီးကိုင်းမြေတွေ သဲဖုံးလွှမ်းခဲ့တာ၊ သဲကြမ်းဖုံးလွှမ်းသွားတာ ငါးပေအမြင့်လောက်ထိ ဖုံးလွှမ်းသွားတော့ လူလုပ်အားနဲ့ ကိုင်းမြေပြန်ဖော်ဖို့ မဖြစ်နိုင်ဘူး။ အနီးဝန်းကျင်ရွာတွေက ဒီကိုင်းမြေကို စိုက်ပျိုးရေးလုပ်ကိုင်စားကြရတာ၊ အခုတော့ ကိုင်းမြေ ဧက ၂၀၀ ကျော်လောက် မုန်းချောင်းကမ်းပါးတစ်လျှောက် သဲဖုံးလွှမ်းသွားတော့ ဘာမှလုပ်ကိုင်လို့မရဘူး၊ ယခင်ရေကြီးတာဖြစ်ဖူးတယ်။ အခုလို သဲကြမ်းတွေတင်ကျန်မနေဘူး။ အခုက မီးရထားလမ်းက မုန်းချောင်းကို တုတ်သဖွယ် ကာဆီးထားတော့ မုန်းရေထွက်ပေါက် ကျဉ်းနေတယ်။ ဒါကြောင့် ပွင့်ဖြူမြို့ပေါ်နဲ့ ကျေးရွာတွေပါ ရေတွေတက်လာပြီး ပျက်စီးဆုံးရှုံးမှုပိုများလာတယ်။ မီးရထားလမ်းကလည်း ဖောက်လုပ်ပြီးကတည်းက တစ်ခါမှ မီးရထား ဖြတ်သွားတာ မတွေ့ရဘူး။ တောင်သူတွေ လယ်/ယာမြေတွေဆုံးရှုံး၊ သီးနှံစိုက်ခင်းတွေ ပျက်စီးတာပဲရှိတယ်။ နုန်းမြေနုတွေတင်ကျန်နေရင် စိုက်ပျိုးရတာပိုအဆင်ပြေတယ်။ အခုဟာက သဲတွေဖြစ်နေတယ်။ ဘာမှ စိုက်ပျိုးမရဘူးဖြစ်နေတယ်" ဟုပြောသည်။

ယောစုကျေးရွာနေ တောင်သူ ဒေါ်အေးမြင့်က "ဒီကိုင်းမြေလေးကို အဓိကထားလုပ်စားနေတာကြာပါပြီ။ ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်နဲ့ ငှက်ပျောစိုက်ကြတယ်။ နုန်းမြေနုတင်ကျန်ရင် မြေဩဇာပိုကောင်းတော့ စိုက်တဲ့သီးနှံပိုအောင်မြင်တယ်။ အခုက သဲတွေတင်ကျန်တာလေ၊ ကိုင်းထဲကအစောင့်တဲတောင် ခေါင်ထိပ်ထိ သဲဖုံးလွှမ်းသွားတာ၊ ဘာမှလုပ်မရတော့ဘူး။ အစိုးရက စက်ယန္တရားတွေနဲ့ သဲတွေ ဖယ်ထုတ်ပေးနိုင်ရင်တော့ ကျွန်မတို့ ကိုင်းမြေလေးတွေ ပြန်စိုက်ပျိုးလို့ရမှာပေါ့" ဟု ပြောသည်။

အဆိုပါ မီးရထားလမ်းသည် သရက်-မင်းဘူး-စကု-လယ်ကိုင်း-ပွင့်ဖြူ-စလင်းသို့ ဆက်သွယ်ဖောက်လုပ်ထားပြီး မီးရထားလမ်းဖောက်လုပ်ရာတွင် ရေထွက်ပေါက်များ မပါရှိဘဲ၊ မြေသား တာပေါင်များဖြင့် ဆောက်လုပ်ထားသည်ဖြစ်ရာ မန်းချောင်းနှင့် မုန်းချောင်းကို မီးရထားတံတားများ တည်ဆောက်ထားသော်လည်း ချဉ်းကပ်လမ်းကို မြေသားများဖြင့် ပြုလုပ်ထားခြင်း၊ မုန်းချောင်းရေထွက်ပေါက်ကျဉ်းနေခြင်း၊ မင်းဘူးမှ ပွင့်ဖြူ-စလင်းသို့ မီးရထားပြေးဆွဲခြင်းမရှိခြင်း၊ မီးရထားသံလမ်းများ ရေတိုက်စားသဖြင့် ပျက်စီးနေခြင်းများဖြစ်ပေါ်နေသည်။ ကျေးလက်နေ တောင်သူများ၏ လယ်ယာမြေစိုက်ခင်းများလည်း ပျက်စီးနေသဖြင့် သက်ဆိုင်ရာမှ အချိန်မီ ပြုပြင်ဆောင်ရွက်ပေးစေလိုကြောင်း ဒေသခံများက ပြောသည်။ **တင်ထွန်းဦး(မင်းဘူး)**

## လူကုန်ကူးမှု တိုက်ဖျက်ရေးနှင့် အသိပညာပေးဟောပြော



**ညောင်လေးပင် စက်တင်ဘာ ၇**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာ့ဂုဏ်ရည်ခန်းမ၌ စက်တင်ဘာ ၆ ရက်က လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ညောင်လေးပင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုကြီးက အဖွင့်အမှာစကားပြောကြားပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာများကို Projector ဖြင့် အသေးစိတ်ရှင်းလင်းဟောပြောသည်။ ဆက်လက်၍ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့အမှတ်(၃) တပ်ဖွဲ့စု ပဲခူးမြို့မှ ရဲအုပ်ကျော်ကျော်က လူကုန်ကူးမှုနှင့် လူမှောင်ခိုကူးမှု၏ ဆိုးကျိုးများ၊ ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာများ၊ လူကုန်ကူးမှုအမျိုးအစားများ၊ လူကုန်ကူးသူများ အသုံးပြုသည့် နည်းလမ်းများ၊ သတိပြုရမည့်သူများ၊ သတိပြုရမည့် အချက်များကို အသေးစိတ်ရှင်းလင်းဟောပြော သည်။

ဟောပြောပွဲသို့ ညောင်လေးပင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုကြီးနှင့် တပ်ဖွဲ့ဝင်များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု အမှတ်(၃) ပဲခူးမြို့မှ ရဲအုပ်ကျော်ကျော်နှင့် တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်လေ့လာကြပြီး ရဲတပ်ဖွဲ့ဝင်များက လက်ကမ်းစာစောင်များ အခမဲ့ပေးဝေခဲ့ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

## ပျိုရွယ်သူ မျိုးဆက်ပွားကျန်းမာရေး ဆင့်ပွားသင်တန်းပေး

**စဥ့်ကိုင် စက်တင်ဘာ ၇**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ပျိုရွယ်သူမျိုးဆက်ပွားသင်တန်းကို စက်တင်ဘာ ၅ ရက်မှ ၇ ရက် အထိ မြင်စိုင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငွေငွေမော်မှ ပျိုရွယ်သူ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဆွေးနွေးဟောပြောခြင်းနှင့် ခရိုင်အထွေထွေရောဂါကုဆေးရုံကြီးမှ ဒေါက်တာယဉ်မင်းမင်းစိန်က မျိုးဆက်ပွားကျန်းမာရေးအကြောင်းနှင့် ပတ်သက်၍ မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် သွေးတိုး၊ ဆီးချိုအဝလွန်ရောဂါများအကြောင်း အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၄၀ တက်ရောက်ခဲ့ကြပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဦးတည်၍ မျိုးဆက်ပွားကျန်းမာရေးနှင့် ပတ်သက်သောအသိပညာများ မှန်ကန်စွာရရှိစေရန်ဖြစ်ကြောင်း၊ ယင်းသင်တန်းဖွင့်လှစ်ခြင်းအားဖြင့် မျိုးဆက်ပွားကျန်းမာရေးနှင့် သက်ဆိုင်သောထောင်စုနှစ်ရည်မှန်းချက် ပန်းတိုင်များဖြစ်သည့် ကလေးသေနှုန်းလျော့နည်းရန်၊ မိခင်ကျန်းမာရေးမြှင့်တင်ရန်၊ ခုခံအားကျဆင်းမှု ရောဂါတိုက်ဖျက်ရန်၊ တိုးတက်ဖွံ့ဖြိုးမှုအတွက် ကမ္ဘာနှင့်အဝန်း ပူးပေါင်းပါဝင်မှုများပြားရန်စသည့် ရည်မှန်းချက်များ အကောင်ထည်ဖော်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် HIV ပိုးကူးဆက်ခြင်းနှင့် ကာကွယ်ခြင်း ဘာသာရပ်၊ လူထုနှင့် ဆက်သွယ်ပြောဆိုခြင်းဘာသာရပ်၊ ဆယ်ကျော်သက် ကိုယ်ဝန်ဆောင်ခြင်း မလိုလားအပ်သော ကိုယ်ဝန်၊ လူငယ်များနှင့် သားဆက်ခြားခြင်းပြဿနာ၊ မိသားစုဘဝနှင့် အိမ်ထောင်ဖက်ရွေးချယ်ခြင်း၊ မျိုးဆက်ပွားအင်္ဂါဆိုင်ရာခန္ဓာဗေဒ၊ ဇီဝကမ္မနှင့် မီးယပ်သွေးပေါ်ခြင်း၊ ကိုယ်ဝန်ဆောင်ခြင်းနှင့် မွေးဖွားခြင်း၊ သားပျက်သားလျှောခြင်းနှင့် ပြုစုစောင့်ရှောက်ခြင်း စသည့်သင်ခန်းစာများအား သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်မှု အဖွဲ့ဝင်ဒေါ်နွဲ့နွဲ့က ပြောသည်။ **ဖိုးအောင်(စဥ့်ကိုင်)**

## မြို့နယ်အဆင့် မူလတန်းဘာသာရပ်ဆိုင်ရာ အရည်အသွေးမြှင့်တင်ရေး အလုပ်ရုံဆွေးနွေး

**ကနီ စက်တင်ဘာ ၇**
စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ၂၀၁၆ - ၂၀၁၇ ပညာသင်နှစ် အခြေခံပညာမူလတန်း မြို့နယ်အဆင့် ဘာသာရပ်ဆိုင်ရာ အရည်အသွေးမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို အမှတ်(၃)အခြေခံပညာ အလယ်တန်း(ခွဲ)ကျောင်း၌ စက်တင်ဘာ ၃ ရက် မှ ၅ ရက်အထိ ကျင်းပခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌမှ အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးကံအောင်က အခုလို အလုပ်ရုံဆွေးနွေးပွဲ ဆောင်ရွက်ရခြင်းမှာ ဘာသာပြ ဆရာ၊ ဆရာမများ ဘာသာရပ်ဆိုင်ရာ လုပ်ငန်းစွမ်းဆောင်မြှင့်တင်ရေးနှင့် အောင်ချက်မြင့်မားရေး၊ ကျောင်းသား၊ ကျောင်းသူများ၏ အနာ၊ အကြား၊ အပြော၊ အဖတ်၊ အရေးစွမ်းရည်များကို တိုးတက်လာစေရန်၊ ဝေါဟာရကြွယ်ဝစေပြီး စာပိုဒ်များဖတ်တတ်၍ ဝါကျများတည်ဆောက်တတ်စေရန်၊ အောင်ချက်ရာနှုန်း ပိုမိုမြင့်မားလာစေရန်နှင့် ထူးချွန်ကျောင်းသားများတိုးတက်လာစေရန်တို့ကို ရည်ရွယ်ကာ ဆွေးနွေးပွဲဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းဆွေးနွေးပွဲတွင် ဆရာနှင့်ကျောင်းသားများအကြား သင်ကြားမှု၊ သင်ယူမှု ဘာသာရပ်ဆိုင်ရာလုပ်ငန်းများ ပိုမိုထိရောက်တိုးတက်လာရေးတို့အတွက် သင်ကြားရာတွင် အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်၍ အားသာချက်များကို အသုံးပြုသင်ကြားရေး ဆွေးနွေးခဲ့ကြသည်။ **သန်းဌေးအောင်(ကနီ)**

## အရန်မီးသတ်တပ်ဖွဲ့ဝင်များ မွမ်းမံသင်တန်းဖွင့်လှစ်

**နေပြည်တော် စက်တင်ဘာ ၇**
နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် မီးသတ်တပ်ဖွဲ့မှ ကြီးမှူးဖွင့်လှစ်ခဲ့သော အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၅ ရက် ညနေ ၄ နာရီတွင် ဇမ္ဗူသီရိမြို့နယ် မီးသတ်တပ်ဖွဲ့ရုံး၌ကျင်းပရာ ဇမ္ဗူသီရိမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးက အရန်မီးသတ် ဝတ်စုံများကို ပေးအပ်ရာ သင်တန်းသားများကိုယ်စား အောင်ဇမ္ဗူရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမောင်သိန်းက လက်ခံရယူခဲ့သည်။

အခမ်းအနားသို့ နေပြည်တော် မီးသတ်ဦးစီးဌာနဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးလှိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် သင်တန်းသား ၅၀ တက်ရောက်ခဲ့သည်။

သင်တန်းတွင် 'မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ်' ဆောင်ပုဒ်နှင့်အညီ စာတွေ့၊ လက်တွေ့ သင်ခန်းစာများဖြစ်သည့် အခြေခံလက်နက်မဲ့စစ်ရေးပြဘာသာရပ်၊ မီးလောင်မှု အခြေခံသဘောတရား၊ မီးအတန်းအစားခွဲခြားခြင်း၊ ခေတ်မီအရေးပေါ် မီးသတ်ပစ္စည်းကိရိယာများကိုင်တွယ်အသုံးပြုခြင်း ဘာသာရပ်များကို စက်တင်ဘာ ၅ ရက်မှ ၁၁ ရက်အထိသင်ကြားပို့ချပေးမည်ဖြစ်သည်။ **သန့်မောင်**

## တနီးလားလဲကျေးရွာကန်ခုနစ်ဆင့်တွင် ငါးမျိုးစိုက်ထည့်

**ဒီမော့ဆို စက်တင်ဘာ ၇**
ကယားပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ လွိုင်ကော်ခရိုင် ဒီမော့ဆိုမြို့နယ် တနီးလားလဲကျေးရွာ ကန်ခုနစ်ဆင့်တွင် ငါးမျိုးစိုက်ထည့်ပွဲကို စက်တင်ဘာ ၆ ရက် နံနက် ၈ နာရီက ကန်ခုနှစ်ဆင့် ဆဌမမြောက်ကန်၌ ကျင်းပခဲ့သည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲတွင် ကယားပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်အေးအေးဇော်၊ ဒု-ပြည်နယ်ဦးစီးမှူး ဦးစိုးနိုင်၊ ခရိုင်မှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ရီနှင့် ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျောင်းသား၊ ကျောင်းသူများက ကန်ခုနစ်ဆင့် ဆဌမမြောက်ကန်အတွင်း မြက်စားငါးကြင်း ၁၀၀၀၀၊ ရွှေဝါငါးကြင်း ၁၀၀၀၀ နှင့် ငါးခုံးမကြီး ၁၀၀၀၀ စုစုပေါင်း ငါးကောင်ရေ ၃၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ခဲ့ကြသည်။ **မြို့နယ် ပြန်/ဆက်**

## ရဲတပ်ဖွဲ့ဝင်များနှင့်ပြည်သူများစုပေါင်း၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်



**ပေါက်  စက်တင်ဘာ ၇**

ပေါက်မြို့ အောင်တော်မူရပ်ကွက် မြောက်ဘက်အနိမ့်ပိုင်းလူနေအိမ်ဝင်းများ၊ နေအိမ်အချို့နှင့် လမ်းများပေါ်တွင် မိုးတွင်းကာလ၌ ဆင်ဇာချောင်းရေများ လျှံတက်ကာ ရေဝင်ရောက်မှုများ မကြာခဏဖြစ်ပေါ်လျက်ရှိပြီး ၎င်းရေဝင်ရောက်မှုများမဖြစ်ပေါ်စေရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများစုပေါင်း၍ အမှတ်(၂)ဆင်ဇာချောင်းတံတားအောက်ဘက်ကပ်ပြီး စက်တင်ဘာ ၅ ရက်က ရေကာတာတည်ဆောက်လျက်ရှိသည်။

အဆိုပါဆင်ဇာချောင်းရေသည် မိုးတွင်းကာလ၌ မိုးသည်းထန်စွာရွာသွန်းသည်နှင့်တစ်ပြိုင်နက် တောင်ကျချောင်းရေများ တစ်ဟုန်ထိုးစီးဆင်းကာ ချောင်းရေများလျှံတက်ကာ အောင်တော်မူရပ်ကွက်မြောက်ဘက်အနိမ့်ပိုင်းလမ်းများ၊ ရပ်ကွက်များအတွင်းရေများဝင်ရောက်ရာ လူနှင့်တိရစ္ဆာန်များ နီးစပ်ရာသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရသည်။

ယခုအခါ အဆိုပါရေကြီးရေလျှံမှုများမဖြစ်ပေါ်စေရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ၏ လုပ်အား၊ ငွေအားနှင့် စေတနာရှင်အလှူရှင်များစုပေါင်း၍ ရေကာတာတိုင်များရိုက်၍ သဲအိတ်များအဆင့်ဆင့်ချပေးကာ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ညဏ်တိုး(ပေါက်)**

## စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် စိုက်ကေများစာရင်းမှန်ကန်ရေးဆွေးနွေး

**အောင်လံ စက်တင်ဘာ ၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့တွင် စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်း၊ စိုက်ပျိုးရေးညှိနှိုင်းမှုကြီးကြပ်မှုကော်မတီ၏ (၂၀၁၆-၂၀၁၇) စိုက်ပျိုးရာသီလျာထားစိုက်ဧကနှင့် မြေပြင်အမှန်စိုက်ဧကများစာရင်းမှန်ကန်ရေး ဆွေးနွေးခြင်းနှင့် စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိဌာနပေါင်းစုံညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၅ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ မြို့နယ်စိုက်/ကြပ်ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းနှင့် စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ မိတ်ဖက်ဌာနများဖြစ်ကြသော စိုက်ပျိုးရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရေအရင်းအမြစ်၊ ဆည်မြောင်းဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ စက်မှုလယ်ယာနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့မှ မြို့နယ်ဦးစီးမှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စိုက်/ကြပ်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး သက်ဆိုင်ရာဌာနဦးစီးမှူးများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြသည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဌေးမောင်က မိုးစပါးလျာထားစိုက်ဧကများနှင့် စိုက်ပျိုးပြီးစီးမှုအခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

**သိန်းလွင်(ပြန်ဆက်)**

## မီးရထားနှင့်ပတ်သက်၍မှုခင်းမဖြစ်ပွားရေးအသိပညာပေး

**ပခုက္ကူ စက်တင်ဘာ ၇**

ရထားသံလမ်းအတွင်း ရထားကြိတ်မှုလျှော့နည်းကျဆင်းရေးနှင့် ဘူတာအတွင်းသွားလာနေသည့် အခြေအနေမဲ့များကြောင့် မှုခင်းမဖြစ်ပွားစေရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁ ရက် ညနေ ၃ နာရီက ပခုက္ကူမြို့ဘူတာရုံကြီး၌ ပြုလုပ်ခဲ့သည်။

ပခုက္ကူမြို့ အမှတ်(၁၆)တပ်ခွဲ ရထားရဲတပ်ဖွဲ့မှ တပ်ခွဲမှူး ရဲအုပ်လှဂျာ၊ ရထားရဲစခန်းမှူး ဒုရဲအုပ်မြင့်သန်းနှင့်အဖွဲ့သည် ပခုက္ကူဘူတာရပ်ဝန်းအတွင်း မှုခင်းကျဆင်းရေးအတွက် ရထားသံလမ်းအတွင်း ရထားကြိတ်၊ရထားတိုက်မှုဖြစ်စဉ်များ လျော့နည်းကျဆင်းရေးနှင့် ဘူတာရပ်ဝန်းအတွင်း မှီခိုသွားလာနေသော အခြေအနေမဲ့များကြောင့် မှုခင်းမဖြစ်ပွားစေရေးတို့အတွက် အသိပညာပေးဆွေးနွေးဟောပြောမှုများ ဆောင်ရွက်ခဲ့သည်။

ယင်းပညာပေးဆွေးနွေးပွဲသို့ မြို့သစ်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်လှိုင်နှင့်အဖွဲ့ဝင်များ၊ မြန်မာ့မီးရထားဝန်ထမ်းရှစ်ဦး၊ ရထားရဲတပ်ဖွဲ့ တပ်ဖွဲ့ဝင် ၁၂ ဦး၊ မိသားစု ၁၄ ဦး၊ ခရီးသွားပြည်သူ ၁၆ ဦး စုစုပေါင်း ၅၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုဇော်(ဓာတု)**

## လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲ လက္ကူးကျေးရွာ၌ကျင်းပ

**ပုလော စက်တင်ဘာ ၇**

လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးတိုက်ဖျက်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၅ ရက် မွန်းလွဲ ၂ နာရီက လက္ကူးကျေးရွာ အခြေခံပညာမူလွန်ကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ပုလောမြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ အဖွဲ့ဝင် မြို့နယ်ဥပဒေအရာရှိ ဦးအောင်မျိုးချစ်၊ ပြန်/ဆက်ဦးစီးမှူး ဒေါ်အေးအေးမော်၊ လက္ကူးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသက်ထွန်းဦး၊ ကျေးလက်သားဖွားဆရာမဒေါ်မြအေးတို့က ကျောင်းသားလူငယ်များ သိသင့်သိတိုက်သော လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်တို့၏ အနာဂတ်နိုင်ငံတော်အကြောင်း၊ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးဥပဒေအကြောင်းတို့ကို အသိပညာပေးဟောပြောခဲ့ပြီး ကျောင်းအုပ်ဆရာကြီး ဦးထွန်းနိုင်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲနည်းသင်တန်း (၄/၂၀၁၆) ဖွင့်လှစ်

**အင်္ဂပူ စက်တင်ဘာ ၇**

အင်္ဂပူမြို့နယ် မဲဇလီကုန်းမြို့ ဗိုလ်အောင်ကျော်ခန်းမတွင် စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲနည်းသင်တန်း (၄/၂၀၁၆) ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းအား အင်္ဂပူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံမှုရန်ပုံငွေအဖွဲ့ (kKIFT Fund) တို့ပူးပေါင်းပြီး မိမိဒေသရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများနှင့်ပူးပေါင်းပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်းနှင့် သင်တန်းသို့ ပွတ်ကုန်းကျေးရွာအုပ်စု၊ လယ်ကြီးကွင်းကျေးရွာအုပ်စု၊ သပြေပင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်း ၁၈ ရွာမှ သင်တန်းသား၊ သင်တန်းသူ ၃၆ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ လေးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

## စဉ့်ကိုင်မြို့နယ်တွင် အရန်မီးသတ်အဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း ဖွင့်ပွဲကျင်းပ

**စဉ့်ကိုင် စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနက အမှတ်စဉ် (၁/၂၀၁၆) အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၆ ရက် နံနက် ၉ နာရီက စဉ့်ကိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့ပေါ်ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ စက်သုံးဆီဆိုင်များမှ လုပ်ငန်းရှင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်းတက်ရောက်သည့် အရန်မီးသတ်တပ်ဖွဲ့ဝင်သင်တန်းသား ၅၀ တို့ကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေကအဖွင့်အမှာစကားပြောကြားခဲ့သည်။ မြို့နယ်မီးသတ်ဦးစီးမှူးက မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များတွေ့ကြုံရင်ဆိုင်ရပါက အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရန် သင်တန်းပို့ချပေးခြင်းဖြစ်ကြောင်း၊ လုပ်သားပြည်သူများ၏ အသက်အိုးအိမ်၊ စည်းစိမ်ဥစ္စာများကို မီးလောင်မှုအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်တို့မှ ကာကွယ်စောင့်ရှောက်နိုင်စေရန် နောက်မဆုတ်သောစိတ်ဓာတ်၊ ကောင်းမွန်သော၊ စည်းကမ်းပြည့်ဝသော အရည်အချင်းများ အစဉ်အမြဲရှိစေရန် အထူးဆောင်ရွက်သွားရန် ပြောကြားခဲ့သည်။

**ဖိုးအောင်(စဉ့်ကိုင်)**

## မှန်လုံယာဉ် မြေကျွံ၍ လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့

**ရေး စက်တင်ဘာ ၇**

ရေးမြို့နယ် အာယုတောင်ကျေးရွာအုပ်စု ရေး-မော်လမြိုင်ကားလမ်း ခံသင်းတံတားနှင့် အာယုတောင်ကျေးရွာ ကြားမိုင်တိုင်အမှတ်(၇၈/၆) အကြား ပေါင်းကူးတံတားပြုပြင်သောနေရာတွင် စက်တင်ဘာ ၆ ရက် နံနက် ၆ နာရီက ယာဉ်မောင်းဦးရဲစိုး အသက် ၄၉ နှစ်မောင်းနှင်လာသော အောင်ရတနာမှန်လုံယာဉ်သည် မြေကျွံ၍ လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းပိတ်ဆို့ရာနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူးဦးတင်ညွန့်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းလေးနှင့်အဖွဲ့တို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လမ်းပိတ်ဆို့မှုကြောင့် ယာဉ် ၂၀ စီးခန့် လမ်းပိတ်ဆို့မှုဖြစ်ပွားပြီး အမြန်ဆုံးလမ်းပွင့်နိုင်ရေး လမ်းဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ရာ ယင်းနေ့နံနက် ၇ နာရီ ၅၅ မိနစ်ခန့်တွင် လမ်းပြန်ပွင့်သွား၍ မော်တော်ယာဉ်များမှာ ယခင်ပုံမှန်အတိုင်း ဖြတ်သန်းသွားလာနိုင်ပြီးဖြစ်သည်။

**ထွန်းထွန်း(ရေး)**

## လက်ရက်ကန်းလုပ်ကိုင်သူများကော်လွန်းထိုးကာ ရက်လုပ်သည့် ချည်ချိတ်လုံချည်များကိုသာအားထားခတ်လာ

**အင်း၀ စက်တင်ဘာ ၇**

လက်ရှိကာလတွင် အင်းဝမြို့ဟောင်းရှိ လက်ရက်ကန်းများမှာ ချည်ချိတ်လုံချည်များကို ရက်လုပ်ကြသည်။ လက်ရက်ကန်းတစ်စင်တွင် ၂၀ အုပ် ၂၁ အုပ် လုံချည်ကွင်းအနေဖြင့် ၄၀ ကွင်းထွက်ရှိသည်။ အသုံးပြုသည့်ချည်မှာ ၂၈၀ ချည်အမျိုးအစားဖြစ်သည်။ အထည်များမှာ ဒီဇိုင်းပေါ်မူတည်ကာ ဈေးနှုန်းပြောင်းလဲသွားသည်။ လက်ရက်ကန်းလုပ်ငန်းတွင် ကုန်ကြမ်းပေး ကုန်ချောသွင်းစနစ်ဖြင့်လုပ်ကိုင်ကြသည်များလည်းရှိသည်။ အများစုမှာ ကိုယ်ပိုင်စင်ဖြင့် တစ်ပိုင်တစ်နိုင်ရက်လုပ်ကာ ကုန်သည်ထံ ဖောက်သည်သွင်းကြသည်။

ချည်ချိတ်များရက်လုပ်ရာတွင် လွန်းရာကျော်ခေါ်ကော်လွန်းထိုးခြင်းဖြင့် ပြုလုပ်ကြသည်။ ချည်ချိတ်လုံချည်တစ်ကွင်းရရန် လေးရက်အထိခတ်ကြရသည်။ လက်ရှိကာလတွင် ကော်လွန်းဖြင့် စိတ်ရှည်စွာရက်လုပ်ရသည့် ချည်ချိတ်လုံချည်တစ်ကွင်းလျှင် ငွေကျပ်တစ်သောင်းငါးထောင်ဖြင့် ကုန်သည်ထံ ဖောက်သည်သွင်းကြရသည်။ အချိန်အခါအလိုက် အထည်ဒီဇိုင်းများ ချည်အမျိုးအစားပြောင်းလဲမှုရှိပြီး ရာသီအလိုက် နာမည်ရသည့်ချိတ်အဆင်များကိုသာ ရွေးချယ်ကာရက်လုပ်သည့်အတွက် ပုံမှန်ဝင်ငွေရရှိလျက်ရှိကြောင်း သိရသည်။



လက်ရက်ကန်းတစ်စင်လျှင် စင်အလွတ်ချည်း ငွေကျပ်တစ်သိန်းမှ တစ်သိန်းခွဲအထိ ပေးရသည်။ အတိုင်အဖောက်ချည်များအတွက် တစ်သိန်းကျော် ရင်းနှီးရသည်။ လက်ရက်ကန်းစင်တစ်စင် အပြီးအစီး ငွေကျပ် ၂၃၀၀၀၀ အထိ ငွေကြေးရင်းနှီးရသည်။

**တိမ်တမန်**

လာလီဂါရင်ခုန်သံ-၃

# နိုင်ပွဲစယူမယ့် အက်သလက်တီကို

လာလီဂါပြိုင်ပွဲရဲ့ ပွဲစဉ် (၃)ကိုလာမယ့် စက်တင်ဘာ ၁၀၊ ၁၁၊ ၁၂ ရက်တွေမှာကျင်းပသွားဖို့ရှိနေကာ အသင်းငယ်လေးတွေနဲ့သာ ရင်ဆိုင်ရမယ့် ရီးယဲလ်၊ ဘာစီလိုနာတို့နိုင်ပွဲဆက်နိုင်သလို အက်သလက်တီကိုလည်း အဝေးကွင်းကစားရမှာဖြစ်ပေမယ့် နိုင်ပွဲစတင်ရရှိသွားဖို့ရှိနေပါတယ်။

**ရှိုင်း မင်း မင်း**

ထိပ်တန်းဂိုးသွင်းရှင်များ

| | | |
|---|---|---|
| မိုရီနို(အက်စ်ပန်ညို) | - | ၃ဂိုး |
| ဆွာရက်ဇ်(ဘာစီလိုနာ) | - | ၃ဂိုး |
| ဂါရတ်ဘေးလ်(ရီးယဲလ်မက်ဒရစ်) | - | ၂ဂိုး |
| ဘိုတန်(လက်စ်ပဲမက်စ်) | - | ၂ဂိုး |
| ကတ်ထရို(ဘက်တစ်) | - | ၂ဂိုး |
| မက်ဆီ(ဘာစီလိုနာ) | - | ၂ဂိုး |



ပွဲစဉ် (၂)အပြီး အသင်းများ ရပ်တည်မှု အမှတ်ပေးဇယား

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | လက်စ်ပဲလ်မက်စ် | ၂ | ၂ | ၀ | ၀ | ၉ | ၃ | ၆ | ၆ |
| ၂ | ဘာစီလိုနာ | ၂ | ၂ | ၀ | ၀ | ၇ | ၂ | ၅ | ၆ |
| ၃ | ရီးယဲလ်မက်ဒရစ် | ၂ | ၂ | ၀ | ၀ | ၅ | ၁ | ၄ | ၆ |
| ၄ | ဆီဗီလာ | ၂ | ၁ | ၁ | ၀ | ၆ | ၄ | ၂ | ၄ |
| ၅ | စပို့တင်းဂီဂျွန် | ၂ | ၁ | ၁ | ၀ | ၂ | ၁ | ၁ | ၄ |
| ၆ | ဒီပိုတီဗို | ၂ | ၁ | ၁ | ၀ | ၂ | ၁ | ၁ | ၄ |
| ၇ | လီဂါနက်စ် | ၂ | ၁ | ၁ | ၀ | ၁ | ၀ | ၁ | ၄ |
| ၈ | အီဘား | ၂ | ၁ | ၀ | ၁ | ၂ | ၂ | ၀ | ၃ |
| ၉ | ဆိုစီဒက် | ၂ | ၁ | ၀ | ၁ | ၂ | ၃ | -၁ | ၃ |
| ၁၀ | မာလာဂါ | ၂ | ၀ | ၂ | ၀ | ၃ | ၃ | ၀ | ၂ |
| ၁၁ | အက်သလက်တီကို | ၂ | ၀ | ၂ | ၀ | ၁ | ၁ | ၀ | ၂ |
| ၁၂ | ဗီလာရီးယဲလ် | ၂ | ၀ | ၂ | ၀ | ၁ | ၁ | ၀ | ၂ |
| ၁၃ | အလာဗက်စ် | ၂ | ၀ | ၂ | ၀ | ၁ | ၁ | ၀ | ၂ |
| ၁၄ | အက်စ်ပန်ညို | ၂ | ၀ | ၁ | ၁ | ၆ | ၈ | -၂ | ၁ |
| ၁၅ | အိုဆာစူနာ | ၂ | ၀ | ၁ | ၁ | ၁ | ၃ | -၂ | ၁ |
| ၁၆ | ဂရန်နာဒါ | ၂ | ၀ | ၁ | ၁ | ၂ | ၆ | -၄ | ၁ |
| ၁၇ | ဘက်တစ် | ၂ | ၀ | ၁ | ၁ | ၂ | ၆ | -၄ | ၁ |
| ၁၈ | ဆဲလ်တာဗီဂို | ၂ | ၀ | ၀ | ၂ | ၁ | ၃ | -၂ | ၀ |
| ၁၉ | ဘီဘာအို | ၂ | ၀ | ၀ | ၂ | ၁ | ၃ | -၂ | ၀ |
| ၂၀ | ဗလင်စီယာ | ၂ | ၀ | ၀ | ၂ | ၂ | ၅ | -၃ | ၀ |

### ဆိုစီဒက်စ် - အက်စ်ပန်ညို
**နံနက် ၁း၁၅ (၁၀-၉-၁၆)**

ဆိုစီဒက်စ်က ခြေစွမ်းပိုင်းကောင်းမွန်မှုရှိနေပါတယ်။ ရီးယဲလ်ကိုရှုံးခဲ့ရပေမယ့်လည်း အိုဆာစူနာကို အနိုင်ရအောင်ကစားနိုင်ခဲ့သလို အိမ်ကွင်းလည်းဖြစ်နေတာကြောင့် အားစိုက်ကစားလာဖို့ရှိနေပါတယ်။ အက်စ်ပန်ညိုကလည်း နိုင်ပွဲမရသေးလို့ အားစိုက်ကစားလာမှာဖြစ်ပါတယ်။ ဒါပေမယ့် အက်စ်ပန်ညိုခြေက အားနည်းမှုတွေများနေတာကြောင့် ဆိုစီဒက်စ်တို့အခွင့်အရေးရနိုင်ပါတယ်။ ဆိုစီဒက်စ်အိမ်ကွင်းမှာနိုင်ပွဲကပ်ရနိုင်ပါတယ်။

### ဆယ်တာဗီဂို - အက်သလက်တီကို
**ညနေ ၅း၃၀ (၁၀-၉-၁၆)**

အက်သလက်တီကိုဟာ ကစားပြီးသမျှ နှစ်ပွဲစလုံးနိုင်ပွဲမရခဲ့တာကြောင့် နိုင်ပွဲရဖို့ အားစိုက်ကစားလာနိုင်ပါတယ်။ လက်ရွေးစင်ကစားသမားအများစုနဲ့ တည်ဆောက်ထားတဲ့ အက်သလက်တီကိုဟာ နိုင်ငံတကာပွဲတွေကြောင့်လည်း ပွဲပန်းမှုတွေရှိလာနိုင်သလို ဒီပွဲအပြီးမှာလည်း ချန်ပီယံလိဂ်ကစားရဖို့ရှိနေပါတယ်။ ဒါပေမယ့် ဆယ်တာဗီဂိုကလည်း ယူရိုပါလိဂ်ရှိနေသလို လက်ရှိခြေစွမ်းပိုင်းကလည်းအားနည်းမှုတွေရှိနေပါတယ်။ ဆယ်တာဗီဂိုကွင်းဖြစ်ပေမယ့်လည်း နိုင်ပွဲရဖို့ အက်သလက်တီကိုတို့ အားစိုက်လာမယ်။

### ရီးယဲလ် - အိုဆာစူနာ
**ည ၇း၃၀ (၁၀-၉-၁၆)**

ရီးယဲလ်က လူစုံမသုံးနိုင်သေးပေမယ့်လည်း ခြေစွမ်းပိုင်းကောင်းမွန်နေပါတယ်။ ဒီပွဲအပြီးမှာချန်ပီယံလိဂ်ကစားရမှာဖြစ်ပေမယ့် အိမ်ကွင်းလည်းဖြစ်နေပါတယ်။ အိုဆာစူနာကတော့ခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေသလို အဝေးကွင်းပွဲတွေမှာလည်းခြေကကျဆင်းတတ်ပါတယ်။ ဒါကြောင့်ရီးယဲလ်တို့ဒီပွဲမှာလည်း အခက်တွေ့နိုင်ခြေနည်းပြီး နိုင်ပွဲဆက်နိုင်ဖို့ရှိနေပါတယ်။

### ဂီဂျွန် - လီဂါနက်စ်
**ညနေ ၄း၃၀ (၁၁-၉-၁၆)**

တန်းတက်လီဂါနက်စ်က ခြေစွမ်းပိုင်းကောင်းမွန်နေပါတယ်။ နှစ်ပွဲကစားပြီးချိန်မှာ ဆဲလ်တာဗီဂိုကိုအနိုင်ကစားနိုင်ခဲ့သလို အက်သလက်တီကိုကိုလည်းသရေကစားနိုင်ပါတယ်။ အသင်းလိုက်ဟန် ချက်ကောင်းမွန်မှုရှိနေပြီး ခံစစ်ပိုင်းလည်း တည်ငြိမ်မှုရှိနေပါတယ်။ ဒါပေမယ့်ဂီဂျွန်ကလည်းခြေစွမ်းပိုင်းကောင်းမွန်မှုရှိနေပြီး အရှုံးမရှိသေး ပါဘူး။ ဒါ့အပြင် အိမ်ကွင်းလည်းဖြစ်နေတာကြောင့် ဂီဂျွန်တို့အား စိုက်ကစားလာဖို့ သေချာနေပါတယ်။

### ဗလင်စီယာ - ဘက်တစ်
**ည ၇း၃၀ (၁၁-၉-၁၆)**

နှစ်ပွဲကစားပြီးချိန်မှာ နိုင်ပွဲမရသေးဘဲ နှစ်ပွဲစလုံးရှုံးထားတဲ့ ဗလင်စီယာတို့နိုင်ပွဲရအောင်အားစိုက်ကစားလာမှာဖြစ်ပေမယ့် ခြေစွမ်းပိုင်းနဲ့ခံစစ်ကစားပုံအားနည်းမှုတွေရှိနေပါတယ်။ ဒါပေမယ့် ဘက်တစ် ကလည်း ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတာကြောင့် ဗလင်စီယာတို့အခွင့် အရေးရနိုင်ပါတယ်။ ဗလင်စီယာတို့ အိမ်ကွင်းမှာ နိုင်ပွဲစတင်ရသွားဖို့ရှိပြီး ဂိုးတော့မပြတ်နိုင်ပါဘူး။

### မာလာဂါ - ဗီလာရီးယဲလ်
**ည ၁၀း၄၅ (၁၀-၉-၁၆)**

ဗီလာရီးယဲလ်က နှစ်ပွဲကစားပြီးချိန်မှာ နိုင်ပွဲမရသေးဘဲ နှစ်ပွဲစလုံး သရေကျခဲ့ရတာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ဒါပေမယ့် ဗီလာရီးယဲလ်က ခြေစွမ်းပိုင်းအားနည်းသလို ဒီပွဲအပြီးမှာလည်း ယူရိုပါလိဂ်ကစားရဖို့ရှိနေပါတယ်။ မာလာဂါကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်း သာမန်သာရှိနေပေမယ့် အိမ်ကွင်းကစားပုံက ကောင်းမွန်တတ်ပါတယ်။ ဗီလာရီးယဲလ် အမြင့်ဆုံးသရေပါပဲ။

### ဆီဗီလာ- လက်စ်ပဲလ်မက်
**ည ၁၀း၄၅ (၁၀-၉-၁၆)**

လက်စ်ပဲလ်မက်စ်က နှစ်ပွဲကစားပြီးချိန်မှာ နှစ်ပွဲစလုံးအနိုင်ရကာ အမှတ်ပေးဇယား ထိပ်ဆုံးကိုရောက်နေပေမယ့် ဆီဗီလာကို တံ့ပြန်နိုင်ဖို့ခက်ပါတယ်။ ဆီဗီလာက ချန်ပီယံလိဂ်ကစားရဖို့ရှိပေမယ့်လည်း လက်ရှိခြေစွမ်းပိုင်းကောင်းမွန်နေသလို အိမ်ကွင်းပွဲတွေမှာလည်း ကစားပုံကောင်းမွန်တတ်ပါတယ်။ ဆီဗီလာတို့ခံစစ်ပိုင်းက အနည်းငယ်အားနည်းတတ်ပေမယ့် နိုင်ပွဲရသွားနိုင်ပါတယ်။

### ဘာစီလိုနာ - အလာဗက်စ်
**နံနက် ၁း၀၀ (၁၁-၉-၁၆)**

ဘာစီလိုနာက ခြေစွမ်းပိုင်းကောင်းမွန်မှုအပြည့်ရှိနေသလိုအိမ်ကွင်းလည်းဖြစ်နေပါတယ်။ ချန်ပီယံလိဂ်ကစားရဖို့ ရှိနေပေမယ့်လည်း နေမာပြန်လည်ပါဝင်လာနိုင်တာကြောင့် တိုက်စစ်ပိုင်းက ပိုမိုကောင်းမွန်လာနိုင်ပါတယ်။ တန်းတက်အလာဗက်စ်ကတော့အသင်းလိုက် ကစားပုံကောင်းမွန်ပေမယ့် ဘာစီလိုနာကို တံ့ပြန်ကစားနိုင်ခြေတော့ မရှိပါဘူး။ ဘာစီလိုနာကသာ အိမ်ကွင်းမှာဖိအားပေးကစားပြီး နိုင်ပွဲလည်းရယူသွားဖို့ သေချာနေပါတယ်။

### ဂရန်နာဒါ - အီဘား
**ည ၁၀း၄၅ (၁၁-၉-၁၆)**

အီဘားကနောက်ဆုံးပွဲစဉ်မှာနိုင်ပွဲရရှိခဲ့တယ်ဆိုပေမယ့် ခြေပျက်နေတဲ့ ဗလင်စီယာကိုသာအနိုင်ရခဲ့တာဖြစ်ပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းက ဂိုးသွင်းခြေတည်ငြိမ်မှုမရှိပါဘူး။ အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းပိုမိုအားနည်းတတ်တာကြောင့်လည်း ဂရန်နာဒါကိုတုန့်ပြန်နိုင်ဖို့ခက်ပါတယ်။ ဂရန်နာဒါကလည်းနိုင်ပွဲစတင်ရရှိဖို့အားစိုက်လာမှာဖြစ်လို့ ဂရန်နာဒါသာ အနိုင်ရသွားနိုင်ပါတယ်။

### ဒီပိုတီဗို - ဘီဘာအို
**နံနက် ၁း၀၀ (၁၂-၉-၁၆)**

ဘီဘာအိုက နှစ်ပွဲကစားပြီးချိန်မှာနှစ်ပွဲစလုံးရှုံးထားခဲ့ပေမယ့် နောက်ဆုံးပွဲစဉ်မှာ ဘာစီလိုနာကိုအကောင်းဆုံးထိန်းချုပ်ကစားနိုင်ခဲ့တာတွေ့ရပါတယ်။ ဒါပေမယ့်လည်း အဝေးကွင်းပွဲတွေမှာတော့ ခြေကတည်ငြိမ်မှုသိပ်မရှိတတ်သလို ဒီပွဲအပြီးမှာလည်း ယူရိုပါလိဂ်ကစားရမှာဖြစ်တာကြောင့် ခြေကုန်ထုတ်နိုင်ဖို့ခက်နေပါတယ်။ ဒီပို့တီဗိုကတော့အိမ်ကွင်းအားနဲ့ဖိအားပေးလာမှာသေချာနေပါတယ်။


## မက်ဆီ ဒဏ်ရာရရှိခဲ့သည်ဟု ဘာစီလိုနာအသင်းအတည်ပြု

ဘာစီလိုနာတိုက်စစ်မှူး မက်ဆီမှာ အာဂျင်တီးနားအသင်းအတွက် ဝင်ရောက်ကစားခဲ့သည့် ဥရုဂွေးအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွင် တံကောက်ကြော ဒဏ်ရာရရှိခဲ့သဖြင့် အလာဗက်စ်နှင့် ယှဉ်ပြိုင်မည့် ပွဲစဉ်ကို လွဲချော်နိုင်ကြောင်း ဘာစီလိုနာဘက်မှ အတည်ပြုချက် ထုတ်ပြန်ခဲ့သည်။မက်ဆီမှာ အာဂျင်တီးနားနှင့် ဗင်နီဇွဲလားတို့ ယှဉ်ပြိုင်မည့် ပွဲစဉ်ကို လွဲချော်ရန် သေချာနေပြီဖြစ်သဖြင့် အလာဗက်စ်နှင့် ပွဲစဉ်တွင် ပါဝင်နိုင်ရန်မှာဖြစ်နိုင်ခြေ အင်မတန်နည်းသည့် ကိစ္စရပ်ဖြစ်နေသည်။

အသက်(၂၉)နှစ်အရွယ်မက်ဆီမှာ အပေါ့စားလေ့ကျင့်ခန်းများ ပြုလုပ်ပြီးနောက် ဆေးစစ်မှုယူပြီးမှသာလျှင် နည်းပြအင်းနရစ်က ပွဲထွက်လူစာရင်းတွင် ၎င်းအား ထည့်သွင်းသင့်၊ မသင့်ဆိုသည့် ဆုံးဖြတ်ချက်ကို ချမှတ်သွားမည်ဖြစ်သည်။

**မေလှဲ့သင်း**

## ရီးယဲလ်မက်ဒရစ်အသင်းနှင့် လေ့ကျင့်ခန်း ပြန်လည်ဆင်းနိုင်ပြီဖြစ်သည့် စီရိုနယ်လ်ဒို



ရီးယဲလ်မက်ဒရစ်ကြယ်ပွင့် စီရိုနယ်လ်ဒိုမှာ ယူရိုဗိုလ်လုပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ပြီးနောက် အနားယူနေခဲ့ရာ ယခုစက်တင်ဘာ၆ရက်မှ စတင်၍ ရီးယဲလ်မက်ဒရစ်အသင်း၏လေ့ကျင့်ရေး အစီအစဉ်များတွင် ပြန်လည်ပါဝင်နိုင်ခဲ့ပြီဖြစ်ကြောင်း ဂိုးလ်ဒေ့ါကွန်းက ဖော်ပြသည်။

စီရိုနယ်လ်ဒိုမှာ ဒဏ်ရာပြဿနာကြောင့်နှစ်လတာ အနားယူနေခဲ့ပြီး ယင်းကာလအတွင်း သူ၏ ကြံ့ခိုင်ရေးအတွက် အထောက်အပံ့ဖြစ်စေရန် အပေါ့စားလေ့ကျင့်ရေး အစီအစဉ်များကို အပြင်းအထန်ပြုလုပ်ခဲ့သူဖြစ်သည်။ ၎င်းမည်သည့်အချိန်တွင် ပြန်လည်ပါဝင်ကစားနိုင်မည်ဆိုသည်ကို ရီးယဲလ်မက်ဒရစ် အသင်းဘက်မှ ထုတ်ပြန်ခဲ့ခြင်း မရှိသော်လည်း လေ့ကျင့်ရေး ကွင်းတွင် မြေမကျကန်သွင်းချက်ဖြင့် ဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သေးကြောင်း သိရသည်။

**မေလှဲ့သင်း**

# ဝန်ကြီးဌာနအလိုက် ကျင့်သုံးဆဲ ဥပဒေများစာရင်း

**နေပြည်တော် စက်တင်ဘာ ၇**

မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေပေါင်း ၉၁၇ ခုအနက် ဝန်ကြီးဌာနအလိုက် ကျင့်သုံးဆဲဥပဒေ ၃၉၇ ခုအား ပြည်ထောင်စုလွှတ်တော်သို့ ဩဂုတ် ၁၇ ရက်တွင် တင်သွင်းခဲ့ပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ပြီးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ကျင့်သုံးဆဲ ဥပဒေ ၃၉၇ ခုအနက် ဝန်ကြီးဌာနအလိုက် တာဝန်ခံစီမံခန့်ခွဲရမည့် ဥပဒေများကို ဖော်ပြအပ်ပါသည်-

**ယမန်နေ့မှအဆက်**

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ**

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ် ဆောင်ရွက်ရမည့် ဌာန/ အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | The Foreigners Act (India Act 3, 1864, Vol. I) | နိုင်ငံခြားရေး | |
| ၂။ | The Workmen's Compensation Act (India Act 8,1923, Vol. V) | | |
| ၃။ | The Dock Labourers Act (India Act 19, 1934, Vol. V) | | |
| ၄။ | The Registration of Foreigners Act (Myanmar Act 7, 1940, Vol.I) | | |
| ၅။ | The Foreigners (Extension) Act (Act II, 1947, Vol.XIII) | | |
| ၆။ | The Myanmar Immigration (Emergency Provisions) Act (Myanmar Act 31, 1947, Vol.I) | | |
| ၇။ | The Dock Workers(Regulation of Employment) Act (Myanmar Act 13, 1948,Vol. V) | | |
| ၈။ | The Registration of Foreigners (Extension) Act (Act 20, 1949, Vol.XIII) | | |
| ၉။ | The Myanmar Immigration (Emergency Provisions) (Extension) Act (Act 25, 1949, Vol.XIII) | နိုင်ငံခြားရေး | |
| ၁၀။ | အလုပ်အကိုင်ဆိုင်ရာစာရင်းစစ်တမ်းကောက်ယူခြင်း အက်ဥပဒေ (ဥပဒေအမှတ် ၅၄/၁၉၄၈ ခုနှစ်၊ အတွဲ ၅) | | |
| ၁၁။ | ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများမှတ်ပုံတင်ရေး အက်ဥပဒေ (ဥပဒေအမှတ် ၄၁/၁၉၄၉ ခုနှစ်၊ အတွဲ-၁) | | |
| ၁၂။ | ရေနံမြေ(အလုပ်သမားများသက်သာချောင်ချိရေး) အက်ဥပဒေ (ဥပဒေအမှတ် ၂၁/၁၉၅၁ ခုနှစ်၊ အတွဲ ၅) | လျှပ်စစ်/စွမ်းအင် | |
| ၁၃။ | ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ (ဥပဒေအမှတ် ၅၈/၁၉၅၁ ခုနှစ်၊ အတွဲ ၅) | | |
| ၁၄။ | ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ (ဥပဒေအမှတ် ၆၅/၁၉၅၁ ခုနှစ်၊ အတွဲ ၅) | ကျန်းမာရေး | |
| ၁၅။ | ၁၉၅၉ ခုနှစ်၊ အလုပ်ခန့်ထားမှုကန့်သတ်ရေး အက်ဥပဒေ (ဥပဒေအမှတ် ၂၉/၁၉၅၉ ခုနှစ်) | | |
| ၁၆။ | မြန်မာနိုင်ငံသားဥပဒေ (ဥပဒေအမှတ် ၄/၁၉၈၂ ခုနှစ်) | နိုင်ငံခြားရေး | |
| ၁၇။ | ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ (နယကဥပဒေအမှတ် ၃/၁၉၉၉) | | |
| ၁၈။ | အလုပ်သမားအဖွဲ့အစည်းဥပဒေ(ပထစဥပဒေအမှတ် ၇/၂၀၁၁) | | |
| ၁၉။ | အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ (ပထစဥပဒေအမှတ် ၅/၂၀၁၂) | | |
| ၂၀။ | ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေ (ပထစဥပဒေအမှတ် ၁၅/၂၀၁၂) | | |
| ၂၁။ | ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ (ပထစဥပဒေအမှတ် ၇/၂၀၁၃) | | |
| ၂၂။ | လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေ (ပထစဥပဒေအမှတ် ၁၉/၂၀၁၃) | | |
| ၂၃။ | အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (ပထစဥပဒေအမှတ် ၂၉/၂၀၁၃) | | |
| ၂၄။ | ၂၀၁၆ ခုနှစ်၊ အခကြေးငွေပေးချေရေးဥပဒေ (ပထစဥပဒေအမှတ် ၁၇/၂၀၁၆) | | |
| ၂၅။ | ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေ (ပထစဥပဒေအမှတ် ၁၈/၂၀၁၆) | | |

**စက်မှုဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ**

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ် ဆောင်ရွက်ရမည့် ဌာန/ အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ (နဝတဥပဒေအမှတ် ၂၂/၁၉၉၀) | | |
| ၂။ | ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ (ပထစဥပဒေအမှတ် ၂၈/၂၀၁၃) | ကျန်းမာရေး/ ပြည်ထဲရေး/ စီးပွားကူးသန်း/ သယံဇာတ | |
| ၃။ | အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ(ပထစဥပဒေအမှတ် ၂၃/၂၀၁၅) | | |
| ၄။ | ဘွိုင်လာဥပဒေ (ပထစဥပဒေအမှတ် ၃၉/၂၀၁၅) | | |

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ**

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ် ဆောင်ရွက်ရမည့် ဌာန/ အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | The Weights and Measures of Capacity Act (India Act, No. 31/1871, Vol. V) | ပညာရေး | |
| ၂။ | The Myanmar Merchandise Marks Act (India Act 4 ,1889 , Vol. V ) | | |
| ၃။ | The Sale of Goods Act (India Act 3, 1930 , Vol. III ) | | |
| ၄။ | The Measuring Basket Standardization Act (India Act , No. 1 , 1939, Vol. V ) | ပညာရေး | |
| ၅။ | The Measures of Length Act (India Act 2, 1889, Vol. V ) | ပညာရေး | |
| ၆။ | ကောက်ပဲသီးနှံ လယ်ယာခြံထွက်ပစ္စည်း ဝယ်ယူမှု စည်းမျဉ်း သတ်မှတ်ရေး ဥပဒေ(ဥပဒေအမှတ် ၄၅/၁၉၆၂ ခုနှစ် ) | | |
| ၇။ | အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေ (ပထစဥပဒေအမှတ် ၁၃/ ၂၀၁၂) | | |
| ၈။ | ပို့ကုန်သွင်းကုန်ဥပဒေ (ပထစဥပဒေအမှတ် ၁၇/၂၀၁၂) | | |
| ၉။ | စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (ပထစဥပဒေအမှတ် ၁၀/၂၀၁၄) | ကျန်းမာရေး | |
| ၁၀။ | ယှဉ်ပြိုင်မှုဥပဒေ (ပထစဥပဒေအမှတ် ၉/၂၀၁၅) | | |

**ပညာရေးဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများ**

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ် ဆောင်ရွက်ရမည့် ဌာန/ အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | The Myanmar Copyright Act (India Act 3, 1914, Vol.X) | ပြန်ကြားရေး | |
| ၂။ | The Myanmar Patents and Designs (Emergency Provisions) Act, 1946 (India Act 1, 1946, Vol. X) | | |
| ၃။ | ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်ပညာရေးဥပဒေ (ဥပဒေအမှတ် ၁၃/၁၉၇၃ ခုနှစ်) | | |
| ၄။ | ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ အခြေခံ ပညာရေးဥပဒေ (ဥပဒေအမှတ် ၁၄/၁၉၇၃ ခုနှစ်) | | |
| ၅။ | ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပညာရေး သုတေသန ဥပဒေ(ဥပဒေအမှတ် ၁၅/၁၉၇၃ ခုနှစ်) | | |
| ၆။ | ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေ (ဥပဒေအမှတ် ၁၆/၁၉၇၃ ခုနှစ်) | | |
| ၇။ | ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စက်မှုစိုက်ပျိုးနှင့် သက်မွေးပညာရေးဥပဒေ (တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၄/ ၁၉၇၄ ခုနှစ်) | | |
| ၈။ | မြန်မာစာအဖွဲ့ဥပဒေ (ဥပဒေအမှတ် ၁၁/၁၉၇၅ ခုနှစ်) | | |
| ၉။ | ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းဥပဒေ (ဥပဒေအမှတ် ၆/၁၉၈၄ ခုနှစ်) | | |
| ၁၀။ | သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးရေးဥပဒေ (နဝတဥပဒေအမှတ် ၅/၁၉၉၄) | | |
| ၁၁။ | ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေ (နဝတဥပဒေအမှတ် ၁၀/၁၉၉၆) | | |
| ၁၂။ | အဏုမြူစွမ်းအင်ဥပဒေ (နယကဥပဒေအမှတ် ၈/၁၉၉၈) | | |
| ၁၃။ | မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်ဥပဒေ (နယကဥပဒေအမှတ် ၂/၂၀၀၂) | | |
| ၁၄။ | ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေ (ပထစဥပဒေအမှတ် ၁၄/၂၀၁၁) | | |
| ၁၅။ | စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေ (ပထစဥပဒေအမှတ် ၂၈/၂၀၁၄) | | |
| ၁၆။ | အမျိုးသားပညာရေးဥပဒေ (ပထစဥပဒေအမှတ် ၄၁/၂၀၁၄) | | |

ဆက်လက်ဖော်ပြပါမည်။

# ပထမရသော်လည်း ဆုနှင့် လွဲခဲ့ရသူ

**ခ ဦးကျော်ဇော (လှသိပ္ပံ၊ ရွှေဘို)**

တစ်နေ့ဆီက သားအဖနှစ်ယောက် စာရေးသူရဲ့အိမ်ကို ရောက်လာပြီး စကားပြောချင်လို့ပါဆိုလို့ စာကြည့်စားပွဲမှာ ထိုင်ဖို့ ဖိတ်ခေါ်လိုက်ရတယ်။

ကျွန်ုပ်။ ။ ဘာများပြောချင်တာလဲ၊ ပြောပါ။

ဧည့်သည်(ကျား)။ ။ ဆရာက စာရေးဆရာ၊ မြို့နယ်သတင်းထောက် ဦးကျော်ဇောလားခင်ဗျ။

ကျွန်ုပ်။ ။ ဟုတ်ပါတယ်။

ဧည့်သည် (ကျား)။ ။ ကျွန်တော့်နာမည်က ဦးသိန်းထွန်းပါဆရာ၊ ဒီကလေးမက ကျွန်တော့်သမီးပါ၊ မသီတာရွှေစင်သိမ့်လို့ ခေါ်ပါတယ်။

ကျွန်ုပ်။ ။ လာရင်းကိစ္စက။

သိန်း။ ။ ပြောရမဲ့ကိစ္စက နည်းနည်းရှည်မှာမို့ သည်းခံနားထောင်ပေးဖို့ တောင်းပန်ပါတယ်ဆရာ။

ကျွန်ုပ်။ ။ ရပါတယ်။

သိန်း ။ ။သမီးက ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဘာသာစုံဂုဏ်ထူးရပြီး ခုံအမှတ် (စဘ-၆၅၈) နဲ့ အောင်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာ အမှတ် ၅၃၇ မှတ်နဲ့ ပထမရပါတယ်။

ကျွန်ုပ်။ ။ ဘယ်ကျောင်းကအောင်တာလဲ။

သိန်း။ ။ အ. ထ. က (၃) ရွှေဘိုကပါဆရာ။

ကျွန်ုပ်။ ။ ဒါဆို သမီးကတော်လိုက်တာ။ တက္ကသိုလ်ပညာသင်ဆုပါရမှာပေါ့။

သိန်း။ ။ အဲ့ဒါကို ပြောမလို့ပါ ဆရာ၊ ကျွန်တော့်သမီး ပညာသင်ဆုမရပါဘူး။

ကျွန်ုပ်။ ။ ဟောဗျ ဘယ်လိုဖြစ်ကုန်တာတုန်း၊ သတ်မှတ်တဲ့စည်းကမ်းနဲ့ မကိုက်ညီလို့လား။

သိမ့်။ ။ ဒီကိစ္စကို သမီးရှင်းပြပါရစေဆရာ။

ကျွန်ုပ်။ ။ ရှင်းပါဦးသမီးရယ်။ ထူးထူးဆန်းဆန်းတွေဖြစ်နေလို့ပါ။

သိမ့်။ ။ သမီးတို့က ရွှေဘိုဇာတိမဟုတ်ပါဘူး။ ရွှေဘိုရဲ့ အရှေ့ ၁၇ မိုင်ဝေးတဲ့ ကျောက်မြောင်းမြို့နယ်ခွဲကပါ။ သမီး ၉ တန်းရောက်တော့ အဖေနဲ့အမေက သမီးရဲ့ပညာရေးအတွက်ဆိုပြီး ရွှေဘိုကိုပြောင်းလာပြီး ရွှေဘို အ. ထ. က (၃) မှာ ကျောင်းထားပေးပါတယ်။ စီးပွားရေးက ကြီးကြီးကျယ်ကျယ်တော့ မရှိပါဘူး။ သမီးရဲ့ ပညာရေးအတွက်မို့သာ ရွှေ့လာရတာဆိုတော့ မိဘကျေးဇူးကိုဆပ်တဲ့အနေနဲ့ သမီးစာကို စနစ်တကျကြိုးစားပါတယ်။

ကျွန်ုပ်။ ။ အေး-ပြောပါဦး။

သိမ့်။ ။သမီးသိထားတာက၊ တက္ကသိုလ်ဝင်စာမေးပွဲမှာ တိုင်းနဲ့ပြည်နယ်မှာ ပထမရတယ်ဆိုရင် သမ္မတရဲ့ ပညာသင်ဆုရတယ်လို့ သိရပါတယ်။ ဒါကြောင့် အဖေနဲ့အမေကို သနားလို့ သမီးပထမရအောင် စာကြိုးစားပါတယ်။

ကျွန်ုပ်။ ။ မိဘအပေါ်မှာ သိတတ်တဲ့သမီးဆိုတော့ ပထမရတာပဲ မဟုတ်လား။

သိမ့်။ ။ ရပါတယ် ဆရာ၊ ဒါပေမဲ့ ပညာသင်ဆုကတော့ မရပါဘူး။

ကျွန်ုပ်။ ။ အဲဒါလေးကို ဆရာနားလည်အောင် ရှင်းပြစမ်းပါဦး။

သိမ့်။ ။ သမီးက ရမှတ်စုစုပေါင်း (၅၃၇) မှတ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီးမှာ ပထမရပါတယ်။ ပြဿနာက သမီးလိုပဲ (၅၃၇) မှတ်နဲ့ သမီးတို့ အ. ထ. က (၃) ကပဲ သမီးရဲ့ သူငယ်ချင်း မနှင်းထက်ထက်အောင်ကလဲ ပထမရပါတယ်။

ကျွန်ုပ်။ ။ ဟေ-သမီးတို့ဇာတ်လမ်းက ရှားရှားပါးပါးပါလား။ အဲ့ဒီတော့ ပထမကို ဘယ်လိုရွေးကြသလဲ။

သိမ့်။ ။ ပထမအဖြစ် မနှင်းထက်ထက်အောင်ကို ရွေးလိုက်ကြပါတယ်။ သမီးအနေနဲ့ သူငယ်ချင်းရသွားတာကို ဝမ်းသာပါတယ်။ ကျေလဲကျေနပ်ပါတယ်။ သူလည်း တစ်အားကြိုးစားခဲ့ရတာ ဆိုတော့ပေါ့။

ကျွန်ုပ်။ ။ သမီးအတွက်တော့ စိတ်မကောင်းစရာပေါ့ သမီးရယ်။ ဒါနဲ့နေပါဦး။ အမှတ်တူနေတဲ့သူနှစ်ယောက်ကို ပထမအဖြစ် ဘယ်လိုမူနဲ့ရွေးတာတုန်းဆိုတာ သမီးသိလား။

သိမ့်။ ။ သမီးကြားရတာ ပြောတာနော် မှားသွားမှာလည်း စိုးပါတယ်။ မှားသွားလို့ အပြစ်တင်ခံရမှာလည်း ကြောက်ပါတယ်။

ကျွန်ုပ်။ ။ အဖြစ်အပျက်က အမှန်ပဲဥစ္စာ သမီးရယ်၊ ကြောက်စရာမလိုပါဘူး။ သမီးသိသလို ရဲရဲတင်းတင်းသာ ပြောပါ။

သိမ့်။ ။ အင်္ဂလိပ်စာမှာ တစ်မှတ်နဲလို့ လို့ သိရတာပဲ။

ကျွန်ုပ်။ ။ အမှတ်တူနေမှတော့သမီးက အင်္ဂလိပ်စာမှာ တစ်မှတ်နဲတယ်ဆိုရင် တစ်ခြားဘာသာတစ်ခုခုမှာ သမီးက တစ်မှတ်များနေလို့ ဖြစ်မှာပေါ့။

သိမ့်။ ။ ဟုတ်ပါတယ်ဆရာ။

ကျွန်ုပ်။ ။ အဲ့လိုဆိုရင် တိုင်းဒေသကြီးမှာ ပထမချင်းတူပြီး ရမှတ်ချင်းကလဲတူနေရင် အင်္ဂလိပ်စာအမှတ် ပိုရတဲ့သူကိုပဲ ပထမအဖြစ်ရွေးတဲ့ဥပဒေများ ပြဋ္ဌာန်းထားသလား သမီးရယ်။

သိမ့်။ ။ အဲ့ဒါကိုတော့ သမီးမသိပါဘူး။ သမီးရင်ထဲမှာ ပထမရပါလျက်နဲ့ သမ္မတရဲ့ပညာသင်ဆုကို ရခွင့်မရတာကိုပဲ ရင်ထဲမှာ စူးတစ်ချောင်းစူးဝင်နေသလိုပဲ ခံစားရတယ်ဆရာ။

ကျွန်ုပ်။ ။ ဟုတ်တာပေါ့ သမီးရယ်၊ ဆရာကိုယ်ချင်းစာပါတယ်။ ဒါနဲ့နေပါဦး သမီးရဲ့၊ ဆရာက သိချင်လို့ မေးကြည့်တာနော်။

သိမ့်။ ။ ဟုတ်ကဲ့ပါဆရာ မေးပါ။

ကျွန်ုပ်။ ။ သမီးအောင်တဲ့ ၂၀၁၅ ခုနှစ်က တိုင်းနဲ့ပြည်နယ် ၁၄ ခုက ပထမ ၁၄ ယောက် ရွေးတယ်မဟုတ်လား။

သိမ့်။ ။ ဟုတ်ပါတယ်ဆရာ။

ကျွန်ုပ်။ ။ အဲ့ဒီ (၁၄) ယောက်စလုံးထဲမှာ အမှတ်အနည်းအများအရဆိုရင် သမီးရဲ့ရမှတ်က ဘယ်လိုရှိသလဲ။

သိမ့်။ ။ ပြောရမယ်ဆိုရင်တော့ဆရာရယ် သမီးအမှတ်က အနည်းဆုံးတော့မဟုတ်ပါဘူး။

ကျွန်ုပ်။ ။ သမီးစောစောကပြောတာက သမ္မတရဲ့ပညာသင်ဆုဆိုပြီး ပြောတယ်နော်။ ဘယ်ဌာနက တက္ကသိုလ်ပညာသင်ဆုချီးမြှင့်ဖို့အတွက် စာထွက်ပေးတာလဲ။

သိမ့်။ ။ အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ) က စာအမှတ်၊ အဆင့်မြင့်/ရန်ကုန်/ သင်တန်း (တက္ကသိုလ်ပညာသင်ဆု) ၂၀၁၆/၂၆၅၁၊ နေ့စွဲ ၂၀၁၆ ခုနှစ်၊ မတ်လ (၂၈) ရက်နဲ့ ထုတ်တာပါ။

ကျွန်ုပ်။ ။ သမီး တခြားဘာပြောချင်သေးလဲ။

သိမ့်။ ။ သမီးကပြောချင်တယ်ဆိုတာထက် ရင်ဖွင့်ချင်တာပါဆရာ၊ ပြောနိုင်တဲ့အင်အား သမီးမှာမရှိပါဘူး။ ၂၈. ၈. ၂၀၁၅ ရက်မှာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က စစ်ကိုင်းတိုင်းတစ်တိုင်းလုံး ပူးတွဲပထမရခဲ့တဲ့ သမီးတို့နှစ်ယောက်စလုံးကို တစ်ယောက်ကို သုံးသိန်းစီ ဆုချီးမြှင့်ပေးခဲ့ပါတယ်။ နိုင်ငံတော်ကလဲ အတူတူပဲချီးမြှင့်ပေးလိမ့်မယ်လို့ မျှော်လင့်ခဲ့တာပေါ့။ အခုတော့ မျှော်လင့်ချက်တွေက ပျောက်သွားပါပြီ။ သမီး အစွမ်းကုန်ကြိုးစားခဲ့ရတာတွေက အရာမထင်တော့ပါဘူး။ သမီးကိုယ်တိုင် ဝမ်းနည်းရသလို မဖြစ်ဖြစ်အောင် ကြိုးစားပြီး ကျောင်းထားပေးရတဲ့ အမေနဲ့အဖေကို သမီးရင်ထဲက မချိအောင် သနားရပါတယ်ဆရာ။

ကျွန်ုပ်။ ။ ကဲပါသမီးရယ်။ သမီးရဲ့ဇာတ်လမ်းကို ကြားလိုက်ရတာနဲ့ပဲ ဆရာလဲ ရင်မောပါတယ်။ စိတ်လဲမချမ်းမြေ့ပါဘူး။ သမီးနဲ့ သမီးမိဘတွေရဲ့ခံစားချက်တွေကို မျှဝေပြီး ခံစားရပါတယ်။ မိဘတွေအပေါ်မှာထားတဲ့ သမီးရဲ့ စိတ်၊ စေတနာတွေကိုလဲ ဆရာ လေးလေးစားစား ချီးကျူးဂုဏ်ပြုပါတယ်။

သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များအနေနဲ့လဲ ဆုံးဖြတ်ချက်တစ်ခုကိုချရတဲ့အခါ အကျပ်အတည်းနဲ့ ကြုံရတဲ့အခါမျိုးတွေ ရှိတတ်တာပေါ့။ တစ်ခါတလေကြတော့လဲ ဇွတ်မျက်စေ့မှိတ်ပြီး ဆုံးဖြတ်ရတာမျိုးတွေလဲ ရင်ဆိုင်ရတတ်ပါတယ်။ ဒါမျိုးတွေတွေ့ရတဲ့အခါမှာ လောကဓံတရားတွေပဲလို့ နှလုံးသွင်းပြီး သမီးကြံ့ကြံ့ခံနိုင်အောင် ကြိုးစားသွားပါ။ ရည်မှန်းချက်ပန်းတိုင်ကို မရောက်ရောက်အောင်သွားဖို့အားသစ်တွေမွေးပါ သမီး၊ အမိအဖနဲ့ နိုင်ငံတော်အကျိုးကိုဆောင်ရွက်နိုင်တဲ့ သမီးကောင်းတစ်ယောက်ဖြစ်အောင် ဆက်လက်ကြိုးစားပါလို့ ပြောချင်ပါတယ်။

စေတနာနဲ့ညီမျှတဲ့ အကျိုးတရားဟာ သမီးအတွက် မကြာခင်မှာ ပေါ်ပေါက်လာပါလိမ့်မယ်လို့ ဆရာယုံကြည်ပါတယ်။ ဆရာ့အနေနဲ့ကတော့ သမီးကို ကူညီချင်ပေမဲ့ ဆုံးဖြတ်နိုင်တဲ့ အာဏာပါဝါက ရှိတာမဟုတ်ဘူး သမီး။ တစ်ရာတန်ဘောပင်တစ်ချောင်းပဲရှိပါတယ်။ ဒါကိုတော့ သမီးနားလည်ပေးပါ။

သိမ့်။ ။ အခုလို သည်းခံနားထောင်ပြီး ဆွေးနွေးပေးတာကိုပဲ ကျေးဇူးတင်ပါတယ်ဆရာ။

# အမျိုးသားဓာတ်အားရရှိရေး စီမံကိန်း ကျေးရွာများအား အသိပညာပေးဆွေးနွေး

**ကျွန်းလှ စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားဓာတ်အားရရှိရေးစီမံကိန်း (NEP) ဆောင်ရွက်မည့် ကျေးရွာများအား အသိပညာပေးဆွေးနွေးခြင်းကို စက်တင်ဘာ ၄ ရက်က ဝေသော်ကျေးရွာနှင့် ရွာဘင်းကျေးရွာတို့၌ ပြုလုပ်ခဲ့သည်။

ယင်းပညာပေးဆွေးနွေးပွဲတွင် မဟာဓာတ်အားလိုင်းမရောက်ရှိနိုင်သေးသည့် ကျေးရွာများအား တစ်အိမ်သုံးဆိုလာစနစ် (SHS) ဖြင့် အသေးစား၊ အလတ်စား၊ အကြီးစား သုံးမျိုးခွဲ၍ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်ရာတွင် ပြည်သူထည့်ဝင်ငွေ အချိုးကျပါဝင်ရမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါစီမံကိန်းဆောင်ရွက်မည့် ဝေသော်ကျေးရွာတွင် အိမ်ခြေ ၁၃၀၊ လူဦးရေ ၇၃၉ ဦးရှိပြီး မဟာဓာတ်အားလိုင်းနှင့် ၁၅ မိုင်ဝေးကြောင်း၊ ရွာဘင်းကျေးရွာတွင် အိမ်ခြေ ၁၀၆ အိမ်၊ လူဦးရေ ၅၁၁ ဦးရှိပြီး မဟာဓာတ်အားလိုင်းနှင့် ၁၇ မိုင်ဝေးကြောင်း၊ စီမံကိန်းဆောင်ရွက်မည့်မြေနေရာ ရွေးချယ်ပြီးဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# လက်ကိုင်ဖုန်းနှင့် ဒီဂျစ်တယ်နည်းပညာဖွံ့ဖြိုးမှုသင်တန်းဖွင့်

**ရေစကြို စက်တင်ဘာ ၇**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရေစကြိုမြို့နယ်လူငယ်ကွန်ရက်တို့ပူးပေါင်း၍ လက်ကိုင်ဖုန်းအသုံးပြုနည်းနှင့် ဒီဂျစ်တယ်နည်းပညာဖွံ့ဖြိုးမှုသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၃ ရက် ည ၇ နာရီက တာတိုင်ကျေးရွာ ဆုတောင်းပြည့်ဘုရားအားရုံခံတန်ဆောင်းအတွင်းတွင်ပြုလုပ်ရာ တာတိုင်ကျေးရွာ ရွှေဉာဏ်လင်းစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူငယ်မောင်မယ်များ ၇၀ ခန့်တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်စန်းယုမော်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး လူငယ်ကွန်ရက်ညှိနှိုင်းရေးမှူး ဦးအောင်ကျော်စိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်ကြားမည့်ဘာသာရပ်ဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ သင်တန်းဆရာများက မိတ်ဆက်စကားပြောကြားခဲ့ကြသည်။ ယင်းနောက် လက်ကိုင်ဖုန်းလုံခြုံစွာအသုံးပြုနည်းနှင့် Email ဖွင့်လှစ်အသုံးပြုနည်းများ စာတွေ့လက်တွေ့ သင်ကြားပြသပေးခဲ့သည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၄ ရက်ထိ ၂ ရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**စန်းယုမော်(ရေစကြို)**

# ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များပါဝင်သည့် ဘောလုံးအသင်းနှင့် မလှိုင်လက်ရွေးစင်အသင်း ချစ်ကြည်ရေးဘောလုံး ယှဉ်ပြိုင်



**မလှိုင် စက်တင်ဘာ ၇**

မြို့ရွှေမန်းသားဖိုးချစ်ဦးဆောင်သော ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များပါဝင်သည့် မဟာယူနိုက်တက်ဘောလုံးအသင်းနှင့် မလှိုင်မြို့နယ် လက်ရွေးစင်အသင်းတို့ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲနှင့် တေးဂီတဖျော်ဖြေပွဲကို စက်တင်ဘာ ၅ ရက် မွန်းလွဲပိုင်းက မလှိုင်မြို့ မြို့မအားကစားကွင်း၌ကျင်းပခဲ့ကြောင်း သိရသည်။

တေးဂီတဖျော်ဖြေပွဲကို မွန်းလွဲ ၂ နာရီမှစတင်၍ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။ တေးဂီတဖျော်ဖြေပွဲအပြီးတွင် ချစ်ကြည်ရေးဘောလုံးယှဉ်ပြိုင်ကစားမည့် နှစ်ဖက်အားကစားသမားများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦးက လိုက်လံနှုတ်ဆက်ပြီး အားကစားပစ္စည်းများကိုပေးအပ်ရာ မြို့ရွှေမန်းသားဖိုးချစ်နှင့် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် မိုးယံဇွန်တို့က လက်ခံရယူခဲ့ကြသည်။

ယင်းနောက် မလှိုင် အထကနှင့် မြို့သစ် အထက (ခွဲ) ကျောင်းမှ ကျောင်းသူလေးများက အားကစားသမားများအား ဂုဏ်ပြုပန်းစည်းများပေးအပ်ခဲ့ပြီး ညနေ ၄ နာရီတွင် မဟာယူနိုက်တက်ဘောလုံးအသင်းနှင့် မလှိုင်မြို့နယ် လက်ရွေးစင်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မလှိုင်မြို့နယ်လက်ရွေးစင်ဘောလုံးအသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မဟာယူနိုက်တက်ဘောလုံးအသင်းတွင် မြို့ရွှေမန်းသား ဖိုးချစ်၊ မိုးယံဇွန်၊ ယုန်လေး၊ နိုင်းဝမ်း၊ ဝီလျှံနှင့် အခြားအနုပညာရှင်များပါဝင်ခဲ့ကြပြီး ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကို မလှိုင်မြို့ ရွှေမုဋ္ဌောဘုရားပွဲတော်ကာလ မြို့ရွှေမန်းသားဖိုးချစ်ဇာတ်သဘင် လာရောက်ကပြဖျော်ဖြေနေစဉ် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်ဖွေး(မလှိုင်)**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး ပြည်နယ်တရားလွှတ်တော်များ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ဟားခါး စက်တင်ဘာ ၇**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားရေးဦးစီးမှူးများ၊ ခရိုင်တရားသူကြီးများ၏ (၁၁)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားကို စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီက ဟားခါးမြို့ ချင်းပြည်နယ်တရားလွှတ်တော်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ချင်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်က လုပ်ငန်းညှိနှိုင်းအစည်းအဝေးအတွေ့အကြုံများကို ထပ်ဆင့်ရှင်းလင်းမှာကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ၊ ပြည်နယ်တရားရေးဦးစီးမှူးနှင့် ပြည်နယ်အတွင်းရှိ တရားရေးအရာရှိများ စုစုပေါင်း ၁၇ ဦး တက်ရောက်ခဲ့ကြကြောင်းသိရသည်။

**ဇိုဟေဆာ**

## မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရန် ရေဘေးသင့် တောင်သူများအား မျိုးစပါး ၈၃၆ တင်း ထောက်ပံ့

**ပွင့်ဖြူ စက်တင်ဘာ ၇**

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကံဆွယ်ကျေးရွာတွင် ဧရာဝတီမြစ်ရေကြီးမှုကြောင့် လယ်မြေများနစ်မြုပ်ခဲ့သော ရေဘေးသင့်တောင်သူများအား မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရန် မျိုးစပါးထောက်ပံ့ပွဲအား စက်တင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာဓမ္မာရုံတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေက အဖွင့်အမှာစကားပြောကြားပြီး မင်းဘူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးကျော်ဝင်းက မျိုးစပါးများ ထောက်ပံ့ပေးအပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ရေဘေးသင့်တောင်သူများထံ မျိုးစပါးများ ပေးအပ်ထောက်ပံ့ခဲ့ပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ပွင့်ဖြူမြို့နယ်တွင် ဧရာဝတီမြစ်ရေကြီးမှုကြောင့် ကျေးရွာအုပ်စု ၁၆ အုပ်စုတွင် မိုးစပါးပျိုးခင်း ၈၃၆ ဧက စိုက်ခင်းပေါင်း ၃,၂၆ ဧက ပျက်စီးဆုံးရှုံးခဲ့သည်။ ကံဆွယ်ကျေးရွာအုပ်စုတွင် ပျိုးထောင်မျိုးစပါး ၇၇၆ တင်း၊ မိုးစပါးစိုက်ခင်းပျက်စီးဧကပေါင်း ၆၀ ရှိရာ ပျက်စီးဆုံးရှုံးတစ်ဧကလျှင် မျိုးစပါးတစ်တင်းနှုန်းဖြင့် ဒေသခံတောင်သူ ၁၁၈ ဦးတို့အား စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်၏အစီအစဉ်နှင့် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး၏ လမ်းညွှန်မှုဖြင့် ရတနာတိုးနှင့် ရက် ၉၀ မျိုးသန့် မျိုးစပါး ၈၃၆ တင်းအား ပထမအကြိမ် ထောက်ပံ့ပေးအပ်ခြင်းဖြစ်သည်။

**သူရထွန်း(ပွင့်ဖြူ)**

## ငါးနှစ်ပြည့်ပြီး ကျေးရွာသုံးထင်းစိုက်ခင်းများမှ ထင်း၊ တိုင်၊ မျောများအား ဒေသခံတောင်သူများထံသို့ ဖြန့်ဝေ



**ရမည်းသင်း စက်တင်ဘာ ၇**

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနကို ၁၉၉၇ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ရာ သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ သဘာဝတောကန်များ ထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစား အခြားလောင်စာသုံးစွဲခြင်း၊ ရေရရှိရေးဆောင်ရွက်ခြင်းစသည့်လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိရာ ရမည်းသင်းမြို့နယ် လွှစင်ကြိုးဝိုင်း၊ အကွက်အမှတ် (၄၊ ၇) အတွင်းမှ ဧက ၆၀ ရှိ ထင်း၊ တိုင်၊ မျော သစ်တောထွက်ပစ္စည်းများကို အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက အကျိုးပြုကျေးရွာဖြစ်သည့် ညောင်ပင်သာကျေးရွာရှိ ဒေသခံတောင်သူများအား ဩဂုတ် ၃၀ ရက်မှစ၍ ထုတ်ယူခွင့်ပြုလိုက်ကြောင်း ရမည်းသင်းခရိုင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှသိရသည်။

ရမည်းသင်းမြို့နယ် လအစင်ကြိုးဝိုင်း အကွက်အမှတ်(၄၊ ၇) အတွင်း ၂၀၀၉ ခုနှစ်က တည်ထောင်ခဲ့သည့် စိုက်ခင်းအမှတ် ၁/၂၀၀၉ ကျေးရွာသုံးစိုက်ခင်းဧက ၂၄၀ အနက်မှ ဧက ၆၀ ရှိ ထင်း၊ တိုင်၊ မျော စသည့်သစ်တောထွက်ပစ္စည်းများကို ညောင်ပင်သာကျေးရွာ ဒေသခံများထံ ဖြန့်ဝေပေးပြီး ကျေးရွာပိုင်ထင်းစိုက်ခင်းများအနက် စိုက်ပျိုးပြီးငါးနှစ်ပြည့်သောစိုက်ခင်းများကိုလည်း ဒေသခံပြည်သူများ၏ လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရန် နီးစပ်ရာကျေးရွာများ၌လည်း စနစ်တကျလွှဲပြောင်းပေးကာ စနစ်တကျထုတ်ယူသုံးစွဲနိုင်စေရန် စီစဉ်ပေးလျက်ရှိကြောင်း ရမည်းသင်းခရိုင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးသန်းက ပြောသည်။

ယင်းနောက် ရမည်းသင်းမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်အေးက စိုက်ခင်းအတွင်း သဘာဝပေါက်ပင်ဖြစ်သော မြန်မာရှား၊ ဒဟတ်သပေါက်ပင်နှင့် စိုက်ပျိုးပင်ဖြစ်သော ယူကလစ်သစ်မျိုးများ စိုက်ပျိုးထားကြောင်း၊ ညောင်ပင်သာကျေးရွာတွင် လူဦးရေ ၈၂၁ ဦးရှိပြီး အိမ်ထောင်စု ၂၀၇ စုကို စိုက်ခင်းမှထွက်ရှိသော ထင်း၊ တိုင်၊ မျောများ ခွဲဝေပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ဝင်းအောင်**

## ရှေးဟောင်းအနုပညာမြောက် ရွှေချည်ထိုးပန်းချီကားကို ယနေ့တိုင်လေ့လာနိုင်

**မန္တလေး စက်တင်ဘာ ၇**

ယနေ့ခေတ် ရွှေချည်ထိုးပန်းချီကားများနှင့် ရတနာပုံခေတ် ရွှေချည်ထိုးပန်းချီကား၏ လက်ရာကို လက်တွေ့ကျကျလေ့လာလိုပါက မန္တလေးတောင်ခြေ ဦးခန္တီပြတိုက်တွင်ရှိသော မန္တလေးတက္ကသိုလ် သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းမှတ်ချက်စာတမ်းပါ ရတနာပုံခေတ် ရွှေချည်ထိုးပန်းချီကားကြီးကို လေ့လာနိုင်ကြောင်း သိရသည်။

ရွှေချည်ထိုးပစ္စည်းများသည် ရှေးမင်းအဆက်ဆက် အမြတ်တနိုးအသုံးပြုခဲ့သောပစ္စည်းများပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အလောင်းမင်းတရားလက်ထက် (၁၇၅၃-၆၀)မှစတင်ကာ ရွှေချည်ထိုးလုပ်ငန်းထွန်းကားလာသည်ဟု ဆိုထားသည်။ ထိုခေတ်အခါက ရွှေချည်ထိုးများမှာ လက်ရာမြောက်ရွှေချည်ထိုးများအဖြစ် မဖန်တီးနိုင်သေးဟု ဆိုထားသည်။ နောက်ပိုင်းမြေတူးမင်း (၁၇၆၃-၆၆)တွင် အယုဒ္ဓယကိုသိမ်းယူသောအခါ ရွှေချည်ထိုးပညာရှင်များ မြန်မာမင်းနေပြည်တော်တွင် တိုးတက်လာခဲ့သည်။ မန္တလေး ရတနာပုံမင်းနေပြည်တော် မင်းတုန်းမင်းလက်ထက် (၁၈၅၃-၇၈)မှ သီပေါမင်းလက်ထက်(၁၈၇၈-၈၅)တွင် ရွှေချည်ထိုးပညာရပ် တိုးတက်လာပြီး လက်ရာမြောက်ရွှေချည်ထိုးပစ္စည်းများ၊ ရွှေချည်ထိုးကားချပ်များကို ပြုလုပ်လာနိုင်ခဲ့သည်ဟု သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းက သုံးသပ်ခန့်မှန်းထားသည်။ ထိုသုံးသပ်ခန့်မှန်းချက်စာတမ်းနှင့်အတူ ရတနာပုံခေတ်ရှေးဟောင်းအနုပညာလက်ရာမြောက်ရွှေချည်ထိုးပန်းချီကားကြီးကို မန္တလေးတောင်ခြေ ဦးခန္တီပြတိုက်တွင် ယနေ့တိုင်လေ့လာနိုင်သည်။

လက်ရှိကာလတွင် မြန်မာမှုလက်ရာများတွင် နိုင်ငံခြားသားများနှစ်သက်သောပစ္စည်းများတွင် ရွှေချည်ထိုးပန်းချီကားများ ပါဝင်နေသည်။ ရွှေချည်ထိုးပန်းချီကားများမှာ မြန်မာ့လက်မှုအနုပညာစစ်စစ်ဖြစ်ပြီး မြန်မာ့ယဉ်ကျေးမှုနှင့်ဆက်စပ်နေသည့် သဘာဝကျသည့်ပန်းချီကားများကို ပြုလုပ်လေ့ရှိသည်။ ရွှေချည်ထိုးပန်းချီကားတစ်ချပ်ဖြစ်ပေါ်လာရေးအတွက် အဆင့်ဆင့်လုပ်ဆောင်ရသည်။ ပထမဦးစွာ ပိတ်စကိုချုပ်ကာ ပေါင်ကြပ်ရသည်။ ပေါင်ကြပ်ပြီးသားပေါ်တွင် လိုအပ်သည့်ပုံများကို ပန်းချီဆွဲပေးရသည်။ ပန်းချီဆွဲပြီးသည်နှင့် ရွှေကြိုး၊ ငွေကြိုး၊ ပုလဲ၊ သဒ္ဒါစေ့၊ ကြယ်ပြား၊ ကြယ်ခုံး၊ ရွှေလုံး၊ ငွေလုံးကြိုးများမှအစ ရွှေခြည်ထိုးပစ္စည်းများကို အပ်ချည်ဖြင့် သီချုပ်ပေးရသည်။

ရွှေချည်ထိုးပြီးသည်နှင့် ခွင်ချခြင်းများပြုလုပ်ပြီး ခွင်အတွင်း ရွှေချည်ထိုးပန်းချီကားကို ကပ်ကာ ချုပ်ပေးခြင်း၊ ဖောင်းကြွဖြစ်စေရန် ဂွမ်းထိုးခြင်း၊ နောက်ပိတ်ပိတ်ခြင်းမှအစ အနုစိပ်လုပ်ဆောင်ရသည်။ ရွှေချည်ထိုးပန်းချီကားများကို နိုင်ငံခြားဈေးကွက်ထိုးဖောက်နိုင်ရေးအတွက် အနုစိပ်ဒီဇိုင်းများကို ရွေးချယ်ပြုလုပ်လာသည်။ လက်ရှိကာလတွင် အများစု အော်ဒါမှာယူသော ပန်းချီကားအမျိုးအစားလေးဆယ်ခန့်ပြုလုပ်ပေးရသည်။ ထို့အပြင် နိုင်ငံခြားသံရုံးများမှ သက်ဆိုင်ရာနိုင်ငံအထိမ်းအမှတ်ပုံဒီဇိုင်းများကိုပါ အော်ဒါမှာသည်လည်းရှိသည်။

လက်ရှိကာလ၌ တွင်ကျယ်စွာပို့ရသောရွှေချည်ထိုးပန်းချီကားများမှာ ရွှေတိဂုံပုံ၊ မြန်မာ့ဆိုင်းဝိုင်းပုံ၊ ဒေါင်းပုံ၊ မြန်မာ့နွားလှည်းပုံ၊ ကရဝိက်ပုံ၊ ကိန္နရီကိန္နရာပုံ၊ ဆွမ်းခံကြွပုံ၊ ရှင်လောင်းလှည့်ပုံ၊ အိုးစည်ဒိုးပတ်ပုံ၊ သမင်အုပ်ပုံ၊ ရုပ်သေးပုံများနှင့်အတူ အခြားရွှေချည်ထိုးပန်းချီကားများမှာ ရောင်းအားကောင်းလျက်ရှိသည်။

**နွေနဒီ(မြစ်ငယ်)**

## မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်လာသော အန္တရာယ်များ အသိပညာပေးဟောပြော

**ကလေး စက်တင်ဘာ ၇**

ကလေးခရိုင် အမျိုးသမီးရေးရာအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများ အကျင့်စာရိတ္တကောင်းမွန်ရေး၊ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားလျက် မြန်မာ့ယဉ်ကျေးမှုကို ချစ်မြတ်နိုး၍ မြင့်တင်နိုင်ရန်ရည်ရွယ်ချက်ဖြင့် မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်လာသောအန္တရာယ်များ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အသိပညာပေးဟောပြောပွဲကိုစက်တင်ဘာ ၃ ရက် နံနက် ၁၀ နာရီခွဲက အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင် ဒေါ်မေရီမြင့်က မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်လာသောအန္တရာယ်များဖြစ်သည့် ဝတ်စားဆင်ယင်မှု၊ တိုင်းတစ်ပါး၏ နေထိုင်စားသောက်မှုနှင့် အစားအစာများမက်မောမှု၊ ကိုရီးယားဇာတ်လမ်းတွဲများ၏ အပြုအမူ သရုပ်ဆောင်ချက်များစွဲလမ်းမှု၊ ညစ်ညမ်းသီချင်းနှင့် ဇာတ်လမ်းများနားထောင်ကြည့်ရှုမှုစသည့် မြန်မာ့ယဉ်ကျေးမှုနှင့်ဆန့်ကျင်သည့် အကြောင်းအရာများကို ရှောင်ရှားကြရန်နှင့် မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို မြတ်နိုးထိန်းသိမ်း စောင့်ရှောက်ကြရန် အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများကလည်း မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် ခြိမ်းခြောက်လာသော အန္တရာယ်များဖြစ်သည့် အနောက်တိုင်းယဉ်ကျေးမှုများကို ရှောင်ရှားကြရန်ဆိုသည့် အကြောင်းအရာများကို ကျောင်းသား၊ ကျောင်းသူများက မိမိတို့၏ ထင်မြင်ယူဆချက်၊ ခံယူသုံးသပ်ချက်များအတိုင်း ပွင့်ပွင့်လင်းလင်း အသိပညာပေးလျက် အပြန်အလှန်ဆွေးနွေးဖလှယ်ကြကာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး ဒေါ်ခင်မြလွင်က ထပ်မံဖြည့်စွက် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဂျိုးနက်**

## ကြို့ပင်ကောက်တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြော

**ကြို့ပင်ကောက် စက်တင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့တွင် စားသုံးသူရေးရာဦးစီးဌာနမှ ကျေးရွာများရှိ အခြေခံပညာကျောင်းများသို့ နယ်လှည့်ကွင်းဆင်း၍ ဟောပြောပွဲများကို ပြုလုပ်လျက်ရှိရာ တစ်လလျှင် ကျေးရွာ ၇ ရွာခန့်ကို နယ်လှည့်ကွင်းဆင်း၍ အန္တရာယ်ရှိသောစားသောက်ကုန်များအကြောင်းကို အသိပညာပေးဟောပြောခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် ကလေးသူငယ်များ၏ ကျန်းမာရေးကိုရှေးရှုပြီး စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာများ၊ ဓာတုဆေးဝါးများ၊ စားသုံးရန်မသင့်သောစားသောက်ကုန်များ၊ ဘေးထွက်ဆိုးကျိုးများကို အစားအစာများနှင့်တကွ ဥပမာပေးပြသ၍ ရှင်းလင်းပြောကြားကာ အန္တရာယ်ရှိသောစားသောက်ကုန်များ ဝယ်ယူစားသုံးမှုမရှိစေရေးကို တာဝန်ရှိသူ ဆရာ၊ ဆရာမများနှင့် မိဘများက ဂရုတစိုက်အသိပေးသွားရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**



## မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ဖူဆယ်ပြိုင်ပွဲကျင်းပ

**ခင်ဦး စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၅ ရက် ညနေ ၄ နာရီက မြို့မအားကစားကွင်းတွင် ပြုလုပ်ရာ ပြိုင်ပွဲဝင်အသင်း ၂၀ ပါဝင်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

ဖူဆယ်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဦးမျိုးနိုင်က အဖွင့်အမှာစကားပြောကြားပြီး အားကစားသမားများက အားကစားသစ္စာဓိဋ္ဌာန်ကို ရွတ်ဆိုကြသည်။ ယင်းနောက် ပြိုင်ပွဲဝင်အားကစားသမားများကို ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုက်လံနှုတ်ဆက်ကြသည်။

ဖွင့်ပွဲနေ့တွင် ဖူဆယ်ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်ကစားကြရာ ရွှေစတားအသင်းက ပေါင်းလှဲကုန်းအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ပညာရေးအသင်းက မီးသတ်အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

## သက်ကြီးရွယ်အိုဘိုးဘွားများနှင့် ကလေးသူငယ်ရှိသည့် အိမ်ထောင်စုဝင် များအား ဆေးစိမ်ခြင်ထောင်များဝေငှပေးအပ်

**နတ်ကြီးချောင် စက်တင်ဘာ ၇**

မွန်ပြည်နယ် ပေါင်မြို့နယ် နတ်ကြီးချောင်ကျေးရွာ 'မြတ်နိုးကြင်'ပရဟိတ လူမှုကူညီမှုအသင်းက ဦးဆောင်၍ စက်တင်ဘာ ၃ ရက် မွန်းတည့် ၁၂ နာရီက နတ်ကြီးချောင်ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျေးရွာအတွင်းရှိ သက်ကြီးရွယ်အို အဖိုးအဖွားများနှင့် ကလေးသူငယ်များ ခြင်များပြားလာခြင်းကြောင့်ဖြစ်တတ်သော ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါနှင့် ဂျပန်ဦးနှောက်အမေးရောင်ရောဂါများ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ဆေးစိပ်ခြင်ထောင်များ လှူဒါန်းခဲ့သည်။

နတ်ကြီးချောင်ကျေးရွာ ကျောင်းတိုက်ဆရာတော် အရှင်တေဇိန္ဒာအဓိပတိက ဦးဆောင်၍ အဆိုပါကျေးရွာမှ 'မြတ်နိုးကြင်' ပရဟိတလူမှုကူညီရေးအသင်း အမှုဆောင်အဖွဲ့ဝင်များ၊ ပေါင်မြို့နယ် ကျန်းမာရေးဦးစီးဌာန နတ်ကြီးချောင် ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဦးညီဇော်၊ ငှက်ဖျားတိုက်ဖျက်ရေးတာဝန်ခံ ဦးစောယိုးသာ၊ ကျေးရွာအုပ်ချုပ်ရေးမှူး စောသဲနောင်နှင့် 'မြတ်နိုးကြင်' ပရဟိတ လူမှုကူညီမှုအသင်းဝင်များ စုပေါင်းလှူဒါန်းသော ဆေးစိမ်ခြင်ထောင် ၂၈၅ လုံးကို ကျေးရွာနေ မိသားစုများအား အိမ်ထောင်စုအလိုက်ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ခင်မောင်ဝေ(ပေါင်)**



# ကနီမြို့နယ် ညောင်ပင်ဝန်းကျေးရွာတွင် မြေများ နိမ့်ဆင်း၍ ပပ်ကြားအက်များဖြစ်ပေါ်

**ကနီ စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် တဇယ်ချောင်ကျေးရွာအုပ်စု ညောင်ပင်ဝန်းကျေးရွာတွင် ချင်းတွင်းမြစ်ကမ်းဘေးမှ ပေ ၁၅၀ ကျော်အကွာ၌ မြေများနိမ့်ဆင်း၍ ပပ်ကြားအက်များ ဖြစ်ပေါ်လျက်ရှိကြောင်း ယင်းကျေးရွာ ဒေသခံတစ်ဦး၏ ပြောပြချက်အရ သိရသည်။

"မြေတွေ ပပ်ကြားအက်ကွဲရခြင်းက ကျွန်တော်တို့ကျေးရွာဟာ ချင်းတွင်းမြစ်ကမ်းဘေးမှာရှိပြီး ရွာရဲ့ကြောဘက်မှာ မြစ်ရေတက်ရင်ရေဝင်ရောက်တဲ့ တဇယ်ချောင်အင်းရှိရာ မြစ်ရေများကျဆင်းသွားသည့်အခါ ဒီအင်းကရေတွေ မြစ်ဘက်အချို့နေရာတွေမှာ စိမ့်ထွက်မှုတွေ ရှိနေလို့ အခုလိုမြစ်ကမ်းဘေးမှာ မြေတွေနိမ့်ဆင်း အက်ကွဲမှုများ ဖြစ်ပွားနေတာ နှစ်နှစ်ရှိပြီ ယခင်နှစ်ကတော့ ရွာအစွန်ဘက်မှာ ဖြစ်ခဲ့ပါတယ်" ဟု ယင်းက ဆက်လက်ပြောသည်။

အဆိုပါမြေများနိမ့်ဆင်းကာ ပပ်ကြားအက်ကွဲမှုများဖြစ်ပွား၍ မြစ်ကမ်းဘေးမှ ဦးစန်းလင်းနေအိမ်၊ ဦးတင်ခို၏ နွားတဲနှင့် ကမ်းနဖူးလမ်း ထက်ဝက်ခန့် အက်ကွဲနေမှုများကို မြို့နယ်သဘာဝဘေးကြိုတင်ကာကွယ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှု၍ ဆက်လက်မြေနိမ့်ဆင်းမှုများ ဖြစ်ပွားလျှင် ရွှေ့ပြောင်းဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားကြောင်း သိရသည်။

ယင်းညောင်ပင်ဝန်းကျေးရွာတွင် အိမ်ခြေ ၁၁၈ အိမ်၊ အိမ်ထောင်စု ၁၅၆ စု ရှိပြီး လူဦးရေ ၇၆၅ ဦး နေထိုင်ကာ တောင်ယာနှင့် ရေကြောင်းကို အသုံးပြုလုပ်ကိုင်ကြသည်။

**သန်းဋ္ဌေးအောင်(ကနီ)**

## စည်းမျဉ်းစည်းကမ်းများနှင့်အညီ တင်ပြတောင်းခံသုံးစွဲတတ်စေရန် ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းခွင်ရက်တိုသင်တန်း အမှတ်စဉ်(၁/၂၀၁၆) ဖွင့်လှစ်

**မကွေး စက်တင်ဘာ ၇**

ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်း ညွှန်ကြားချက်များနှင့်အညီ ငွေစာရင်းခေါင်းစဉ်အလိုက် စနစ်တကျ တင်ပြတောင်းခံ သုံးစွဲတတ်စေရေးအတွက် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းခွင် ရက်တိုသင်တန်း အမှတ်စဉ် (၁/၂၀၁၆) ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီခွဲက မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ ရဲအကူတပ်ဖွဲ့ခွဲဝင်းအတွင်းရှိ ရဲဇာနည်ခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကိုကိုအောင်၊ မကွေးခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးမင်းဟန်၊ ရဲအကူတပ်ဖွဲ့ခွဲမှူး၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ အရာရှိကြီးများနှင့် ဌာနစိတ်တာဝန်ခံများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား အရာရှိ၊ အခြားအဆင့် တပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများ စုစုပေါင်းအင်အား ၆၅ ဦး တက်ရောက်ခဲ့ပြီး ရဲမှူးကြီးကိုကိုအောင်က သင်တန်းသားများအား ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်း ညွှန်ကြားချက်များနှင့်အညီ ငွေစာရင်းခေါင်းစဉ်အလိုက် စနစ်တကျတင်ပြတောင်းခံသုံးစွဲတတ်စေရေးအတွက် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းမှာကြားကာ သင်တန်းနည်းပြများမှ သင်တန်းအချိန်ဇယားများနှင့်အညီ သင်တန်းသားများအား ဆက်လက်သင်တန်းပို့ချခဲ့သည်။

ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းခွင်ရက်တိုသင်တန်းသို့ သင်တန်းသားအရာရှိ ၁၆ ဦး၊ အခြားအဆင့် ၁၉ ဦး၊ စာရေးဝန်ထမ်း ၁၅ ဦး စုစုပေါင်း ၅၀ တက်ရာက်ခဲ့ပြီး ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းခွင်ရက်တိုသင်တန်းကို စက်တင်ဘာ ၅ ရက်မှ ၉ ရက်အထိ လေးရက်ကြာ သင်တန်းပို့ချမည် ဖြစ်ကြောင်းသိရသည်။

**သန်းနိုင်ဦး(ဇဖဲ)**

## ချောက်မြို့နယ်စလေကျေးရွာ၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်လှစ်

**ချောက် စက်တင်ဘာလ ၇**

မကွေးတိုင်းဒေသကြီးချောက်မြို့နယ် စလေကျေးရွာအုပ်စုရှိအရန်မီးသတ်တပ်ဖွဲ့ဝင်များ မီးသတ်ပညာပြန့်ပွားတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီက စလေကျေးရွာ ဦးပုညခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းသင်တန်းဖွင့်ပွဲတွင်မြို့နယ်မီးဘေးတားဆီးရေးနှင့် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးနေမျိုးသန်းက အဖွင့်အမှာစကားပြောကြားကာ မြို့နယ်မီးသတ် ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲထွေးအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ချောက်မြို့နယ်ရဲတပ်ဖွဲ့ရဲမှူး အေးလွင်က အရန်မီးသတ်တပ်ဖွဲ့ဝင် တစ်ဦးအား တူညီဝတ်စုံများပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းကို သင်တန်းသား ၅၀ ဦးတက်ရောက်၍ သင်တန်းကာလမှာ စက်တင်ဘာလ ၅ ရက်မှ စတင်ကာ တစ်လကြာမြင့်မည်ဖြစ်သည်။

သင်တန်းပို့ချနေစဉ်အချိန်အတွင်း သင်တန်းသားများအား ရှာဖွေကယ်ဆယ်ရေးနှင့်မီးငြိမ်းသတ်ရေးပစ္စည်းများဖြင့် လက်တွေ့သင်ကြားပေးမည်ဖြစ်သည်။ ယင်းနေ့သင်တန်းဖွင့်ပွဲအပြီးတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များမှ မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေးဆောင်ရွက်ခဲ့မှု နံရံကပ်ပိုစတာများအား ကြည့်ရှုခဲ့ကြရာ မြို့နယ်မီးသတ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

## မြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ရေကြီးနစ်မြုပ်ခဲ့သောရွာအရောက် ကွင်းဆင်း၍ အခမဲ့ဆေးကုသကာ စားသောက်ကုန်ပစ္စည်းများကူညီထောက်ပံ့

**တိုက်ကြီး စက်တင်ဘာ ၇**

မြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) မှ ရေကြီးနစ်မြုတ်ခဲ့သော တိုက်ကြီးမြို့နယ် သုံးခွ၊ တင်းကုတ်ကြီး၊ မျောက်ချောကုန်းကျေးရွာများမှ ဒေသခံပြည်သူများအား ကျေးရွာအရောက်ကွင်းဆင်း၍ အခမဲ့ဆေးကုသပေးခြင်း၊ ဆန်၊ ခေါက်ဆွဲ၊ ဆပ်ပြာ၊ ဆေးဝါးများပေးအပ်ခြင်းကို စက်တင်ဘာ နံနက် ၉ နာရီက သုံးခွဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့သည်။

အဆိုပါအဖွဲ့တွင် မြန်မာနိုင်ငံဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဗဟို အထွေထွေအတွင်းရေးမှူး ဒေါက်တာသာဉာဏ်၊ ဒေါက်တာတင်လှ၊ ဒေါက်တာခင်ဦးဇင်၊ ရန်ကုန်တိုင်းဒေသကြီးဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့အတွင်းရေးမှူး ဦးမျိုးညွန့်၊ ဒေါ်နော်စန္ဒြာလူနီတို့ပါဝင်သောအဖွဲ့သည် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို အခမဲ့ဆေးဝါးကုသပေးခြင်း၊ ဆန်၊ ခေါက်ဆွဲ၊ ဆေးဝါး ဆပ်ပြာများထောက်ပံ့ပေးအပ်ပြီး ဒေသခံ ၁၆၇ ဦးအားထွေထွေရောဂါများကုသပေးခဲ့သည်။

ဆိုပါအဖွဲ့အား တိုက်ကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှနာယက ဦးမွန်နား၊ ဒုဥက္ကဋ္ဌ ဦးသိန်းဝင်း၊ အတွင်းရေးမှူး ဦးစောမောင်ငွေ၊ ဦးမောင်မောင်ချစ်တို့က ဆေးကုသခြင်းလုပ်ငန်းများ ကူညီဆောင်ရွက်ခဲ့သည်။

**ထွန်းလှိုင်(မြိုင်)**

## ကဒူးလူငယ်ဖွံ့ဖြိုးရေးအသင်းမှ နိုင်ငံသားအသိပညာပေးသင်တန်းဖွင့်လှစ်

**ကသာ စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ကသာဟိုတယ်တွင် ဩဂုတ် ၃ ရက်က ကဒူးလူငယ်ဖွံ့ဖြိုးရေးအသင်းမှ နိုင်ငံသားအသိပညာပေး သင်ရိုးညွှန်းတန်းရေးဆွဲခြင်းသင်တန်းကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ယင်းသင်တန်းတွင် ဒီမိုကရေစီနှင့်နိုင်ငံသားအခွင့်အရေး၊ ဒုက္ခသည်စခန်းသို့ နိုင်ငံသားအခွင့်အရေးအသိပညာပေးရန်သင်ရိုးရေးဆွဲခြင်း၊ စာသင်ကျောင်းများသို့ နိုင်ငံသားအခွင့်အရေးအသိပညာပေးရန် သင်ရိုးရေးဆွဲခြင်း၊ လုပ်ငန်းစဉ်များရေးဆွဲခြင်းကို သင်တန်းဆရာသုံးဦးက သင်ကြားပေးပြီး သင်တန်းသား ၂၀ ဦး တက်ရောက်ခဲ့သည်ဟု သိရသည်။

အဆိုပါ ကဒူးလူငယ်ဖွံ့ဖြိုးရေးအသင်းကို ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် ဒေသခံ ကဒူး လူငယ်များက ဦးဆောင်ဖွဲ့စည်းခဲ့ပြီး လက်ရှိတွင်ကဒူးအင်အား ၂၀၀ ကျော်ရှိကြောင်းသိရသည်။

**မြင့်ကေနိုင်(ပြန်/ဆက်)**

## တောင်သူများအားစိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**တောင်တွင်းကြီး စက်တင်ဘာ ၇**

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ တောင်သူများ မြေမှန်၊ မျိုးမှန်၊ စိုက်နည်းမှန် ပိုးသတ်ဆေးသုံးစွဲမှု စနစ်တကျရှိရေး အသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၆ ရက် နံနက် ၉ နာရီက တောင်တွင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်း၊ တိုင်းဒေသကြီး သီးနှံဖျက်ပိုးမွှား ကာကွယ်ရေးတာဝန်ခံ ဒေါ်မော်မော်ဝင်း၊ တိုင်းမျိုးစေ့တာဝန်ခံ ဒေါ်မိမိချို၊ တိုင်းမြေအသုံးချရေးတာဝန်ခံ ဒေါ်ခင်မာသန်း၊ ခရိုင်ဦးစီးမှူး ဦးသိန်းလွင်တို့က သိပ္ပံနည်းကျစိုက်နည်းစနစ်များနှင့် သီးနှံရောနှောစိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ သိပ္ပံနည်းကျ စိုက်ပျိုးရေးမြေစီလွှာ အကြောင်းနှင့်ပိုးသတ်ဆေးသုံးစွဲမှု စနစ်တကျရှိရေးတို့ကိုပညာပေးဆွေးနွေးခဲ့ကြသည်။

**၅၈၀**

## လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေး ဟောပြောပွဲမြင်းမူမြို့ အ-ထ-က(၂)တွင်ပြုလုပ်

**မြင်းမူ စက်တင်ဘာ ၇**

၂၀၁၆ ခုနှစ် လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၄ ရက်က စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့ အခြေခံပညာအထက်တန်းကျောင်းအမှတ်(၂) တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အသိပညာပေးဟောပြောပွဲတွင် မြင်းမူမြို့နယ်ဒုတိယပညာရေးမှူး ဦးစိုးမြင့်လွင်က အမှာစကားပြော မြင်းမူမြို့ရဲတပ်ဖွဲ့စခန်း စခန်းမှူး ဒုရဲမှူးစိုးမြင့်က "ဝိသမလောဘသားများက ကျောင်းသားအရွယ်လူငယ်များအား မူးယစ်ဆေး(စိတ်ကြွဆေး)များ၊ အလုပ်အကိုင်များနှင့် ယုံကြည်အောင် ပြောဆိုစည်းရုံးကာ တစ်နေရာမှတစ်နေရာသို့ ပြောင်းရွှေ့ခေါ်ယူပို့ဆောင်ပြီး တစ်ဖက်နိုင်ငံများအထိ ရောင်းစားအမြတ်ထုတ်နေမှုများ၊ လူကုန်ကူးမှုနှင့် ပတ်သက်ပြီး ဖမ်းဆီးရရှိနေမှုများ၊ တားဆီးကာကွယ်နေမှုများ၊ ဖမ်းဆီးရရှိနေမှုများ၊ လူကုန်ကူးမှုအန္တရာယ်မှ ကင်းဝေးအောင်နေထိုင်ပြုမူစေခြင်းများ"အား ကျောင်းသားလူငယ်များသို့ အသိပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့သည်။ ယင်းနောက် အထက(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးစိုးက ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကိုယ်စားကျေးဇူးတင်စကား ပြောကြားခဲ့သည်။ **အောင်စိုးဖေ(ပြန်/ဆက်)**

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသား(လူပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်းရရှိသည့် ထောက်ခံစာမူရင်းနှင့်ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၁-၁-၂၀၁၇ ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၃)လက်မနှင့် ကိုယ်အလေးချိန်(၁၀၀)ပေါင်ထက်မနည်းရ။ပေါင်(၁၄၀)ထက် မကျော်ရ။

(င) မျက်မှန် တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၇-၉-၂၀၁၆ ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၂၀-၁၀-၂၀၁၆ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၅-၁၁-၂၀၁၆ ရက်နေ့တွင် ဖြေဆိုကြရမည် ဖြစ်ပါသည်။

၄။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၂၅-၁၁-၂၀၁၆ ရက်နေ့မှ ၂၆-၁၁-၂၀၁၆ ရက်နေ့အတွင်း ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၂-၁-၂၀၁၇ ရက်နေ့မှ ၉-၁-၂၀၁၇ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၄၀၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၄၅၀၀၀)ကျပ်၊ တတိယနှစ် (၁၅၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၅၅၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ) B.Med.Tech (Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech (Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech (Medical ImagingTechnology)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု(Nurse)**နှင့် **ဆေးဘက်ကျွမ်းကျင်သူများ**အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် **မဟာသိပ္ပံဘွဲ့ (Master of Science)** နှင့် **ပါရဂူဘွဲ့ (Ph.D )** သင်တန်းများ တက်ရောက်ခွင့် ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု /ဆေးဘက်ကျွမ်းကျင်သူ (ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် **ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ ကျွမ်းကျင်သူ(ဒုတိယတန်း))**အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်း ရရှိသည့် ထောက်ခံစာမူရင်းနှင့်ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၁-၁-၂၀၁၇ရက်နေ့တွင်အသက်(၁၆)နှစ်အောက် မငယ်ရ(၁၈)နှစ်ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၂)လက်မနှင့် ကိုယ်အလေးချိန်(၉၅)ပေါင်ထက်မနည်းရ။

(င) မျက်မှန် တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၇-၉-၂၀၁၆ ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၂၀-၁၀-၂၀၁၆ ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၁၉-၁၁-၂၀၁၆ ရက်နေ့တွင် ဖြေဆိုကြရမည် ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲ အောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၁၂-၁၂-၂၀၁၆ ရက်နေ့မှ ၁၃-၁၂-၂၀၁၆ ရက်နေ့အတွင်း ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၉-၁-၂၀၁၇ ရက်နေ့မှ ၁၆-၁-၂၀၁၇ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ရွေးချယ်ခံရသူများသည် တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်တွင် (၄)နှစ် တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက **သူနာပြုသိပ္ပံဘွဲ့ (Bachelor of Nursing Science)** ရရှိမည်ဖြစ်ပါသည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၄၀၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၄၅၀၀၀)ကျပ်၊ တတိယနှစ်(၁၅၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၅၅၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု (Nurse)**အဖြစ် ခန့်အပ်ပေးမည် ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက **သူနာပြုမဟာသိပ္ပံဘွဲ့ (Master of Nursing Science)** နှင့် **သူနာပြုပါရဂူဘွဲ့ (Ph.D Nursing)** ဘွဲ့သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၇။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)အဖြစ် အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု)အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်း မေးမြန်းနိုင်သည်။

လိုနေသူကို ဖေးမကူဖို့ ဖြူစင်စေတနာ ပြည့်ဝစွာဖြင့်
**ဆရာမိုး** Follow Me Ph.D (USA) **IELTS** တန်းခွဲသစ် လက်ခံပြီ။
အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးတတ် ပြောတတ်ချင်သူတိုင်း တက်ထားရမည့်
Universal Institute of ESL (USA) မှ Certificate ချီးမြှင့်သည့်
ENGLISH 4 SKILLS Level (1,2) ၄ လ နှင့်
ENGLISH 4 SKILLS Level (1) တစ်ပတ် (၅)ချိန်တက် (၂)လ အထူး လက်ခံသင်ကြားပြီ။
Essay, Letter ရေးနည်း၊ အင်္ဂလိပ် ဝတ္ထုဖတ်ဆောင်းပါး ဖတ်နည်း၊ ဘာသာပြန်နည်းနှင့် ပြောနည်းတို့ကို နိုင်ငံတကာ သင်ရိုးများနှင့် သင်ကြားပေးနေပြီ။ တတ်ချင်သူတိုင်း တက်၍ တက်သူတိုင်း တတ်ကုန်ကြပြီ။ တန်းခွဲသစ် Sept 10 စမည်။
4 SKILLS Level(1,2,3) တက်ပြီးသူများကို Dip ESL (USA) ချီးမြှင့်မည်။
အင်္ဂလိပ်စာကို တိတိကျကျ သေသေချာချာ တတ်မြောက်ပြီး ထိထိရောက်ရောက် သင်ကြားပေးနိုင်သည့် အင်္ဂလိပ်စာဆရာ ဖြစ်လာစေဖို့
အင်္ဂလိပ်စာ ဆရာဖြစ် Diploma in Teaching English နာရီပေါင်း ၂၀၀ ၄ လ အထူး လက်ခံပြီ။
နောက်ဆုံးပေါ် နိုင်ငံတကာ သင်ရိုးနှင့်အတူ မိမိကိုယ်တိုင် စနစ်တကျ အသံထွက် လေ့ကျင့်ရင်း အလျင်မြန်ဆုံး တိုးတက်လျက်
သွက်လက်မှန်ကန်စွာ ပြောတတ်စေဖို့ SPEAKING သီးသန့် ၄ လ အတတ် လက်ခံပြီ။
4 Skills Band 7 နှင့်အထက် ရအောင် သင်ပေးမည့် IELTS ၄ လ အထူး လက်ခံပြီ။
ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။
အင်း၀ အမှတ် ၁၈၊ ၅-လွှာ၊ စာအုပ်တိုက် (အပေါ်ထပ်)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း ။ 0943125393
ပိုင်းသီးသန့် ❖ ၄၃၆ (ပ) ထပ်၊ ကုန်သည်လမ်း (၄၄-လမ်းထိပ်) ။ 01 398118, 295798

**အာရှနဂါး**
မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

**ဧယာနာရှင်** ... မြဝတီ၊ ဘားအံ (၃)ရက်၄ အိပ်
• အဘာထွက်ပွဲ (သီးသန့်) (၃)ရက် ◆ ဆက်၍ ပုဂံ-ညောင်ဦး (၅)ရက်။ 16-9-2016
• အဘာထွက်ပွဲ၊ မန္တလေး ပြင်ဦးလွင် စစ်ကိုင်း ...... (၅)ရက်။
• အဘာထွက်ပွဲ၊ ပုဂံ-ညောင်ဦး စစ်ကိုင်း၊ မန္တလေး ပြင်ဦးလွင် (၇)ရက်။ အဘာထွက်ပွဲ Sep 17
• အဘာထွက်ပွဲ၊ ပုဂံ-ညောင်ဦး မန္တလေး ပြင်ဦးလွင် လားရှိုး-မူဆယ် (၈)ရက်။
• အဘာထွက်ပွဲ၊ ပုဂံ-ညောင်ဦး တောင်ကြီး အင်းလေး (၇)ရက် ◆ လွိုင်ကော် (၈)ရက်။
Ph: 01-392704, 09 73017110,09 795066657,09 785066657

**ကား** မျိုးစုံ
(Alphard/Crown/MarkII/အနီတာဘုံ/Hiace စု/ခုနစ်ယောက်စီး ၂၄/၂၆/၃၃/၄၅/၄၄ ယောက်စီး) များကို စရိတ်သက်သာစွာ ငှားရမ်းနိုင်ပါသည်။
Ph : 09795549249, 095418126

**ရွှေခေါင်းလောင်း** မြန်မာပြည်အနှံ့ ခရီးသွားလုပ်ငန်း
Ph: 254499128, 09 255857899, 09 451127809

**RUBY** ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။

**အလင်းရောင်** (၆၄)ကြိမ်မြောက် အဘာထွက်ပွဲ သို့
Sep (16) ထွက်မည်။ 09-421061860 , 09-421129597
အဘာပွဲ၊ ပုပ္ပါး (သီးသန့်) ဆက်၍ ပုဂံ (ရွှေစည်းခုံ) မှ (၃)ရက်
မြဝတီ၊ ဘားအံ၊ သထုံ၊ ဘုရားစုံ (၃)ရက် ခရီးစဉ်တိုင်း စား+တည်း+ဖြီး
ကားမျိုးစုံ စီးလုံးငှား (Package) စီစဉ်ပေးသည်။

**GW** 0973226006
0973133528
0973077569
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ် အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559

**ရွှေလမ်းခရီး** ... မှ အဘာအောင်မင်းခေါင်ပွဲ
* အဘာအောင်မင်းခေါင်ထွက်ပွဲ၊ ပုပ္ပါး(ညအိပ်)ခရီးစဉ် - ၆၄ ကြိမ်မြောက်
* အဘာထွက်ပွဲနှင့် ပုဂံ(ရွှေစည်းခုံ)၊ ညောင်ဦး Sep 16 ထွက်
* အဘာထွက်ပွဲနှင့် တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော၊ ထမ်စမ်း
* အဘာထွက်ပွဲနှင့် မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မိုးကုတ်၊ ကျောက်စိမ်းတော
* အဘာထွက်ပွဲ နှင့် မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ် ခရီးစဉ်
* အဘာထွက်ပွဲနှင့် ကယားပြည်နယ် - လွိုင်ကော် တောင်ကွဲစေတီ
* အဘာထွက်ပွဲနှင့် ကရင်ပြည်နယ် - ဘားအံ၊ ဘုရားစုံ၊ မြဝတီ ခရီးစဉ်
* အဘာထွက်ပွဲနှင့် ထားဝယ်ရင်ကိုးရင်၊ မောင်းမကန်၊ ကျိုက်ထီးရိုး
09401589907,095124678,098627170

ကုန်ကျစရိတ်သက်သာပြီး အချိန်တိုအတွင်းရရှိမည့် အဆင့်မြင့်ပညာရေး
**Study in USA**
QEAC No: K531
● ၉ တန်းအောင် နှင့် ၁၀ တန်း မအောင်မြင်သော်လည်း ဆက်ရန် ပညာရေးမျှော်လင့်ချက်မြင့်မြင့်မားမား ထားရှိသူများ
● ၁၀ တန်း (သို့) IGCSE အောင်မြင်ပြီး အကောင်းဆုံးတက္ကသိုလ်ကို ရွေးချယ် တက်ရောက်လိုသူများ
● International School တွင် Grade 9 , 10 တက်ရောက်နေသူများ
● ဘွဲ့ရပြီး 2nd Degree တက်ရောက်လိုသူများနှင့် Master, Ph.D တက်ရောက်လိုသူများ
● အသက်မွေးဝမ်းကျောင်းနှင့် Specialized Major ကို ရွေးချယ်ရန် အခက်အခဲ ရှိသူများ
USA ရှိ Colleges တွင် High School Completion Diploma ကိုသင်ကြားပြီး University သို့တိုက်ရိုက်တက်ရောက်နိုင်မည့် အခွင့်အလမ်း
မှန်ကန်သော ပညာရေးလမ်းကြောင်းကို ရွေးချယ်ရန် (အခမဲ့) ဆွေးနွေးနိုင်ပါသည်။
www.myanmartelesis.com www.facebook.com/MTEC
Myanmar Telesis 01 - 527 168 09 - 452 777 507

အရွယ်မရွေးသုံးစွဲပေး
**ရွှေသွေး ရင်လူးဆေး** "ကလေးရှိရင် ရွှေသွေးရှိမှ ဖြစ်မယ်နော်"
အဆုတ်အအေးမိခြင်း၊ အစားမှားခြင်းကြောင့်ဖြစ်တတ်သော ချောင်းဆိုး၊ ချွဲကြပ်၊ ရင်ပြည့်၊ ရင်ကယ်၊ လေထိုး လေအောင့်ခြင်းများအတွက် သုံးစွဲနိုင်ပါသည်။
ယခုလိပ်စာအသစ် ။ မြို့အမှတ် 4C(A)၊ အေးသာယာလမ်း၊ အောက်ထော်။
TMR-005458 (0317) ဖုန်း - ၀၁-၄၀၁၁၀၀၊ ၀၁-၅၄၅၂၅၉၊ ၀၁-၈၆၀၄၃၆၆

**ASABA (JAPAN)**
"အရည်အသွေးမြင့်ပြီး တာရှည်အသုံးခံသော ဂျပန်နိုင်ငံမှထုတ်လုပ်သည့် အဆာဘာ အမှတ်တံဆိပ်လယ်ယာသုံး အထောက်အကူပြုပစ္စည်းများကို သင့်လယ်ယာလုပ်ငန်းခွင်တွင် ဂုဏ်ယူစွာဖြင့် သုံးစွဲကြပါစို့"



AK-2700W(4-Stroke) ဂျပန် မြက်ရိတ်စက်
EP-200W4 ဂျပန် ဆေးဖျန်းစက်
SP-15B ဂျပန် ဆေးဖျန်းပုံး
SA-25Z ဂျပန် မြေဩဇာကြဲစက်
SN-8 ဂျပန် ပဲကြဲစက်
AK-2600W(2-Stroke) ဂျပန် မြက်ရိတ်စက်
Distributed by
VSK INTERNATIONAL CO.,LTD.
No.(47/49),Phone Gyi Street, Lanmadaw Township,Yangon
No.(A-8G) Between 31 st x 32 st , 77 Street , Mandalay
YGN Ph- 01-2303013, 01-2303014, 01-225648,Ext-2 / MDY Ph- 02-21279, 02-30791-5

**ကရုဏာစင်တာ** ပညာ၊ ကျန်းမာ၊ ထောက်ပံ့စောင့်ရှောက်မှု ပညာဒါန၊ ဓိဝိတဒါန အလှူငွေပါဝင်လှူဒါန်းနိုင်

